၁။ "ပဿဒ္ဓေါ ကာယော အသာရဒ္ဓေါ၊ သမာဟိတံ စိတ္တံ ဧကဂ္ဂံ" [၂] ၌ အသာရဒ္ဓေါ-ကို သန္ဓိရုပ်ကျဉ်းတွက်၍ စိတ္တံ-၏သမ္ဗန်ကို ထုတ်ပြပြီးလျှင် ဧကဂ္ဂံ-ကို သမာသဝိဂ္ဂဟ ပြုခဲ့ပါ။

၂။ "ဝိမုတ္တသ္မိံ 'ဝိမုတ္တမိ္'တိ ဉာဏံ ဟောတိ" [၃] ၌ လက္ခဏာ+လက္ချ+ကတ္တားနှင့် သို့ဝိဘတ်သက်သောသုတ်ကို ထုတ်ပြ၍ "အဇ္ဈတ္တံ တဏှံ" [၄] ၌ အဇ္ဈတ္တံ-ကို အာချာတ် ရုပ်ကျဉ်းတွက်ခဲ့ပါ။

၃။ "ပဿဒ္ဓေါ ကာယော" ၌ ကာယ-အရ တရားကိုယ်ကောက်၍ ယင်းတရားကို ဒွါရ အာရုံတို့ဖြင့် ကုန်စင်အောင် ဝေဖန်ခဲ့ပါ။

၄။ "အသာရဒ္ဓေါ" ၌ သာရဒ္ဓ+အသာရဒ္ဓ တရားများကို ခွဲခြားကောက်ပြ၍ ဖြစ်ထိုက် သော ပုဂ္ဂိုလ်၊ ဘုံ၊ ရုပ်တို့ဖြင့် အသီးသီး တွဲစပ်ပြပါ။

၅။ "တေရဟိ မနုဿာ အဓမ္မရာဂရတ္တာ ဝိသမလောဘာဘိဘူတာ" [၅] ပါဠိလာ အဓမ္မ ရာဂ၊ ဝိသမလောဘ ဖြစ်ပုံကို ထင်ရှားအောင် ပြ၍ [၆] လောက၌ ဓမ္မရာဂ၊ သမလောဘ ရှိ/မရှိ စိစစ်ခဲ့ပါ။ [၇]

၆။ သဒ္ဒါစံပြ ရဟန်း၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ တို့၏ အမည်များကို အသီးသီး ထုတ်ပြ၍ [၈] ရာဟုလာအား အဘယ်အကျိုးငှာ ဓာတ်ကြီးလေးပါးကို "နေတံ မမ" [၉] စသည်ဖြင့် ဟောပါသနည်း။

---

၁၊ ဝိ၊ ၄၊ ၃၉၆။ ၂၊ အံ၊ ၁၊ ၁၄၆။ ၃၊ အံ၊ ၁၊ ၁၉၅။ ၄၊ အံ၊ ၂၊ ၁၅။ ၅၊ အံ၊ ၁၊ ၁၆၀။
၆၊ အံ၊ ဋ္ဌ၊ ၂၊ ၁၄၂။ ၇၊ အံ၊ ဋ္ဌ၊ ၂၊ ၁၄၂ (အစိပ္ပေတော ဝါကျများ ရှုပါ)။
၈၊ အံ၊ ၁၊ ၂၅။ ၆၊ ၇၊ ၈။ ၉၊ အံ၊ ၁၊ ၄၈၃။ (အံ၊ ဋီ၊ ၂၊ ၃၅၂ ရှု၍ဖြေပါ)။

http://www.dhammadownload.com



၇။ ရဟာန်း သာမဏေတို့ လူမထွက်နိုင်ရန် ပြည့်စုံရမည့် အင်္ဂါ ၅-ပါးကို စဝနသုတ်လာသည့်အတိုင်း ထုတ်ပြ၍[၁] မိဘတို့က သားသမီးအပေါ်၌ မျှော်လင့် တောင့်တချက်ငါးမျိုးကို ပစ္စုပ္ပန်+တမလွန် ခွဲခြား၍ ထုတ်ပြခဲ့ပါ။[၂]

၈။ အသေကောင်းရန် ပြည့်စုံရမည့် အင်္ဂါ (၆)ပါးကို ရေး၍[၃] ကောင်းသော သေခြင်း၊ မကောင်းသော သေခြင်း ဖြစ်ပုံကို ဘဒ္ဒကသုတ်လာတိုင်း ရှင်းလင်းခဲ့ပါ။ [၄]

၉။ ပါရဂူ သရုပ်ကို ဖော်ထုတ်၍[၅] အောက်ပါ ဂါထာကို မြန်မာပြန်ဆိုပါ -

ပါရဂူ သဗ္ဗဓမ္မာနံ၊ အနုပါဒါယ နိဗ္ဗုတော။

တသ္မိဥ္စ ဝိရဇေ ခေတ္တေ၊ ဝိပုလာ ဟောတိ ဒက္ခိဏာ။ [၆]

၁၀။ "ပုဏ္ဏား၊ နေ့ညဉ့်ရှည်စွာ သရဏဂုဏ်ခြင်းကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် တစ်ရံတစ်ခါ ဉာဏ်၌ မထင်ကုန်။ သရဇ္ဈာယ်ခြင်းကို မပြုပါကုန်မူ အဘယ်ဆိုဖွယ်ရာရှိအံ့နည်း" [၇] ၎င်းကို ပါဠိပြန်ဆိုပါ။

* * * * *

## ၁၃၃၀–ခုနှစ်၊ မဓ္ဈပဒအဋ္ဌကထာ

ယာဝဒေဝ အနတ္ထာယ၊ ဉတ္တံ ဗာလဿ ဇာယတိ။

ဟန္တိ ဗာလဿ သုက္ကံသံ၊ မုဒ္ဓမဿ ဝိပါတယံ။ [၈]

၁။ ဝိပါတယံ-ကို သဒ္ဒဝိဘတ်ဖြင့် ရုပ်စုံစဉ်လျက် အပရမှ ပဓာနကြိယာကို အဋ္ဌတနီ ပရဿပုဒ် ဥတ္တမပုရိသ်ဖြင့် ပေးပါ။

၂။ "သုက္ကံသံ" ကို ဝိဂြိုဟ်ဆို အမည်ပေးပြီးလျှင် "ဉတ္တံ"ကို မည်သည့်သမာသ်၊ သို့မဟုတ် တဒ္ဓိတ်ဖြစ်သည်ဟု ညွှန်ပြပါ။

၃။ "အနတ္ထာယ" ၌ အနတ္ထတရားကို ယှဉ်ဘက်စေတသိက်နှင့်တကွ ဖော်ပြပြီးနောက် ၎င်းတရားကို ဝတ္ထု၊ ဒွါရတို့ဖြင့် ဝေဖန်ပါ။

---

၁၊ အံ၊ ၂၊ ၆။ ၂၊ အံ၊ အံ၊ ၂၊ ၃၇။ ၃၊ အံ၊ ၂၊ ၂၆၀။ ၄၊ အံ၊ ၂၊ ၂၅၉၊ ၂၆၀။
၅၊ အံ၊ ၄၊ ၃၊ ၁၁၁။ ၆၊ အံ၊ ၂၊ ၁၈၈။ ၇၊ အံ၊ ၂၊ ၂၀၂။ ၈၊ ဓမ္မပဒ၊ ၄၊ ၁၊ ၃၂၆။

http://www.dhammadownload.com



၄။ "မုဒ္ဒမသဿ" ၌ နှစ်ပုဒ်လုံး အရကောက်လျက် ရှေ့ပုဒ်အရ တရားကို လက်ဝယ်ပိုင်ဆိုင် ရရှိပြီးသူသည် အဘယ်ဘုံ၌ စိတ်အဘယ်မျှ ဖြစ်ခွင့်ရှိပါသနည်း။

၅။ "ငါ့ဒါယကာ၊ ငါ့ကျောင်း" မကောင်းသောအကြံကြောင့် အကျိုးမဲ့ပုံကို[၁] အကျဉ်းမျှဖေါ် ပြပြီးနောက် ယင်းမကောင်းသောအကြံများ ဖြစ်ပွားလာတတ်ပုံကို စာတွေ့လက်တွေ့ အကွက်စေ့ သီကုံးပါ။ [၂] (တစ်မျက်နှာထက် မပိုရ)

၆။ "စကားတစ်လုံး အမြတ်ဆုံး" [၃] ဖြစ်အောင် ပြောနည်းအပြင် တော၌ ပျော်မွေ့တောခလေ့ ကြိုက်သူ မကြိုက်သူ လူတန်းစား နှစ်ရပ်တို့၏ ဆန့်ကျင်မှုသဘောကို[၄] ဖေါ်လွင်အောင် ရေးပြပါ။

၇။ လူသားတို့အတွက် အကြီးမားဆုံးဘေးနှင့် ထိုဘေးမှ မကြောက်တရားတို့ကို ထင်ရှားစေလျက် [၅] ဆွမ်းစားစဉ် သူတောင်းစားကို ထမင်းပေးလိုသော် အဘယ်ထမင်းကို အဘယ်သို့ ပေးရမည်ကို ဖေါ်ပြပါ။ [၆]

၈။ "ပဌာစာရ ရှူ/မရှူ လုံလောက်အောင် အထောက်ပြပြီးနောက် [၇] "သောကကင်းဝေးနေထိုင်ရေး" [၈] တရားကို ထိထိမိမိ စိစိတို့ကို ဖေါ်ပြပါ။

၉။ အောက်ပါ ဂါထာကို ဥပမာ ဥပမေယျ ပေါ်လွင်အောင် အနက်ရေးပါ -

ယထာ ဒဏ္ဍေန ဂေါပါလော၊ ဂါဝေါ ပါဇေတိ ဂေါစရံ။
ဧဝံ ဇရာ စ မစ္စု စ၊ အာယုံ ပါဇေန္တိ ပါဏိနံ။ [၉]

၁၀။ "ရပ်တော်မူပါဦး ဘုရား"ဟု ဆို၍ ပေါက်ပေါက်တို့ကို ယူ၍ အဟုန်ဖြင့် သွား၍ မထေရ်၏သပိတ်၌ လောင်း၍ ထိခြင်းငါးပါးဖြင့် ရှိခိုး၍ 'အရှင်ဘုရားတို့ သိမြင်သောတရားကို ဝေစုရလိုပါသည်ဘုရား'ဟု ဆုတောင်း၏။" [၁၀] ဤစကားပြေကို ပါဠိပြန်ဆိုပါ။

* * * * *

၁၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၃၂၈။ ၂၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၃၂၇-၈-၉။ ၃၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၄၀၈။
၄၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၄၀၄။ ၅၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၄၃၁။ ၆၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၄၂၈။
၇၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၄၄၀။ ၈၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၄၄၁။ ၉၊ ဓမ္မပဒ၊ ဌ၊ ၂၊ ၃၈။
၁၀၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၅။

http://www.dhammadownload.com



## ၁၃၃၁–ခုနှစ်၊ စူဠဝါ ပရိဝါ ပါဠိတော်

၁။ "လဟုကာ အာပတ္တိ" [၁] ၌ လဟုကာ-ကို သန္ဓိရုပ်ပြီးပုံပြ၍၊ "ယာဝတိကာ ဘိက္ခူ ကမ္မပ္ပတ္တာ" [၂] ၌ ယာဝတိကာ-ကို တဒ္ဓိတ်ဝိဂ္ဂဟပြခဲ့ပါ။

၂။ "သတိဝိနယဿ ဂ…ဿ ကိရိယာ" [၃] ၌ ကမ္မဿ-ကို မည်သည့်အနက်၌ မည်သည့် ဝိဘတ်သက်ထားသည်ကို ပြဆို၍ "ဇေဝံ ဥတ္တရာသင်္ဂ" [၄] ကို သမာသဝစနတ္ထ ပြုခဲ့ပါ။

၃။ "ဘိက္ခူ သရဘာဒေ့ ကုက္ကုစ္စာယန္တိ" [၅] ဝါကျ၌ ကုက္ကုစ္စာယန္တိ-၏ အနက်တ္ထကို ဖော်ပြ၍ "အစိဝါသေတု မေ ဘန္တေ ဘဂဝါ သွာတနာယ ဘတ္တံ သဒ္ဓိံ ဘိက္ခုသံဃေန" [၆] ၌ မေ-ပုဒ် အရ ဖြစ်သင့်သော ပရမတ္ထနာမ်တရားများကို တိကျအောင် ကောက်ခဲ့ပါ။

၄။ (၃) နံပါတ်လာ "အစိဝါသေတု" စသော ဝါကျစကားအရ ဖြစ်သင့်သော ဝီထိကို ချပြ၍ ၎င်းဝီထိ၌ ရှေ့+နောက် ဖြစ်နိုင်သော ဘဝင်စိတ်တို့ကိုလည်း ရေးခဲ့ပါ။

၅။ ဘုရားပယ်မြစ်အပ်သော ပတ္တဘေဒ [၇] နှင့် ခွင့်ပြုအပ်သော ပတ္တဘေဒ [၈] တို့ကို ဖော်ပြ၍ အကပ္ပိယပတ္တတို့၌ သံဃိက၊ ဂိဟိသန္တကဖြစ်က ရဟန်းများ သုံးဆောင်ခွင့်ရသော ပတ္တတို့ကိုလည်း ရေးခဲ့ပါ။ [၉]

၆။ "ဝိနယပုရေက္ခာရတာ" [၁၀] ၏ အစိပ္ပါယ်ကို [၁၁] ရေး၍ "အတ္တာဒါန" ခေါ် အစိကရုဏ်း ယူလိုသော ရဟန်း၏ အင်္ဂါရပ်များကိုလည်း လိုရင်းမျှ ဖော်ပြခဲ့ပါ။ [၁၂]

၇။ "အနာဒရိယံ ပဋိစ္စ ဘုဥ္ဇမာနေန သဗ္ဗံ ဟတ္ထံ" [၁၃] ၌ သဗ္ဗဟတ္ထ [၁၄] အရကို ဖော်ပြ၍ "ပုဒ္ဓေ အဂါရဝေါ" [၁၅] ၌ ပုဒ္ဓအဂါရဝဖြစ်ပုံကို ညွှန်ပြခဲ့ပါ။ [၁၆]

၈။ ပုဗ္ဗကရဏသည် ပယောဂအား အဘယ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုနိုင်သည်ကို အကြောင်းနှင့်တကွ ဖော်ပြ၍ ပစ္စုဒ္ဓါရ က ပုဗ္ဗကရဏအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကိုလည်း ရေးခဲ့ပါ။ [၁၇]

---

၁၊ ဝိ၊ ၅၊ ၂၁၁။ ၂၊ ဝိ၊ ၄၊ ၂၂၀။ ၃၊ ဝိ၊ ၄၊ ၂၃၀။ ၄၊ ဝိ၊ ၄၊ ၁၂။ ၅၊ ဝိ၊ ၄၊ ၂၄၃။
၆၊ ဝိ၊ ၄၊ ၂၉၁။ ၇၊ ဝိ၊ ၄၊ ၂၄၈၊ ၂၅၁။ ၈၊ ဝိ၊ ၄၊ ၂၄၈။ ၉၊ ဝိ၊ ဋ၊ ၄၊ ၄၇။
၁၀၊ ဝိ၊ ၄၊ ၄၃၉။ ၁၁၊ ဝိ၊ ဋ၊ ၄၊ ၁၂၆။ ၁၂၊ ဝိ၊ ၄၊ ၄၃၄။ ၁၃၊ ဝိ၊ ၅၊ ၄၉။
၁၄၊ ဝိမတိ၊ ၂၊ ၆၄။ ၁၅၊ ဝိ၊ ၅၊ ၁၆၅။ ၁၆၊ ဝိ၊ ဋ၊ ၄၊ ၁၅၂။ ၁၇၊ ဝိ၊ ၅၊ ၃၀၄။

http://www.dhammadownload.com


၉။ "ဝိလီဝေန ပဋ္ဋေန ဖာသုကာ နာမေန္တိ၊ စမ္မပဋ္ဋေန ဒုဿပဋ္ဋေန ဒုဿဝေဏိယာ ဒုဿဝဋ္ဋိယာ စောဠပဋ္ဋေန စောဠဝေဏိယာ စောဠဝဋ္ဋိယာ သုတ္တဝေဏိယာ သုတ္တဝဋ္ဋိယာ"[၁] တို့ကို မြန်မာပြန်ခဲ့ပါ။

၁၀။ အလိုစုံမက်၊ အမျက်၊ မောဟ၊ မာန* များသော စကားကို ဆိုတတ်သည်လည်း ကောင်း၊ မင်း မင်းအမတ်ကြီးစသော ထင်ပေါ်ကျော်စော်သော သူတစ်ပါးကို* မှီ၍ ဆိုတတ်သည်လည်းကောင်း ဖြစ်၏။ ကထာနုသန္ဓေစကား၊ ဝိနိစ္ဆယာနုသန္ဓေစကား၌* လိမ္မာသည်လည်း မဖြစ်"[၂] ဟူသော မြန်မာစကားရပ်တို့ကို ပါဠိစုဏ္ဏိယ ရေးခဲ့ပါ။

* * * * *

## ၁၃၃၁–ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "သဒ္ဓေါ ဟောတိ၊ ဟိရိမာ ဟောတိ၊ ဩတ္တပ္ပီ ဟောတိ၊ အာရဒ္ဓဝီရိယော ဟောတိ"[၃] ပါဠိ၌ သဒ္ဓေါ-ကို တဒ္ဓိတ်ဝိဂြိုဟ်ဆို၍ အဘိဓေယျကောက်ပြပြီးလျှင် ဟိရိမာ-ကိုလည်း ပုဒ်၊ ပစ္စည်း၊ လိင်၊ ဂိုဏ်း၊ ကာရန် ညွှန်ပြခဲ့ပါ။

၂။ အာရဒ္ဓဝီရိယော-ဝယ် အာရဒ္ဓ-၌ ဓာတ်၊ ပစ္စည်း၊ သာဓနေ၊ အဘိဓေယျ တို့ကို ဖော်ပြ၍ အာရဒ္ဓနှင့်ဝီရိယကိုလည်း သမာသ်တွဲစပ်ခဲ့ပါ။

၃။ "အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု"[၄]၌ သိက္ခတိ-ဝယ် သိက္ခ-ဓာတ်အရ တရားကို ကောက်ပြီးလျှင် ယင်းတရားကို ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံတို့ဖြင့် ကုန်စင်အောင် ဝေဖန်ခဲ့ပါ။

၄။ စတုန္နံ ဈာနာနံ အာဘိစေတသိကာနံ ဒိဋ္ဌဓမ္မသုခဝိဟာရာနံ နိကာမလာဘီ ဟောတိ အကိစ္ဆလာဘီ အကသိရလာဘီ"[၅] ၌ စတုတ္ထဈာန အာဒိကမ္မိကဝိထိဝယ် ဖြစ်သင့်သော ဇောစိတ်တို့နှင့် ၎င်းတို့၏အာရုံတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၅။ ကျင့်ဆဲသော သေက္ခပုဂ္ဂိုလ်အား ရဲရင့်မှုကို ပြုတတ်သော တရားငါးပါးတို့ကို ဖော်ပြပြီးလျှင် အဘယ့်ကြောင့် သေက္ခပုဂ္ဂိုလ်တို့အား ရဲရင့်မှုကို ပြုတတ်ပါသနည်း။[၆]

---

၁၊ ဝိ၊ ၄၊ ၅၅၇။ ၂၊ ဝိ၊ ၃၊ ၃၁၈-၉။ * ဝိ၊ ၃၊ ၄၊ ၂၁၆ မှ သံဝဏ္ဏနာ (အဖွင့်) စုကို မြန်မာ့ထုံးစံအတိုင်း ဖြည့်စွက်သုံးနှုန်းခြင်းများသာထည့်၍ ပါဠိစီဖို့ မလိုပါ။ စီလျှင်လည်း အပြစ်မရှိပါ။

၃၊ အံ၊ ၁၊ ၅၆၀။ ၄၊ အံ၊ ၁၊ ၃၄၈။ ၅၊ အံ၊ ၂၊ ၁၁၅။ ၆၊ အံ၊ ၂၊ ၁၁၂။

http://www.dhammadownload.com



၆။ "ဓမ္မမစ္ဆရိ" [၁] ၌ ဓမ္မအရ အဘယ်တရားကို[၂] အဘယ့်ကြောင့်[၃] ယူသင့်သနည်း? "သဒ္ဓါဒေယျံ ဝိနိပါတေတိ"[၄] ဝယ် သဒ္ဓါ၍ လှူအပ်သော ပစ္စည်းဖျက်ဆီးပုံကိုလည်း ထင်ရှားအောင် ဖြေဆိုခဲ့ပါ။ [၅]

၇။ ဟိမဝန္တာတောင်မင်းကို ဖေါက်ခွဲနိုင်လောက်အောင် ရဟန်းအား မည်သည့်တရား ခြောက်ပါးနှင့် ပြည့်စုံသင့်သနည်း?[၆] အဘယ့်ကြောင့် သစ်တုံးကြီးကို "မြေ"ဟူ၍ နှလုံး သွင်းအပ်သည်ကိုလည်း ဒါရုက္ခန္ဓသုတ်လာအတိုင်း ဖြေပါ။[၇]

၈။ အရိယာတို့၏ အဆုံးအမ၌ အဘယ်ပုဂ္ဂိုလ်မျိုးကို "လူမွဲ"ဟု ဆိုအပ်သနည်း?[၈] နိဗ္ဗာန်ရရန်အတွက် အန္တရာယ်အပြုနိုင်ဆုံးသော အနှောင်အဖွဲ့များကိုလည်း[၉] ဖြေဆိုခဲ့ပါ။

၉။ အောက်ပါ ဂါထာကို မြန်မာသက်သက် ပြန်ဆိုခဲ့ပါ -

ဇေတံ ခေါ ပရမံ ဉာဏံ၊ ဇေတံ သုခမနုတ္တရံ။
အသောကံ ဝိရဇံ ခေမံ၊ ဇေတံ အာနဏျမုတ္တမံ။[၁၀]

၁၀။ "ရဟန်းတို့၊ ဤသို့လျှင် အမျိုးကောင်းသားတို့သည် အရဟတ္တဖိုလ်ကိုလည်း ပြောကြားကုန်၏။ (အရဟတ္တဖိုလ်ဟူသော) အကျိုးကိုလည်း ဆိုအပ်၏။ မိမိကိုယ်ကိုမူကား (အရဟတ္တဖိုလ်သို့) မဆောင်အပ်လေ။ ထိုသို့ ဖြစ်လျက် လောက၌ အချို့ကုန်သော (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်ကုန်သော ယောကျ်ားတို့သည် ပြက်ရယ်ပြုကုန်သကဲ့သို့ အရဟတ္တဖိုလ်ကို ပြောကြားကုန်၏" [၁၁] ၎င်းကို ပါဠိဘာသာပြန်ဆိုခဲ့ပါ။

* * * * *

## ၁၃၃၁–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ ဇေတွာန မစ္စုနော သေနံ၊ အနာဂန္တွာ ပုနဗ္ဘဝံ။
သမူလံ တဏှမဗ္ဗုယှ၊ ဂေါဓိကော ပရိနိဗ္ဗုတော။[၁၂]

---

၁၊ အံ၊ ၂၊ ၁၂၂။ ၂၊ အံ၊ ဋ၊ ၃၊ ၄၅။ ၃၊ အံ၊ ဋီ၊ ၃၊ ၄၂။ ၄၊ အံ၊ ၂၊ ၁၂၃။
၅၊ အံ၊ ဋ၊ ၃၊ ၄၆။ ၆၊ အံ၊ ၂၊ ၂၇၅။ ၇၊ အံ၊ ၂၊ ၂၉၆။ ၈၊ အံ၊ ၂၊ ၃၀၉။
၉၊ အံ၊ ၂၊ ၃၁၀။ ၁၀၊ အံ၊ ၂၊ ၃၁၁။ ၁၁၊ အံ၊ ၂၊ ၃၁၅-၆။ ၁၂၊ ဓမ္မပဒ၊ ဋ၊ ၁၊ ၂၇၄။

http://www.dhammadownload.com



၁။ သေနံ-ကို ပဋမာ၊ သတ္တမိတို့ဖြင့် နာမပဒမာလာ စဉ်၍ အဗ္ဗုယ္ပ-ကို ပဓာနသို့ လိုက်အောင် ကာလ၊ ယောဂ၊ ဝုစ် မှန်စွာဖြင့် အာချာတ်ကြိယာ ပြင်ဆင် စီရင်ခဲ့ပါ။

၂။ သမ္ဗလံ-ကို ရသင့်သလို ဝိဂ္ဂဟဆို၍ အမည်နှင့်တကွ၊ သေနံ-၌ ဓာတ်ကိုသာ ယူ၍ ဌာနအားလျော်စွာ ကမ္မ၊ ဘာဝ၊ ကတ္တု ရုပ်တို့တွင် ဖြစ်သင့်သောရုပ်ကို ဝတ္တမာန်ဝိဘတ် ပရဿပုဒ်ဖြင့် ရုပ်စဉ် ပြုလုပ်ပြပါ။

၃။ ဇေတွာ-၌ အဘယ်သူ အဘယ်ဝါဒ အဘယ်လမ်းစဉ်မျှ တော်လှန်ခြင်းငှာ မစွမ်းနိုင်အောင် ပိုင်နိုင်စွာအောင်နိုင်သော အောင်နိုင်ရေးတရားကို ထုတ်ဖော်ပြပြီးလျှင် ထိုတရား၏ ရှေ့တန်း+နောက်တန်း+သာမညသဘောတရားနှင့် ဦးတည်ရည်မှန်းချက် တရားတို့ကိုလည်း ပိုင်းခြားပြပါ။

၄။ သေနံ-အရ၌ ထင်ရှားသော သဘောတရားများကို အစဉ်ကျကျ ထုတ်ပြ၍ သေနံ ကြောင့်ဖြစ်ရသော ဘဝမျိုးကိုလည်းကောင်း၊ ထိုဘဝမျိုးမှ လွတ်မြောက်ရန် အဘယ် မည်သော အောင်နိုင်ရေးတရားကို ရအောင် အားထုတ်ရမည်ကိုလည်းကောင်း ဖော်ပြပါ။

၅။ စိတ်ဓာတ်မခိုင် ယိမ်းယိုင်လှုပ်ရှား ကောက်ကျစ်သူများ စိတ်ဓာတ်ဖြောင့်မတ် သွားအောင် လေ့ကျင့်နည်းကို "ဥသုကာရောဝ" စသည်နှင့် ညီစွာ ပြည့်ပြည့်စုံစုံ စာတမ်း တစ်ခု ရေးခဲ့ပါ။[၁]

၆။ မြို့တွင်း ရွာတွင်း ကြွသောအခါ ရဟန်း သာမဏေများ ကျင့်သုံးရမည့် အချက် များကို "ဓဝံ ဂါမေ" စသည်ကို မှီး၍ ပြည့်စုံစွာ ဥပမာနှင့်တကွ ဖော်ပြပါ။[၂]

၇။ သေခြင်းကင်းရာ အရပ်ကို ဓမ္မပဒနှင့်ညီစွာ ဖော်ပြ၍[၃] ရှေးက တစ်ခါမျှ မသေဘူး သောအရပ်နှင့် ထိုအရပ်၌ သေသူ၏ အမည်ကို ညွှန်ပြပါ။[၄]

၈။ "ယေသံ သန္နိစယော နတ္ထိ"[၅]၌ သန္နိစယသဘော, သန္နိစယ သရုပ်ကို ရှင်းလင်း၍ "ဂတိ တေသံ ဒုရန္နယာ"[၅]၌ ဂတိကောဋ္ဌာသတို့ကိုလည်းကောင်း၊ ဂတိကင်းရာ အရပ် ကိုလည်းကောင်း ပြည့်စုံစွာ သရုပ်ထုတ်ပြပါ။

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၈၂။ (ဥသုကာရောဝ တေဇနံ-အဖွင့် ရှု၍ ရေးပါ)။

၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၃၆၊ (ဓဝံ ဂါမေ မုနီ စရေ-အဖွင့်ကို ရှု၍ ရေးပါ။

၃၊ နိဗ္ဗာန်၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၁၄၊ ၄၄၅။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၄၂။ ၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၈၆။

http://www.dhammadownload.com



၉။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာ ပြန်ဆိုပါ -

"ထက်အောက်ဖီလာ ရပ် ၄-မျက်နှာ၊ ထောင့်တို့၌ပါ ငါ အထပ်ထပ် ရှာသည်၊ မတွေ့ပါ မရပါ၊ ထိုဂေါဓိက အဘယ်သို့ ရောက်သွားလေသနည်း?"

၁၀။ အောက်ပါ ပါဠိဘာသာကို မြန်မာဘာသာ ပြန်ဆိုပါ -

"ကိံ ပန တွံ သက္ကဒေဝရာဇတောပိ ဥတ္တရိတရော'တိ"

"အာမ ဇမ္ဗုက, သက္ကတောပိ ဥတ္တရိတရောမှိ၊ သော ပန မယှံ ဂိလာနုပဋ္ဌာကော ကပ္ပိယကာရကသာမဏေရသဒိသော'တိ" ၂

* * * * *

၁၃၃၂-ခုနှစ်၊ စူဠဝါ ဇရိဝါ ပါဠိတော်

၁။ "အပ္ပေဝ နာမ" [၁] ကို ပုဒ်ဖြတ်ပြီးနောက် "တွဉ္စေဝ" [၂] ကို သဒ္ဒိရုပ် တွက်၍ "နာဂရော" [၃] ပုဒ်ကို တဒ္ဓိတ်ဝိဂြိုဟ် ဆိုပါ။

၂။ "တွဉ္စေဝ ယရာဝါသဋ္ဌေန ဥပဇာနာတိ" [၄] တွင် ယရာဝါသဋ္ဌေန-၌ ဝိဘတ်နက် ဖေါ်ပြ၍ အမှတ် (၉)ပုစ္ဆာပါ သမာသ်ပုဒ်များကို ဝိဂြိုဟ်မှန်မှန် ဆိုပါ။

၃။ အမှတ် (၉)ပုစ္ဆာပါ ဇိမ့်-အရ ပရမတ္ထတရားကိုယ်ကို ကုန်စင်အောင် ကောက်၍ ၎င်းစိတ်ကို ဒွါရအားလျော်စွာ ဝီထိချ၍ အဆုံးစိတ်ကို ကုန်စင်အောင် ရေးပါ။

၄။ "ဆန္ဒမတိဝဿတိ" [*] ၏ အဓိပ္ပါယ်ပေါ်လွင်အောင် အာရုံနှင့်တကွ ဖေါ်ကောက်၍ "ဘူမိဂတော အာပဋ္ဌတိ" [၆] အရ သရုပ်တရားကိုယ်ကို ပေါ်လွင်ထင်ရှားအောင် ထုတ်ပါ။

၅။ သာသနာတော်တွင် ပဌမဆုံး ကျောင်းဒကာ [၇] နှင့် ယင်းကို အကောင်းဆုံးလှူနည်း၊ တာဝန်ရှိရှိ အသုံးပြုနည်းများကို စုံလင်စွာ ဖေါ်ပြ၍ [၈] ဆရာ့တာဝန် ဒကာ့တာဝန် အသီးသီး ကိုလည်း ညွှန်ကြားပါ။ [၈]

---

၁၊ ဓမ္မပဒ၊ ၄၊ ၁၊ ၂၇၄။ ၂၊ ဓမ္မပဒ၊ ၄၊ ၁၊ ၃၁၈။ ၃၊ ဝိ၊ ၄၊ ၂၀၅။ ၄၊ ဝိ၊ ၄၊ ၃၃၇။
၅၊ ရှူ၊ ဋီ၊ ၁၇၂။ ၆၊ ဝိ၊ ၅၊ ၂၁၂။ * ဝိ၊ ၄၊ ၄၂၄။ ၇၊ ဝိ၊ ၄၊ ၂၉၁။ ၈၊ ဝိ၊ ၄၊ ၂၉၂။

http://www.dhammadownload.com



၆။　သပိတ်ကိုလွယ်ကာ၁ ဘိနပ်စီး၂ ထီးဆောင်းလျက်၃ ဆွမ်းခံသော ရဟန်း၏ (သင့်၊ မသင့်)သော အမူအရာကို အချက်ကျကျ အပြစ်ပြ ဝေဖန်ပြီးနောက် ဧတာရဆောက်တည်သော ရဟန်းတို့ တတ်ရမည့် အတတ်ကို၁ ထုတ်ပြပါ။

---

၁၊ ဝိ၊ ၄၊ ၃၈၆။ ၂ ဝိ၊ ၃၊ ၂၈၃ (သင့်/မသင့်)။ ၃၊ ဝိ၊ ၄၊ ၂၆၉ (သင့်/မသင့်)။ [ (၉၊ ၁၀) တို့၌ သီးသန့်တားမြစ်ချက် မရှိ။ ရွာတွင်းဝင်မှုနှင့်စပ်နေ၍ မသင့်ခြင်းသာ။ ကျောင်းတွင်းဝယ် ဒကာ ဒကာမတို့ ဆွမ်းလောင်းကြရာ၌လည်း ဝိ၊ ၅၊ ၄၊ ၁၁၉-ကို နည်းမှီ၍ ဖိနပ်မစီး, ထီးမဆောင်းကြ။] ၄၊ သင့် (ဝိ၊ ဖြတ်၊ ၁၀၄-၇)။

### ဝိ၊ ဖြတ် ကောက်နုတ်ချက်

**မှတ်ချက်။**　။ (၁) အာရညိကဝတ်၌ "ပတ္တံ ဂဟေတွာ - သပိတ်ကို (အိတ်မှထုတ်) ကိုင်၍ (ဝိ၊ ၄၊ ၃၈၆)" ဟု ရှိ၍ သပိတ်ကို လွယ်ကာ ဆွမ်းခံခြင်း မသင့်။ (၂) "မုတ္တာဇာလသဒိသံ သိက္ကံ ဓာရေတွာ (မုတ္တာဇလသဒိသာယ သိက္ကာယ ပဝိဋ္ဌဝတ္တံ ကုဏ္ဍိကံ ဩဒဟိတွာ၊ အပ၊ ၌၊ ၁၊ ၁၂။ ဇာ၊ ၌၊ ၁၊ ၁၁။ အဘိ၊ ၌၊ ၁၊ ၄၁?) " အရ ယခုခေတ် သပိတ်အိတ်တို့သည် ထိုသိက္ကာပုံစံဖြစ်၍ "န ဘိက္ခဝေ (ဒဏ္ဍ၊ သိက္ကာ) ဓာရေတဗ္ဗာ (ဝိ၊ ၄၊ ၂၇၀) " အရ မအပ်၍ သပိတ်ကို လွယ်ကာ ဆွမ်းခံခြင်း မသင့် . . . ဤအဆိုနှစ်ရပ် ပေါ်ပေါက်လာသောကြောင့် ၁၂၆၅-ခု (လွန်ခဲ့သည့် ၈၃)နှစ်က ဝိသုဒ္ဓါရုံဆရာတော်ကြီးကိုယ်တိုင် ဆုံးဖြတ်ခဲ့ရသည်။ ဤအဆုံးအဖြတ်မှ ကောက်နုတ်ဖော်ပြပါဦးမည်။

**သပိတ်အိပ်နှစ်မျိုး။**　။ (၁) သပိတ်မပွန်းရုံ ထည့်ထားရသော လွယ်အိတ်ကြီးတစ်မျိုးဖြစ်သော အာရညိကဝတ်လာ သပိတ်အိတ်။ (၂) ယခု သုံးနေကြသော သာသနာ ၂၃၈၁ (လွန်ခဲ့သော ၁၄၈) နှစ် ဝန်းကျင်၌ ထင်ရှားခဲ့သော သီးလုံးဆရာတော်ဘုရား၊ (ရွှေ ဝင်၊ ၉၄) ၏နည်း သပိတ်အိတ် (ဝိ၊ ဖြတ်၊ ၁၀၆-၇)။

**(၁) အဆို၌ အဆုံးအဖြတ်။**　။ (၁) အိတ်ဖြင့် သပိတ်ကို လွယ်ကာ ဆွမ်းခံ၍ မဖြစ်နိုင်သောကြောင့်သာ အိတ်မှ ထုတ်၍ ကိုင်ရသည်။ မသင့် (မအပ်)သောကြောင့်မဟုတ်။ ထို့ကြောင့် သပိတ်ကို လွယ်ကာ ဆွမ်းခံ၍ ဖြစ်နိုင်သော။ (၂) သပိတ်အိတ်ဖြင့် သပိတ်ကိုလွယ်ကာ ဆွမ်းခံခြင်းသည် (အညောင်းသက်သာ၊ သာမဏာသာရုပ္ပဖြစ်၊ ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးများပင် သုံးစွဲဖို့ အမိန့်ပြန်ရလောက်အောင် ကြည်ညိုဖွယ်ကို ဆောင်နိုင်သောကြောင့်) သင့်ပါသည်။

**(၂) အဆို၌ အဆုံးအဖြတ်။**　။ ဓာန်၊ ၅၂၅-အရ "သိက္ကာ (ဆိုင်း)" ဟူသည် ထမ်းပိုး၌ ဆွဲချိတ်ရသော ပစ္စည်းသာ။ ထဝိကာ (အိတ်) မဟုတ်။ သို့အတွက် ဝိ၊ ၄၊ ၂၇၀-နှင့် မဆိုင်။ ထို့ကြောင့် သပိတ်ကို လွယ်ကာ ဆွမ်းခံခြင်းသည် သင့်ပါသည်။

**မန္တလေးခေတ်။**　။ ထိုခေတ်က (၁) သင်္ဂဇာကျောင်းတိုက်၊ (၂) ရွှေကျင်ကျောင်းတိုက် သံဃာတော်များ သပိတ်လွယ်၍ ဆွမ်းခံကြပါသည်။ ဗန်းမော်ဆရာတော်က ထိုသို့ ဆွမ်းခံခြင်းသင့်ပုံ အဆုံးအဖြတ် ရေးပါသည်။

http://www.dhammadownload.com



၇။ ခုနစ်ကျော်ရစ်ပတ် မတက်အပ်ဘဲ အစဉ်အတိုင်း တက်ရမည့် ကျင့်စဉ်များကို တစ်ခုစီ စဉ်ပြ၍[၁] သာသနာမှာ ရတနာတွေ ရှိသလောက် ထုတ်ပြပါ။ [၂]

၈။ "မနောဒွါရေ အနာပတ္တိ" [၃] ဆိုသော စကားနှင့် "ကိုယ်နှုတ်ဖြင့် မလွန်ကျူးဘဲ အပြစ်ကြီးထိုက်ရမည်" [၄] ဆိုသော စကားကို နှိုင်းညှိဝေဖန်၍[၅] မုသာဝါဒ (၅)မျိုး သရုပ်ကို[၆] အပြစ်နှင့်တကွ[၇] ညွှန်ကြားပါ။

၉။ အောက်ပါနှစ်ပါဒကို အနက်ပေး၍ ယင်းအလုပ်မျိုး လုပ်သူအား ဘုရားအလို[၈] တော်ကျ ပါဠိအမည်ပေးပါ - [၉]

ဥပကဏ္ဏကံ ဇပ္ပတိ ဇိမှံ ပေက္ခတိ။
ဝိတိဟရတိ ကုမ္ဘဂ္ဂံ ပဋိသေဝတိ။ [၁၀]

၁၀။ အောက်ပါ လယ်သမား အလုပ်များကို ပါဠိစီကုံးပြပါ -

"လယ်လုပ်သားကို [၁၁] ဦးစွာ ထွန်ယက်စေရမည်။ ထို့နောက် မျိုးကြဲစေရမည်။ ရေသွင်းစေရမည်။ ရေထုတ်စေရမည်။ စိုက်စေရမည်။ . . နယ်စေရမည်။ လှေ့စေရမည်။" [၁၂]

* * * * *

## ၁၃၃၂-ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "အာကာသေ ပလ္လင်္ကေန ကမတိ" [၁၃] ၌ ပလ္လင်္က-ကို ပဒစ္ဆေဒပြု၍ ဓာတ်ပစ္စည်း ဝေဖန်ပြပြီးလျှင် သမာသ်ဝိဂ္ဂဟပြုပြခဲ့ပါ။

---

၁၊ ဝိ၊ ၄၊ ၄၂၁။ [သိက္ခာ (သီလ၊ သမာဓိ၊ ပညာ)။ ကိရိယာ (ခုတင် ၁၁)။ ပဋိပဒါ (အနုပဿနာ ၇၊ မဟာဝိပဿနာ ၁၈။ အံ၊ ဋီ၊ ၁၊ ၇၄-၅)။ (အာရမ္ဘဏဝိဘတ္တိ၊ ကမ္မဋ္ဌာန်း ၃၈။ ဒီ၊ ဋီ၊ ၁၊ ၁၇။ မိလိန္ဒ၊ ၃၁၆-၌ ၂၇)၊ (ဗောဓိပက္ခိယ ၃၇)။ သာရတ္ထ၊ ၃၊ ၄၃၀။ အံ၊ ဋ၊ ၃၊ ၂၂၀။ ဥဒါန၊ ဋ၊ ၂၇၅။]
၂၊ ပါ၊ ၄၊ ၄၂၃။ ၃-၄-၅၊ ဝိ၊ ၅၊ ၃၇၄။ ဝိ၊ ဋ၊ ၄၊ ၂၃၈။ ဝိ၊ ဋ၊ ၂၊ ၂၇၀။ ဝိ၊ သံ၊ ၆၅။
၆-၇၊ ဝိ၊ ၅၊ ၃၇၆။ ဝိ၊ ဋ၊ ၄၊ ၂၂၀။ * ပြစ်မှုနှင့်။ ၈၊ စတုတ္ထပါဒကို ရည်ညွှန်း။ ၉၊ အတ္တဗျာပကဓောဒက။
၁၀၊ ဝိ၊ ၅၊ ၂၈၄။ ၁၁၊ ကဿ ကံ/ ကဿ ကေန/ကဿ ကဿ (ကာရိတ်ကံ)။
၁၂၊ ဝိ၊ ၄၊ ၃၃၆။ ၁၃၊ အံ၊ ၂၊ ၂၄၈။

http://www.dhammadownload.com



၂။ "ကော် သမယံ ဘဂဝါ သဗ္ဗေသု ဝိဟရတိ" ^၁^၌ ကော် သမယံ-ဝယ် ဒုတိယာ ဝိဘတ်၏ အစ္စန္တသံယောဂတ္ထ၌ မသက်ရခြင်းကြောင်းတို့ကို ရေးခဲ့ပါ။
၃။ မဟာနာမသုတ်လာ "အရိယသာဝကော အတ္တနော သီလာနိ အနုဿရတိ"၌[၂] သီလအရတရားကို အာရုံပြုနိုင်သော အရိယာသာဝက၏ စိတ်များကို ဖော်ပြ၍ ယင်းအရိယာသာဝကအရ ရှုပပုဂ္ဂိုလ်ဖြစ်ခဲ့သော် ယင်းပုဂ္ဂိုလ်သန္တာန်၌ ပဋိသန္ဓေအခါ ရကောင်းသော ရုပ်စုကို ဖော်ပြခဲ့ပါ။
၄။ (၃) နံပါတ်လာ အရိယာသာဝကအရ ပဌမဈာန်ဘုံမှ အရိယာသာဝကပုဂ္ဂိုလ် ယူခဲ့သော် ယင်းပုဂ္ဂိုလ်သန္တာန်၌ ဖြစ်နိုင်သော ဝီထိစိတ်နှင့် ယင်းပုဂ္ဂိုလ်၏ စုတိနောင် နှောင်းနိုင်သော ပဋိသန္ဓေစိတ်များကို ရေးခဲ့ပါ။
၅။ ဣဋ္ဌ၊ ကန္တ၊ မနာပ ဖြစ်သော တရားငါးမျိုးကို ကိုယ်နှုတ်တို့ဖြင့် တောင်းတ၍ မရနိုင်"[၃] ဟု ဘုရားဟောရခြင်းအကြောင်းကို ရှင်းပြ၍ ၎င်းတရားငါးပါးရခြင်း၏အကြောင်း ကိုလည်း ပေါ်လွင်အောင် ရေးခဲ့ပါ။
၆။ ပဓာနိယင်္ဂတရား၌ပါဝင်သော သဒ္ဓါအရ[၄] သဒ္ဓါလေးမျိုးတွင် ယူသင့်သော သဒ္ဓါကို ဖော်ပြ၍[၅] "သမဝေပါကိနိယာ ဂဟဏိယာ သမန္နာဂတော နာတိသီတာယ နာစ္စုဏှာယ"[၆] ပါဌ်၌ နာတိသီတာယ နာစ္စုဏှာယ-ဟု[၇] ဟောရခြင်းအကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။
၇။ နိဗ္ဗာန်ကို တောင်းတခြင်း၏အကြောင်းငါးပါးကို ဖော်ပြ၍[၈] "စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ယထာဘူတံ နပ္ပဇာနာတိ"[၉] ၌ စေတောဝိမုတ္တိ-အရတို့ကို[၁၀] ရေးခဲ့ပါ။
၈။ သောတာပန်ပုဂ္ဂိုလ်၌ အမြဲတည်ရှိသော ကိုယ်ကျင့်တရားများကို ဖော်ပြ၍[၁၀] "ကာမေဟိ နေက္ခမ္မရတံ"[၁၁] ၌ နေက္ခမ္မ-အရ[၁၂] တရားများကို ရေးခဲ့ပါ။
၉။ "အပိနု တုမှေဟိ ဒိဋ္ဌံ ဝါ သုတံ ဝါ - 'ရာဇာ ခတ္တိယော မုဒ္ဓါဝသိတ္တော ယာဝဒတ္ထံ သေယျသုခံ ပဿသုခံ မိဒ္ဓသုခံ အနုယုတ္တော ဝိဟရန္တော ယာဝဇီဝံ ရဇ္ဇံ ကာရေန္တော ဇနပဒဿ ဝါ ပိယော မနာပေါ'တိ"[၁၃] ဝါကျကို ဆရာနည်းကျကျ အနက်ပေးပြခဲ့ပါ။

---

၁၊ အံ၊ ၂၊ ၂၅၁။ ၂၊ အံ၊ ၂၊ ၂၅၃။ ၃၊ အံ၊ ၂၊ ၄၁။ ၄၊ အံ၊ ၂၊ ၅၇။ ၅၊ အံ၊ ဋ္ဌ၊ ၃၊ ၂၇။
၆၊ အံ၊ ၂၊ ၅၈။ ၇၊ အံ၊ ၂၊ ၁၃၅-၇။ ၈၊ အံ၊ ၂၊ ၁၄၆။ ၉၊ အံ၊ ဋ္ဌ၊ ၃၊ ၅၁။
၁၀၊ အံ၊ ၂၊ ၂၅၂-၄။ ၁၁၊ အံ၊ ၂၊ ၃၀၄။ ၁၂၊ အံ၊ ဋ္ဌ၊ ၃၊ ၁၁၂။ ၁၃၊ အံ၊ ၂၊ ၂၆၅။

http://www.dhammadownload.com



၁၀။ "အရှင်ဘုရား အာနန္ဒာ၊ အဘယ်မည်သူ အဘယ်မည်သော အကြောင်းကြောင့် ဘုရားရှင်ဟောကြားတော်မူအပ်သော ဤတရားမျိုးကို သိအပ်ပါသနည်း။ (မေထုန်မှ ရှောင်ကြဉ်သော အကျင့်မြတ်ရှိသူ၊ မေထုန်မှ ရှောင်ကြဉ်သော အကျင့်မြတ်မရှိသူ) ဤနှစ်ဦးသားတို့သည် တမလွန်ဘဝဝယ် ညီတူညီမျှ လားရာဂတိ ရှိကြကုန်လတ္တံ့။" ဟူသော မြန်မာစကားရပ်များကို ပါဠိစုဏ္ဏိယ သီကုံးခဲ့ပါ။ [၁]

* * * * *

## ၁၃၃၂-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

အဘိဝါဒနသီလဿ၊ နိစ္စံ ဝဍ္ဎာပစာယိနော။

စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။ [၂]

၁။ ဖော်ပြပါ ဂါထာလာ "စတ္တာရော"ဟူသောပဒမှ ပုဒ်ရင်းကို ယူ၍ ကာရိယ စုံလင်စွာဖြင့် ကြုတ္တိတ္တိုင် နာမပဒမာလာ၊ အဘိဝါဒန-မှ ဓာတ်ကိုယူ၍ အဇ္ဇတနီ ဤ၊ ဥံ ဝိဘတ် နှစ်လုံးဖြင့် ကာရိယအစုံ ကတ္တုရုပ် အာချာတပဒမာလာ စဉ်ခဲ့ပါ။

၂။ "အဘိဝါဒနသီလိဿ"ဟူသောပုဒ်ကို သမာသဂဗ္ဘ တဒ္ဓိတဝိဂ္ဂဟ ဆိုပြီးလျှင် အန္တတ္ထ+ဗာဟျတ္ထ အရကိုလည်း ကောက်ပြခဲ့ပါ။

၃။ အာယု-ပုဒ်အရ ရထိုက်သော တရားများကို ပရမတ္ထဆိုက်အောင် ကောက်ပြပြီးလျှင် သစ်ပင်ဝါးပင်များ၌ ယင်းအာယုမျိုး ရှိသင့်/မရှိသင့် အစွမ်းကုန် စဉ်းစား၍ သဂြိုဟ် အထောက်အထားဖြင့် ဆုံးဖြတ်ခဲ့ပါ။

၄။ အာယု-ပုဒ်အရတွင် သမ္ပယောဂလက္ခဏာ မရထောင်းသော အာယုသည် အဘယ် အကြောင်းကြောင့် ဖြစ်သည်၊ အဘယ်ကလာပ်စည်း၌ ပါဝင်သည်၊ (အတွင်းအပ) အဘယ် သန္တာန်၌ ရထိုက်သည်တို့ကို သင်္ဂဟကျမ်းလာ သာဓကရင်းဖြင့် ရှင်းလင်းဖော်ပြခဲ့ပါ။

၅။ "ရန်ကို ရန်ချင်း မတုံ့လျှင်းနှင့်" ဟူသော ခေါင်းစည်းဖြင့် ယမကဝဂ်လာ ကာဠယက္ခိနီ ဝတ္ထုကို ဇာတ်အိမ်လုပ်၍ တရားတစ်ပုဒ် ဟောခဲ့ပါ။

၆။ "အကျိုးရှိမည်' ဆိုက လှည့်စားမှုကိုလည်း ကျင့်သုံးရမည်" ဟု ဆိုခဲ့ပါလျှင် အသို့ စကားတုံ့ ပြုမည်နည်း? ဓမ္မဒါဠိကစောရယာတကဝတ္ထုလာ ရှင်သာရိပုတ္တရာ၏ လှည့် စားပုံကို အထောက်အထားပြုသည့် ငါ့ရှင်၏ စကားတုံ့ အဖြေမှန်ကို နာခံပါရစေ။ [၃]

---

၁၊ အံ၊ ၂၃၀၅။ ၂ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၄၂၅။ ၃၊ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၄၀၇။

http://www.dhammadownload.com



၇။ "အသက်ရှင်ခြင်းသည် ရာသီဥတု အစာအာဟာရစသော ပတ်ဝန်းကျင် အကြောင်းကြောင့်သာ ဖြစ်၍ ကံကြောင့်မဟုတ်" ဟု ပုဒ္ဒနှင့်ပုဒ္ဒဝါဒ အမည်ရှိသောကျမ်းက ဆိုလေရာ သဟာသဝဂ် အာယုဝဓုနကုမာရဝတ္ထုလာ ဗုဒ္ဓ၏အသက်ရှည်ကြောင်း ဆောင်ရွက်တော်မူခြင်းကို အထောက်အထားပြု၍ ယင်းအဆိုစကားရပ်ကို စိစစ်ခဲ့ပါ။ [၁]

၈။ "သောတာပန်အိမ်သူက မုဆိုးလင်သားအတွက် လက်နက်ပြင်ဆင်ပေးခြင်းသည် ပါဏာတိပါတကံ ထိုက် မထိုက်"ဟူသော အငြင်းပွားချက်ကို ပါပဝဂ် ကုက္ကုဋမိတ္တနေသာဒဝတ္ထု၌ ဗုဒ္ဓမြတ်စွာဘုရား အဘယ်သို့ ဆုံးဖြတ်ချက် ပေးတော်မူပါသနည်း? အပြည့်အစုံ ဖော်ပြပါ။ [၂]

၉။ ဝါဏိဇ၊ ဇီဝိတုကာမ-ပုဒ်တို့၏ ဥပမေယျဖြည့်စွက်၍ အောက်ပါ ဂါထာကို အနက်မြန်မာပြန်ဆိုပါ -

ဝါဏိဇောဝ ဘယံ မဂ္ဂံ၊ အပ္ပသတ္ထော မဟဒ္ဓနော။
ဝိသံ ဇီဝိတုကာမောဝ၊ ပါပါနိ ပရိဝဇ္ဇယေ။ [၃]

၁၀။ "ထိုသူဌေးသည် ထိုဥစ္စာအစုကို ရှုကြည့်၍ 'ထိုအဖိုးအဖစသည်တို့သည် ဤဥစ္စာကို အဘယ့်ကြောင့် ယူ၍ မသွားကြကုန်သည်နည်း'ဟု မေးပြီး" ဟူသော ဝါကျကို ပါဠိပြန်ဆိုပါ။ [၄]

* * * * *

## ၁၃၃၃–ခုနှစ်၊ စူဠဝါ ပရိဝါ ပါဠိတော်

၁။ အောက်ပါ (၉) နံပါတ် ဂါထာလာ ဒီပေ-ကို ပဒစ္ဆေဒပြု၍ တဒ္ဓိတ်ဝိဂ္ဂဟပြုပြီးလျှင် ဝိဂ္ဂဟအမည်နှင့် အဘိဓေယျတ္ထ သရုပ်မှန်ကိုလည်း ဖော်ပြပါ။

၂။ မဟာပညာ-ကို ကာရကရုပ်ကျဉ်း တွက်၍ တိ၊ စ ဝိဘတ်တို့ဖြင့်သာ နာမပဒမာလာ စဉ်ပြီး သမာသ်ဝိဂ္ဂဟပြု၍ သမာသ်အမည်ကိုလည်း ဖော်ပြခဲ့ပါ။

၃။ "မဟာပညာ" ဝယ် ပညာ၌ ဓာတ်အရ ပရမတ္ထတရားကိုယ် ကောက်ပြ၍ ရင်း၌ ယှဉ်နိုင်သော စေတသိက်၊ ရနိုင်သော ဝေဒနာ၊ ဟိတ်၊ ဒွါရတို့ကိုလည်း ဖော်ပြခဲ့ပါ။

---

၁၊ ဓမ္မ၊ ဌ၊ ၁၊ ၄၂၄-၅။ ၂၊ ဓမ္မ၊ ဌ၊ ၂၊ ၁၈။ ၃၊ ဓမ္မ၊ ဌ၊ ၂၊ ၁၅။ ၄၊ ဓမ္မ၊ ဌ၊ ၂၊ ၅၅။

http://www.dhammadownload.com



၄။ အထက်ပါ ဓာတ်အရကိုပင် ဖြစ်သင့်သော မနောဒွါရဝီထိ တစ်ဝီထိ ချပြီးလျှင် ၎င်းဝီထိ၌ ဝီထိစိတ်အရ စိတ္တုပ္ပါဒ်အရ ဝိတ္ထာရအရတို့ကို အသီးသီးဖော်ပြခဲ့ပါ။

၅။ မေထုနဓမ္မကို မှီဝဲသော ရဟန်း၏ အာပတ်တို့၌ ရနိုင်သော ဝိပတ္တိ၊ အာပတ်အစု၊ အကြောင်း၊ အမိကရုဏ်း၊ သမထ တို့ကို အသီးသီး ဖော်ပြခဲ့ပါ။ [၁]

၆။ အမှန်ကို ပြောဆိုလျက် (က) ဂရုကအာပတ်၊ (ခ) လဟုကအာပတ် . . .။ အမှားကို ပြောဆိုလျက် (ဂ) ဂရုကအာပတ်၊ (ဃ) လဟုကအာပတ် သင့်ရပုံများကို ဖော်ပြပြီး[၂] ညအခါ၌သာ သင့်၍ နေ့အခါ၌ မသင့်သော အာပတ်ကိုလည်း ဖော်ပြပါ။ [၃]

၇။ ဥပုသ်ကံ၏လည်ကောင်း၊ ဥပသမ္ပဒါကံ၏လည်းကောင်း၊ အစ၊ အလယ်၊ အဆုံး တို့ကို ဖော်ပြပြီး၊ [၄] အကျိုးထူး (အတ္တဝသ) အရာ၌ အကြောင်းတစ်ရာ၊ အကျိုးတစ်ရာ၊ သဒ္ဒါ (နိရုတ္တိ) နှစ်ရာ၊ ဉာဏ်လေးရာတို့ကိုလည်းကောင်း ရေတွက်ပြပါ။ [၅]

၈။ ဥဗ္ဗာဟိကဝဂ်လာ "ပဉ္စဟုပါလိ အင်္ဂေဟိ သမန္နာဂတော ဘိက္ခု ဥဗ္ဗာဟိကာယ န သမ္မန္နိတဗ္ဗော/ သမ္မန္နိတဗ္ဗော' [၆]စသည်လာရာ၌ ပဉ္စဟိ-သရုပ်ကို ဗျတိရေက+အန္ဝယ အားဖြင့် အသီးသီးဖော်ပြပါ။ [၇]

၉။ အောက်ပါ ဂါထာကို ဓေတ နာဂ-၏ အဘိဓေယျတ္ထ ပေါ်လွင်အောင် အနက် မြန်မာပြန်ဆိုပါ -

ဓေတ နာဂါ မဟာပညာ၊ ဝိနယညူ မဂ္ဂကောဝိဒါ။
ဝိနယံ ဒီပေ ပကာသေသုံ၊ ပိဋကံ တမ္ဗပဏ္ဏိယာ။ [၈]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာ သီကုံးခဲ့ပါ -

"ကြီးသော ပညာရှိကုန်သော ထိုရဟန္တာအရှင်မြတ်တို့သည် ဇမ္ဗူဒိပ်ကျွန်းမှ ဤသီဟိုဠ်ကျွန်း၌ ကြွလာတော်မူကြကုန်၏။ ထိုရဟန္တာတို့သည် သီဟိုဠ်ကျွန်း၌ ဝိနည်း ပိဋကတ်ကို ပို့ချတော်မူကြကုန်၏။" [၉]

* * * * *

---

၁၊ ဝိ၊ ၅၊ ၇၉၊ ၈၀၊ ၈၁။ ၂၊ ဝိ၊ ၅၊ ၂၁၂။ ဝိ၊ ဋ၊ ၄၊ ၁၅၆။ ၃၊ ဝိ၊ ၅၊ ၂၁၃။ ဝိ၊ ဋ၊ ၄၊ ၁၆၀။
၄၊ ဝိ၊ ၅၊ ၂၅၁။ ၅၊ ဝိ၊ ၅၊ ၂၅၄။ ဝိ၊ ဋ၊ ၄၊ ၁၈၆။ ၆၊ ဝိ၊ ၅၊ ၃၄၂။
၇၊ (၃) ၃၊ ပါက ဗျတိရေက, မပါက အန္ဝယ၊ ပါဠိတော်၌ပင် အစုံစုံ တိုက်ရိုက်ရှိ။
၈၊ ဝိ၊ ၅၊ ၄၊ ၇၊ ၁၃၃၊ ၈၄၊ ၈၅၊ ၆၀၊ ၁၀၀၊ ၁၄၇။ ၉၊ ဝိ၊ ၅၊ ၃၊ ၉၊ ၁၂၊ ၉၇။

http://www.dhammadownload.com



## ၁၃၃၃–ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "သသီသံ ပါရုပိတွာ"[၁] နှင့် "ပုဗ္ဗဏှသမယံ နိဝါသေတွာ"[၂] တို့၌ အဘယ်အနက်ဝယ် အဘယ်သုတ်ဖြင့် အဘယ်ဝိဘတ် စီရင်ထားကြောင့် ဖြစ်ထိုက်သမျှ ညွှန်ပြခဲ့ပါ။

၂။ "ဂိဇ္ဈကူဋေ ပဗ္ဗတေ"[၃] ၌ ဂိဇ္ဈကူဋနှင့် ပဗ္ဗတတို့ကို သမာသ်၊ တဒ္ဓိတ်ဝိဂြိုဟ်ပြု၍ "ဟီရိပိ နာ့မ တေ အဟောသိ"[၄] ၌ နာမသဒ္ဒါ ဟောနိုင်သော အနက်များကို ထုတ်ပြပြီးလျှင် ဤ၌ လိုအပ်သော အနက်ကိုလည်း ညွှန်ပြခဲ့ပါ။

၃။ "ပါပိစ္ဆော ဣစ္ဆာပကတော အညံ ဗျာကရောတိ"[၅] ၌ ကတ္တားအရ တရားကို စိတ္တုပ္ပါဒ်နှင့်တကွ ဖော်ပြပြီးလျှင် ယင်းကို ဝီထိအစဉ်အားဖြင့် ဖြစ်ထိုက်ရာဌာန စုံအောင် ပြပါ။

၄။ "အာယာတပဋိဝိနယာ"[၆] ဝယ် ရှေ့ပုဒ်၌ ဓာတ်အရ တရားကိုယ်ကောက်ပြီးလျှင် ယင်းကို အဘယ်ဒွါရ၌ ဖြစ်ခိုက် အဘယ်ကို အာရုံပြုပုံ စုံလင်အောင် ပြဆိုလျက် ဝတ္ထုဘုံ ပုဂ္ဂိုလ်တို့ဖြင့်လည်း ဝေဖန်ပြပါ။

၅။ တောထွက်ရဟန်းကြီးများ ပြည့်စုံနိုင်ခဲ့သော တရားတို့ကို ဝုမုပဗ္ဗဇိတသုတ်များ အရ စုံလင်အောင် ဖော်ပြပါ။[၇]

၆။ လောကီသူရဲကောင်းများကို ယောဓာဇီဝသုတ်တို့အရ သိသာရုံမျှ ညွှန်ပြခဲ့ပါ။[၈]

၇။ ယခုခေတ်ကာလ ကိုယ့်ကိုယ်ကို "ရဟန္တာပါ" ဟု ပြောဆိုကြသူတို့၏ အရဟတ္တ ဖိုလ်ကို ပြောဆိုတတ်ခြင်းအကြောင်းရပ်များကို ဖော်ပြခဲ့ပါ။[၉]

၈။ ပူရဏကဿပဆရာကြီး ပညတ်အပ်သော အမျိုးဇာတ် ခြောက်ပါးတွင် နီသော အမျိုးဇာတ်၊ ဝါသော အမျိုးဇာတ်၊ ဖြူသောအမျိုးဇာတ် ဟူသည်ကား အဘယ်နည်း?။[၁၀]

၉။ အောက်ပါ ဂါထာတို့ကို မြန်မာဘာသာ ပြန်ဆိုပါ -

ယော ဥဘောန္တေ ဝိဒိတွာန၊ မဇ္ဈေ မန္တာ န လိပ္ပတိ။

တံ ဗြူမိ 'မဟာပုရိသော'တိ၊ သော ဓ သိဗ္ဗိနိမစ္စဂါ။[၁၁]

---

၁၊ အံ၊ ၁၊ ၄၆၃။ ၂၊ အံ၊ ၂၊ ၃၁။ ၃၊ အံ၊ ၁၊ ၃၃၈၊ ၄၊ အံ၊ ၂၊ ၄။ ၅၊ အံ၊ ၂၊ ၁၀၄။
၆၊ အံ၊ ၂၊ ၁၆၃။ ၇၊ အံ၊ ၂၊ ၆၉။ ၈၊ အံ၊ ၂၊ ၇၈၊ ၈၂။ ၉၊ အံ၊ ၂၊ ၁၀၄။
၁၀၊ အံ၊ ၂၊ ၃၃၇။ ၁၁၊ အံ၊ ၂၊ ၃၄၉။

http://www.dhammadownload.com



၁၀။ အောက်ပါ မြန်မာစကားကို ပါဠိဘာသာ စီကုံးပါ -

"အာနန္ဒာ၊ ဥပမာသော်ကား တစ်သူကျော်နက်သော မစင်တွင်းသည် တွင်းနှုတ်ခမ်းရေးနှင့်အမျှ မစင်ပြည့်၏။ ထိုမစင်တွင်း၌ ယောကျ်ားတစ်ယောက်သည် ဦးခေါင်းပါ နစ်မြုပ်ရာ၏" ၈

## ၁၃၃၃–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "ကေကော ပုရိသော ဖရသုဝါသိအာဒီနိ ဂဟေတွာ"[၂] ၌ ကေကော-၏ပုဒ်ရင်းကို ယူ၍ နာမပဒမာလာစဉ်ပြပြီးလျှင် ဖရသု-၌ ဓာတ်ကို ယူ၍ ဝတ္တမာန်ဝိဘတ် ပရဿပုဒ်ဖြင့် အာချာတ်ပဒမာလာ စဉ်ခဲ့ပါ။

၂။ "ပစ္စေကဗုဒ္ဓါ ဝုဋ္ဌဝဿာ အနုမောဒနံ ကတွာ ပက္ကမိံသု" [၃] ၌ ဝုဋ္ဌဝဿာ-ကို သမာသဝိဂ္ဂဟပြု၍ စာစပ်ခဲ့ပါ။

၃။ "သော ကိရ အာယသ္မာ ။ပ။ ဒွေ အဂ္ဂသာဝကေ အဋ္ဌောသတိ" [၄] ဝယ် ရှင်ဆန္ဒသန္တာန်၌ဖြစ်သောစိတ်နှင့်ယှဉ်ဘက်စေတသိက်တို့ကို ဖော်ပြပါ။

၄။ (၃) နံပါတ်ဝါကျလာ ဆန္ဒထေရ်သည် သောမနဿသဟဂုတ်စိတ်ဖြင့် ပဋိသန္ဓေနေလျှင် မည်သည့် ဝီထိစိတ်ဖြစ်သည်၊ ဥပေက္ခာသဟဂုတ်စိတ်ဖြင့် ပဋိသန္ဓေနေလျှင် မည်သို့ ဝီထိစိတ်ဖြစ်သည်ဟု ထင်ရှားအောင် ဝီထိစိတ်အမည်များကို ထုတ်ဖော်၍ ဝီထိတစ်ခုစီ ချပြပါ။

၅။ ဒေဝဒတ်သည် ဗိမ္ဗိသာရမင်းကို မိတ်မဖွဲ့နိုင်ခြင်း၊ အဇာတ သတ်မင်းသားကို မိတ်ဖွဲ့နိုင်ခြင်းတို့၏အကြောင်းတို့ကို ရေးခဲ့ပါ။ [၅]

၆။ "ပမာဒေါ မစ္စုနော ဒံ" [၆] ၌ မေ့လျော့ခြင်းသည် အဘယ့်ကြောင့် သေခြင်း၏ အကြောင်းဖြစ်ရသည်ကို ဖော်ပြ၍ "အရိယာနံ ဂေါစရေ ရတာ" [၇] ၌ အရိယာတို့၏ အာရုံဖြစ်နိုင်သော တရားများကို ဖော်ပြပါ။

၇။ "ပုပ္ဖာနိဟေဝ ပစိနန္တံ ဗျာသတ္တမနသံ နရံ" [၈] ၌ ပုပ္ဖာနိ-အရ မုချတ္ထ+သဒိသူပစာရတ္ထတို့ကို ဖော်ပြ၍ ဗျာသတ္တ-ပုဒ်၌ အထူးထူးအပြားပြား ကပ်ငြိတပ်စွဲပုံကို ရေးပါ။

---

၁၊ အံ၊ ၂၊ ၅၃။ ၂၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၃၅၂။ ၃၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၃၅.
၄၊ ဓမ္မပဒ၊ ဌ၊ ၁ :၅၀။ ၅၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၈၉။ ၆၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၄၅-၆။
၇၊ ဓမ္မပဒ၊ ဌ၊ ၁ ၁၄၅-၆။ ၈၊ မ္မပဒ၊ ဌ၊ ၁၊ ၂၃၁-၂။

http://www.dhammadownload.com



၈။ အနာဂါမ်အရိယာတို့ ဥပုသ်မဆောက်တည်ခြင်းအကြောင်းကို ရေး၍ ဆတ္တပါဏိဥပါသကာသည် မိမိနောက်မှ ဘုရားထံ ရောက်လာသော ပသေနဒီကောသလမင်းကို ထ၍ ခရီးဦးကြိုမပြုခြင်းအကြောင်းကို ရေးခဲ့ပါ။ [၁]

၉။ "ဗိမ္ဗိသာရမင်းသည် ငါ့အား ဥစ္စာပေးသော်လည်း ဤခန္ဓာရှိခိုက်သာ တစ်သက်တာ ပမာဏလောက်သော ဥစ္စာကို ပေးနိုင်ရာ၏။ ငါ့အား ဘုရားပူဇော်မှုသည်ကား ကမ္ဘာကုဋေမက များစွာသော ဘဝတို့၌ စီးပွားချမ်းသာအလို့ငှာ စွမ်းဆောင်နိုင်ရာ၏" ဟူသော စကားရပ်များကို ပါဠိစုဏ္ဏိယ ရေးခဲ့ပါ။ [၂]

၁၀။ "တာတ ကိံ န ပဿသိ ဣမံ ဝီသဝဿသတိကံ ခဏ္ဍဒန္တံ ပလိတကေသံ ဝလိတ္တစံ တိလကာဟတဂတ္တံ ဂေါပါနသိဝင်္ကံ" [၃] ဟူသော ဝါကျကို မြန်မာပြန်ဆိုခဲ့ပါ။

* * * * *

## ၁၃၃၄-ခုနှစ်၊ စူဠဝါ ပရိဝါ ပါဠိတော်

၁။ "ဂဏံ ဝိတင်္ကံ ဒုဗ္ဗလံ၊ ကထိနာဖါသုပဿယံ" [၄] တွင် ဒုဗ္ဗလံနှင့်ဖါသုပဿယံ-တို့ကို မှန်ကန်စွာ ပုဒ်ဖြတ်၍ အဘိဓေယျတ္ထကို ရှုလျက် ဒုဗ္ဗလံ-ကို လိင်မှန်မှန် ဝိဂြိုဟ်ဆို အမည်ပေးပါ။

၂။ "မေထုနံ ဓမ္မံ" [၅] ၌ မေထုနံ-ကို ရသင့်သော ဝိဂြိုဟ်ဆို၍ အမည်ပေးပြီးနောက် ပုဒ်ရင်းကို သတ္တမီဝိဘတ်ဖြင့် နာမ်ရုပ်စုံ ဂိုဏ်းစဉ်ပါ။

၃။ ပုစ္ဆာအမှတ် (၉) ဂါထာ၏ ရှေ့နောက်စကား ထောက်ထားလျက် အန္တရ-အရ ပရမတ်အလို တရားကိုယ်ညွှန်း၍ ယင်းတရားကိုယ်၏ အာရုံကို အမျိုးအမည် ခွဲပြီးလျှင် ယဿ-အရ ပုဂ္ဂိုလ်များသာ သီးခြားစံရသော ဘုံအမည်ကို အကျဉ်းရေးပါ။

၄။ "ယော န လိမ္ပတိ ကာမေသု" [၆] ၌ ကာမအရ တရားကိုယ်ရုပ်ကို ဖော်ပြ၍ 'ဟဒယေ ဒရံ' [၇] ၌ ဥပစာ ဟဒယ-ကို [၈] <u>နိရုပဓိ အာရုံပြု</u> [၉] ဝိထိချပြပါ။

---

၁၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၄၀။ ၂၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၃၀၇။ ၃၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၃၉၇။
၄၊ ဝိ၊ ၅၊ ၁၅၈။ ၅၊ ဝိ၊ ၅၊ ၁။ ၆၊ ဝိ၊ ၄၊ ၃၀၄။ ၇၊ ဝိ၊ ၅၊ ၃၀၄။
၈၊ ရဟန္တာ၏ ပစ္စဝေက္ခဏာဝီထိစိတ်။ ၉၊ ရဟန္တာ (= အရဟတ္တဖိုလ်) ကို အာရုံပြုလုပ်၍

http://www.dhammadownload.com



၅။ အဘယ်ကဲ့သို့သောသူကို တဇ္ဇနီယကံ ပြုအပ်သနည်း[၁] ယင်းကံသည် ဉတ္တိစသော ကံလေးမျိုးတွင်[၂] အဘယ်ကံနည်း၊[၃] "နိဂ္ဂဟကံ၊ ပဂ္ဂဟကံအားဖြင့်[၄] ယင်းကံကို ခွဲပြပါ။

၆။ "ကိုယ်လုံပြည့်ဝခြင်းသည်သာ ချမ်းသာ၏" ဟု ထင်ကြသူများ အမြင်ပြောင်းသွားအောင် "မရှိ ချမ်းသာတရား"[၅] ဟောကြားသိကုံး၍ ဥပါလိကို ဦးစွာရဟန်းပြုစေရာ၌ မင်းသားတို့ဆန္ဒကို ဖေါ်ပြပါ။[၆]

၇။ ကောင်းကောင်း အိပ်ပျော်ပြီး အိပ်မက်ကောင်း မက်အောင် အိပ်နည်းကို ညွှန်ပြ၍[၇] တံမြက်လှည်းခြင်း၏ လက်ငင်းအကျိုးကို ရေးပါ။[၈]

၈။ "သီလစောင့်ရန် မလို"ဟု ထင်သူများ သီလစောင့်ချင်စိတ် ပေါက်လာလောက်အောင် သီလအကျိုးကို (ကျိုး+ကြောင်း) ဆက်စပ်ညွှန်ပြ၍[၉] မေတ္တာကာယကံ၊ မေတ္တာဝစီကံ စိမ်ပေါ်လွင်ပုံ ပုံစံတစ်ခုစီ ထုတ်ပြပါ။[၁၀]

၉။ အဆုံးပါဒ အဓိပ္ပါယ်တ္ထ ပေါ်လွင်အောင် အောက်ပါ ဂါထာကို အနက်ပေးပါ -

ယဿန္တရတော န သန္တိ ကောပါ၊ ဣတိ ဘဝါဘဝဥ္စ ဝီတိဝတ္တော။

တံ ဝိဂတဘယံ သုခိံ အသောကံ၊ ဒေဝါ နာနုဘဝန္တိ ဒဿနာယ။ [၁၁]

၁၀။ အောက်ပါ မြန်မာစကားကို ပါဠိဘာသာ သီကုံးပါ -

"ဒုတ် ကြိမ် ချွန်းတို့ဖြင့် ဆင်ကို အချို့က ဆုံးမကြကုန်၏။ မြတ်စွာဘုရားသည်ကား ဒုတ်ဓားမပါဘဲ ဆင်ကို ဆုံးမတော်မူ၏။" [၁၂]

* * * * *

## ၁၃၃၄–ခုနှစ်၊ အဂ္ဂိုဏ်းဖြေဆိုရပါဠိတော်

၁။ နံပါတ် (၉) ပါ ဂါထာ၌ "အနဝဋ္ဌသုခသောတံ" ကို ရသင့်သမျှ ပဒစ္ဆေဒပြု၍ တော်-ပုဒ်၏အစွဲ လိင်နှင့် စပ်ရာပုဒ်တို့ကိုလည်း ညွှန်ပြပါ။

---

၁၊ ဝိ၊ ၄၊ ၉။ ဝိ၊ ဋ္ဌ၊ ၄၊ ၂။ ဝိ၊ လံ၊ ၂၊ ၂၇၅။ ၂၊ ဝိ၊ ၅၊ ၃၈၀။
၃၊ ဉတ္တိစတုတ္ထ (ဝိ၊ ၄၊ ၃။ ဝိ၊ ဋ္ဌ၊ ၄၊ ၂၆၀)။ * ဝိ၊ ၄၊ ၃၊ ၄။ ဝိ၊ ဋ္ဌ၊ ၄၊ ၂၄၄၊ ၂၆၀-တို့ကို ယှဉ်ကြည့်။
၄၊ နိဂ္ဂဟကံ (ဝိမတိ၊ ၁၊ ၃၄၀။ ဝိ၊ ဋ္ဌ၊ ၄၊ ၂၆၀-၌ တစ်မျိုး)။ ၅၊ ဝိ၊ ၄၊ ၃၃၉။ ၃၄၀-၁။
၆၊ ဝိ၊ ၄၊ ၃၃၉။ ၇၊ ဝိ၊ ၄၊ ၃၀၄ (ဥတ္တရ)။ ဝိ၊ ၅၊ ၃၅၇ (ဟီန)။ ၈၊ ဝိ၊ ၅၊ ၂၃၁။
၉၊ ဝိ၊ ၅၊ ၂၃၆။ ဝိ၊ ၃၊ ၁၄၂။ [သာရတ္ထ၊ ၃၊ ၂၆၉၊ ၂၇၀။ ကင်္ခါ၊ ၁၀၃။ ပါတိ၊ ဘာ၊ ၂၇၊ အလံ၊ ဘာ၊ ၃၄၄။ အံ၊ ၂၊ ၁၇၊ ၂၅၃-တို့ကို ရှုပါဦး။]
၁၀၊ ဝိ၊ ဋ္ဌ၊ ၄၊ ၁၅၃။ ၁၁၊ ဝိ၊ ၄၊ ၃၄၁။ ၁၂၊ ဝိ၊ ၄၊ ၃၅၇။

http://www.dhammadownload.com



၂။ အနဝဋ္ဋသုခ-ကို သမာသဝိဂ္ဂဟ၊ အာနဏျ-ကို တဒ္ဓိတဝိဂ္ဂဟ အသီးသီးရသင်တိုင်း ပြုပြ၍ နာဂ္ဂတိ-ကို အာချာတ်ရုပ်ကျဉ်းတွက်ပါ။

၃။ "အန္တရေန ယမကသာလာနံ ပရိနိဗ္ဗာနသမယေ" [၁] ၌ ဘုရားရှင်ပရိနိဗ္ဗာန်ပြုသော စိတ်ကို ကောက်ပြ၍ ယင်းစိတ်၏ ဒွါရ၊ အာရုံဖြစ်သင့်သော ဝီထိတို့ကို ညွှန်ပြပါ။

၄။ "ပမာဏဝန္တာနိ သရီသပါနိ" [၂] ၌ ပမာဏဝန္တပုဂ္ဂိုလ်+အပ္ပမာဏဝန္တပုဂ္ဂိုလ်တို့ကို ခွဲခြားကောက်ပြ၍ ပမာဏဝန္တပုဂ္ဂိုလ်တို့၏ ဖြစ်ရာဘုံ၊ ပဋိသန္ဓေအခါ ဖြစ်နိုင်သော ရုပ်ကလာပ်တို့ကိုလည်း ခွဲခြားပြပါ။

၅။ "နမော ဘဂဝတော၊ နမော သတ္တန္နံ" [၃] ၌ သတ္တ *သရုပ်ကို ဖော်ထုတ်၍ "သမံ ဝါတာ ၏ သန္တိ သမာ ပဥ္စသာ" [၄] ၌ သမဝါတ ဖြစ်ပုံကို လအားဖြင့် ပိုင်းခြားပြပြီးလျှင် ပဥ္စသ×အပဥ္စသ တို့၏ အဓိပ္ပါယ်ထူးခြားပုံကိုလည်း ပြပါ။

၆။ သောတာနုဂတသုတ်ကို [၅] ဟောရခြင်း၏အကျိုး၊ ဟောခါနီးအချိန်၌ ခေါ်ယူ အပ်သော ရဟန်းအရေအတွက်တို့ကို ပြပြီးလျှင် "လူအကြောင်း ပေါင်းကြည့်မှ သိ" ဟူသော စကား၏ စတင်ဖြစ်ပေါ်ရာ သုတ်၊ ဝဂ်အမည်တို့ကိုလည်း ပြပါ။ [၆]

၇။ အသက်ရှည်ခြင်းအကြောင်းငါးမျိုးကို နှစ်နည်းရေတွက်၍ [၇] လူသေ၍ ရက်လည် ဆွမ်းကျွေးရာ၌ ပုတ္တသုတ္တန်နှင့်အညီ မည်သည့်ရက်မှ စတင်ပြုလုပ်သင့်သည်ကို ပြပါ။ [၈]

၈။ သာရဏီယဝဂ်လာ [၉] သာရဏီယကျင့်ဝတ် မည်ပုံ၊ ကျင့်ရမည့် ကာလအပိုင်း အခြား၊ ကျင့်သင့်၊ မကျင့်သင့်သောပုဂ္ဂိုလ်၏ ဖြည့်ကျင့်ခြင်းကြောင့် ရနိုင်သော အကျိုး များကို စုံလင်အောင် ပြပါ။ [၁၀]

၉။ အောက်ပါ ဂါထာကို မြန်မာစကားပြေ ပြန်ဆို၍ ဥဘော-သရုပ်ကိုလည်း ထုတ်ပြပါ-

ဝိပဿမာနော ဇာနာတိ၊ ဥဘော ဘာဂေ သုမေဓသော။
အနဝဋ္ဋသုခသေတံ၊ ကလံ နဂ္ဃတိ သောဠသိံ။ [၁၁]

---

၁၊ အံ၊ ၁၊ ၃၉၁။ ၂၊ အံ၊ ၁၊ ၃၈၄။

၃၊ အံ၊ ၁၊ ၃၈၄။ * ဝိ၊ ၄၊ ၂၄၅-အဖွင့် သာရတ္ထ၊ ၃၊ ၃၈၂။ ဝိမတိ၊ ၂၊ ၂၂၉။ [ဇာ၊ ဋ္ဌ၊ ၂၊ ၁၃၅-၌မူ ဖုဿ, ဝိပဿိ စသည်ဖြင့် ယူသင့်၊ မှန်၏၊ ထို၌ ဒီ့ဘုရားအလောင်း၏ ဂါထာ။]

၄၊ အံ၊ ၁၊ ၃၈၇။ ၅၊ အံ၊ ၁၊ ၅၀၄။ ၆၊ အံ၊ ၁၊ ၅၀၇။ ၇-၈၊ အံ၊ ၂၊ ၃၇၊ ၁၂၈။ ၉၊ အံ၊ ၂၊ ၂၅၅-၆။

၁၀၊ အံ၊ ဋ္ဌ၊ ၃၊ ၈၉၊ ၉၀-၁။ ၁၁၊ အံ၊ ၁၊ ၃၈၁။

http://www.dhammadownload.com



၁၀။ "ထိုနတ်သားသည် 'အချင်း - ငါသည် အောက်မေ့၏။ အချင်း - ငါသည် အောက်မေ့၏'ဟု ဆို၏။ ရဟန်းတို့ - သတိဖြစ်ခြင်းသည် နှေးသေး၏။ ထိုအခါ ထိုသတ္တဝါသည် လျင်စွာသာလျှင် တရားထူးကို ရနိုင်၏" ဟူသော စကားကို ပါဠိဘာသာ သီကုံးပါ။

* * * * * *

## ၁၃၃၄-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ 'ပသေနဒိကုမာရော ပိတု သိပ္ပံ ဒဿေတွာ ပသန္နေန ပိတရာ ရဇ္ဇေ အဘိသိတ္တော" ပါဠိ၌[၂] ပသေနဒိကုမာရော-ပုဒ်ကို အစိတ်အပေါင်း သမာသ်ဝစနတ်ပြုပြီးလျှင် ပိတု-ကို နာမ်ဂိုဏ်းစဉ်ခဲ့ပါ။

၂။ "ကုက္ကုဋမိတ္တံ နာမ နေသာဒံ အာရဗ္ဘ ကထေသိ" [၃] ပါဌ်၌ဝယ် ကုက္ကုဋ-ပုဒ်၌ ဓာတ်ကို ယူ၍ ဝတ္တမာန် ပရဿပုဒ်ဖြင့် အာချာတ်ပဒမာလာ စဉ်ပြီးလျှင် ကထေသိ-ကို အာချာတ်ရုပ် စီရင်ပြပါ။

၃။ စာရေးတံ သံယာတောင်းရန် လာသော မဟာဒုဂ္ဂတအား နိဗ္ဗာန်ဆော်က "အဟံ တဝ ဘိက္ခုံ ပမုဉ္စော" [၄] စကားပြောကြားလိုက်သည်တွင် မဟာဒုဂ္ဂတသန္တာန်၌ ဖြစ်ထိုက်သောဝီထိစဉ်ကို သင်္ဂဟအထောက်ပြ၍ ချခဲ့ပါ။

၄။ "ကဏှံ ဓမ္မံ ဝိပ္ပဟာယ၊ သုက္ကံ ဘာဝေထ ပဏ္ဍိတော။

သြကာ အနောကမာဂမ္မ၊ ဝိဝေကေ ယတ္ထ ဒူရမံ - [၅] ဟူသောဂါထာ၌ ကဏှ+သုက္က၊ သြက+အနောက အရ တရားများကို တိကျစုံလင်စွာ-ကောက်ပြပါ။

၅။ "တေန ဟိ ပဉ္စကလျာဏသမန္နာဂတံ ဒါရိကံ လဘမာနော -တုမှာကံ ဝစနံ ကရိဿာမိ" [၆] ဟူသော ပုဏ္ဏဝဍ္ဎနလုလင်၏ တောင်းဆိုချက်ပါ ပဉ္စကလျာဏသရုပ်နှင့် အဓိပ္ပါယ်ကို ရေးပါ။

၆။ တာဝတိံသာရှိ ပင်လယ်ကသစ်ပင်ကြီး၏ အလျား၊ အနံ ပမာဏ၊ အပွင့်ရောင်လျှံ တောက်ပရာ ဌာန၊ အနံ့သွားရာဒေသတို့ကို ပုပ္ဖဝဂ်လာ အဋ္ဌကထာနှင့်ညီစွာ ဖြေဆိုပါ။[၇]

---

၁၊ အံ၊ ၁၊ ၅၀၇။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊၂၁၅။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၁၅။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၆၇။
၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၈၀။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၄၄။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၆၇။

http://www.dhammadownload.com



၇။ သုပ္ပဗုဒ္ဓလူနူနှင့် သိကြားမင်းတို့၏ စကားစစ်ကို ဖော်ပြပြီးလျှင် သုပ္ပဗုဒ္ဓကုဋ္ဌိသည် သောတာပန် အရိယာနွယ်ဖြစ်ရပါလျက် လူနူဖြစ်ရခြင်းအကြောင်းရင်းကို ညွှန်ပြပါ။ [၁]

၈။ အာဟာရက ဝေဒနာကို၊ ဝေဒနာက ရုပ်ကို၊ ရုပ်က ဖဿကို ဆောင်နိုင်ပုံ ပဏ္ဍိတသာမဏေရဝတ္ထုအတိုင်း ထင်လင်းအောင် ရှင်းပြပါ။ [၂]

၉။ "ရာဇဂြိုဟ်ပြည်၌ ခိုးသူသတ်သည် ကောင်းစွာ ဟောအပ်သောတရားကို နာရ၍ အနုလောမဉာဏ်ကိုရ၍ နတ်ပြည်သို့ ရောက်လျက် မွေ့လျော်ရ၏" [၃] ဟူသော မြန်မာ ဘာသာကို စုဏ္ဏိယ/ဂါထာကို နှစ်သက်ရာ စီကုံးပါ။

၁၀။ "တံ ပုတ္တပသုသမ္မတ္တံ၊ ဗျာသတ္တမနသံ နရံ။
သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ" [၄]
ဟူသော ပါဠိကို မြန်မာဘာသာ ပြန်ဆိုပါ။

* * * * * *

## ၁၃၃၅–ခုနှစ်၊ စူဠဝါ ပရိဝါ ပါဠိတော်

၁။ "အာရတိ ဝိရတိ ပဋိဝိရတိ ဝေရမဏီ" [၅] တို့တွင် နောက်ဆုံးပုဒ်ကို လိင်၊ ဂိုဏ်း ဆုံးဖြတ်၊ ဝိဂြိုဟ်ဆိုပြီးနောက် ယင်း၌ ဓာတ်ကိုယူ၍ အဓ္ဓတနီ ပရဿပဒဖြင့် ပဒမာလာ စဉ်ပါ။

၂။ "အာပါယိကာ နေရယိကာ" [၆] ၌ နေရယိကာ-ကို လိင်နှင့်ကာလ မှန်အောင် ဝိဂြိုဟ်ဆိုပြီးလျှင် ကတိ-ကို နာမပဒမာလာ စဉ်ပါ။

၃။ ဝေရမဏီ-၌ ရှေ့ပုဒ်အရ တရားကိုလည်းကို ဘုံအားဖြင့် ဝေဖန်လျက် ယင်းတရားကို ပယ်သတ်နိုင်သော တရားတို့ကိုလည်း ဖော်ပြပါ။

၄။ "ယာယံ ဒိဋ္ဌိ အနိယျာနိကာ" [၇] ၌ ဒိဋ္ဌိဒ ရကို ဖော်ပြရ ယင်းဒိဋ္ဌိဖြစ်ရာ စိတ်စဉ် (ဝီထိ)ကိုလည်း ဖော်ပြပါ။

---

၁၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၃၀၂-၃-၄။ ၂၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၃၇၈။ ၃၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၄၇၇။
၄၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၄၄၅။ ၅၊ ဝိ၊ ၅၊ ၁၆၄။ ၆၊ ဝိ၊ ၄၊ ၃၆၅။ (ဝုစ်ပြင်၍ ရေးထား)။
၇၊ ဝိ၊ ၅၊ ၁၆၈။

http://www.dhammadownload.com



၅။ သာသနာပြုလုပ်ငန်းကို အလွန်ချင့်ချင့်ချိန်ချိန် ပြုလုပ်ရမည်ဖြစ်ရာ ယင်းတွင် ထည့်သွင်းစဉ်းစားရမည့် အချက်အလက်များကို ရှေ့နောက်စီစဉ်လျက် တွေးခေါ် သိကုံးပြပါ။ [၁]

၆။ ဝါငယ်စာချ ဝါကြီးစာလိုက် သံဃာအားလုံး မတ်တပ်ရပ်လျက် (သင်ကြား ပို့ချ) နေကြလျှင် ဘာ့ကြောင့် ရပ်နေကြသနည်း?* ယင်းသို့ မရပ်ရအောင် ဘုရားအလိုတော်ကျ စည်းမျဉ်းတစ်ခု အကြောင်းပြ ရေးဆွဲပြပါ။ [၂]

၇။ အများအကျိုး သယ်ပိုးလိုသူသည် အများနှင့်တစ်ပါး၊ တရားနှင့်အစား (=အာမိသ) တို့တွင် မည်သည့်အရာကို လေးစားရမည်နည်း?" ဂရုကဖြစ်သင့်ပုံကို ရှင်းလင်းပြီးမှ[၃] ပြုသင့်ရာကို ရွေးပြပါ။ [၄]

၈။ ဝါဒဖြန့်ချီရာတွင် ဝေါဟာရန္တ၊ အနုဿာဝနနှင့် မဲဆန္ဒတို့ ကွဲပြားပုံကို ရှင်းပြပြီးနောက် သံဃဘေဒကအဆင့်သို့ မရောက်သေးသော ကွဲရေး (=သံဃရာဇိ) အဆင့်ကို အတိုချုပ် ရေးပါ။ [၅]

၉။ "ဥပကဏ္ဏကံ ဇပ္ပတိ ဇိမ္ဗံ ပေက္ခတိ၊ ဝိတိဟရတိ ကုမ္ဗဂ္ဂံ ပဋိသေဝတိ။
အနာပတ္တိယာ 'အာပတ္တိ'တိ ရောပေတိ၊ တာဒိသော စောဒကော ဈာပေတိ
အတ္တာနံ"[၆]ကို ပြည့်ပြည့်စုံစုံ အဓိပ္ပါယ်ထွက်ပေါ်လွင်အောင် အနက်ယောဇနာပါ။

၁၀။ အောက်ပါ မြန်မာစကားကို ပါဠိဘာသာ သိကုံးပါ -

"အကြင်အယူသည် အပြစ်ကင်း၏။ လွတ်မြောက်စေတတ်၏။ လိုက်နာသူကို ကောင်းစွာ ဒုက္ခ (အခက်အခဲ) ကုန်ဆုံးခြင်းငှာ ဖြစ်စေတတ်၏။ ထိုသို့သော အယူဖြင့် ရှေ့မှဖြစ်စေ၊ ကွယ်ရာမှဖြစ်စေ သီတင်းသုံးဖေါ်များနှင့် တူမျှသော အယူရှိသည်ဖြစ်၍ နေ၏" [၇]

* * * * *

---

၁၊ ဓမ္မဝိနယတောက်ပရေး (ဝိ၊ ၄၊ ၄၈၀-၁)၊ * ဥပက္ကိကင်းရေး (ဝိ၊ ၄၊ ၄၉၂)၊ ပရိယတ်တတ်ကျွမ်းရေး (ဝိ၊ ၄၊ ၄၈၁၊ ၄၉၅)၊ ဉာဏ်စမ်းမို့ ဉာဏ်စွမ်းပြပါတော့။ ၂၊ ဝိ၊ ၄၊ ၃၀၉။ ၃၊ အများ၊ တရားတို့ကို လေးစားသူ ဖြစ်စေလျက်။ ၄၊ ပရိသကပ္ပိက (ပရိသတ်အကြိုက်ကို စဉ်းစားသူ) မဟုတ်သော၊ အတ္ထဝသိက (အနက်=အမှန်ကို လိုလားသူ) ဖြစ်အောင် ပြုသင့် (ဝိ၊ ၅၊ ၂၈၇)။

၅၊ ဝိ၊ ၅၊ ၃၄၉။ ဝိ၊ ၄၊ ၂ ၂၂၂-၃။ ပရိ၊ ဘာ၊ ၂၃၄-၅၊ ၆၅၉၊ ၆၆၀။

၆၊ ဝိ၊ ၅၊ ၂၈၄။ ၇၊ ဝိ၊ ၅၊ ၁၆၈။

http://www.dhammadownload.com



## ၁၃၃၅–ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "အတ္တာသံ ပစုရာ ဟောန္တိ၊ [၁] * * * * န ဘိက္ခဝေ စိတ္တော စိရံ သရိသတိ နေက္ခမ္မသာ" [၂] ၌ အတ္တာသံ-ကို ပဒစ္ဆေဒပြု၍ နနိပါတ်၏ စပ်ရာပုဒ်ကို ညွှန်ပြပြီးလျှင် သဝိဘတ်၏သက်ရာအနက်ကို အကြောင်းနှင့်တကွ ပြခဲ့ပါ။

၂။ "စိတ္တံ ဟောတိ ဋ္ဌိတံ အာနေဥ္စပ္ပတ္တံ" [၃] ၌ အာနေဥ္စ-ကို သမာသန္တာဂမ တဒ္ဓိတ ဝိဂ္ဂဟ ပြု၍ ပတ္တနှင့်သမာသ်တွဲစပ်ပြီးလျှင် နေက္ခမ္မံ-ကို ဓာတ်+ပစ္စယ ခွဲဝေပြခဲ့ပါ။

၃။ "ကာမေဟိ နေက္ခမ္မရတံ [၄]။ * * * နေက္ခမ္မံ အဓိမုတ္တဿ [၅] * * * စိတ္တော စိရံ သရိသတိ နေက္ခမ္မသာ" တို့၌ နေက္ခမ္မ အရများကို အသီးသီးကောက်ပြ၍ ဖြစ်ထိုက်သောပုဂ္ဂိုလ်နှင့် တွဲစပ်ပြခဲ့ပါ။

၄။ အထက်ပုစ္ဆာပါ နေက္ခမ္မ အရတရားကို ဝိထိချပြ၍ "ပဋိမေ စိတ္တဿ ဥပက္ကိလေသာ" [၆] ပါဌ်၌ စိတ္တအရ တရားကြောင့် ဖြစ်နိုင်သော ရုပ်တရားများကို ကောက်ပြခဲ့ပါ။

၅။ ရွှေ၏အညစ်အကြေး (၅)မျိုးနှင့် စိတ်၏အညစ်အကြေး ငါးမျိုးတို့ကို အသီးသီး တွဲစပ်ဖော်ပြ၍ [၆] "အရိယော နိရာမိသော" [၇] ၌ အာမိသသရုပ်ကို ထုတ်ပြီးလျှင် သမာဓိ သုတ်လာ [၈] ပစ္စုပ္ပန်ချမ်းသာကို ပြခဲ့ပါ။

၆။ ဘုရားရှင်လက်ထက်၌ ယာဉ်ရထား ငါးရာ၊ အခြံအရံ မင်းသမီး ငါးရာစီ ရသော အမျိုးသမီးသုံးဦးတို့၏ အမည်များကို (မိဘ၊ နေရပ်ဌာန) တို့ဖြင့် ဖော်ပြ၍ [၉] တောနေ ရဟန်းအား ဖြစ်ပေါ်လာနိုင်သော အန္တရာယ်လေးမျိုးကို ထုတ်ပြပါ။ [၁၀]

၇။ "အဒ္ဓဂတော ဝယောအနုပ္ပတ္တော" [၁၁] ၌ ပစ္ဆိမအရွယ်ပမာဏကို ဘုရားပွင့်တော်မူရာ သက်တမ်းဖြင့် *ပိုင်းခြားပြ၍ ကာရဏပါလီပုဏ္ဏားရ်၏ ဘုရားရှင်မျက်ကွယ်၌ "နမော တဿ" [၁၂] သုံးကြိမ် ဥဒါန်းကျူးခြင်း၏အကြောင်းကို ပြပြီးလျှင် ပိင်္ဂိယာနိပုဏ္ဏားရသော တရားထူးကိုလည်း ပြခဲ့ပါ။ [၁၃]

---

၁၊ အံ၊ ၁၊ ၃၇၀။ ၂၊ အံ၊ ၂၊ ၃၄၉။ ၃၊ အံ၊ ၂၊ ၃၃၂။ ၄၊ အံ၊ ၂၊ ၃၀၄။
၅၊ အံ၊ ၂၊ ၃၃၃။ ၆၊ အံ၊ ၂၊ ၁၄။ ၇-၈၊ အံ၊ ၂၊ ၂၀။ ၉၊ အံ၊ ၄၊ ၃၊ ၁၆။
၁၀၊ အံ၊ ၄၊ ၃၊ ၃၆။ ၁၁၊ အံ၊ ၁၊ ၆၈။ * အံ၊ ဋီ၊ ၂၊ ၃၈။
၁၂၊ ပိင်္ဂိယာနိ၏ ဤသို့ ပြောခြင်းကြောင့် (အံ၊ ၂၊ ၂၀၈)။ ၁၃၊ အံ၊ ၄၊ ၃၊ ၆၈။

http://www.dhammadownload.com



၈။ ဝီရိယမရှိသော်ရင်း၊ လွန်သော်လည်းရင်း ဖြစ်ပေါ်လာနိုင်သော တရားများကို ထုတ်ပြ၍[1] သောဏသုတ်လာ ရဟန္တာခြောက်မျိုး[2] နှင့်နိမိတ်နှစ်မျိုးကို[3] ရေတွက်ခဲ့ပါ။

၉။ အောက်ပါ ဂါထာကို မြန်မာစကားပြေပြန်ဆို၍ စိတ္တံ-အရကို ပြခဲ့ပါ။

ဣဋ္ဌာ ဓမ္မာ အနိဋ္ဌာ စ၊ နပ္ပဝေဓေန္တိ တာဒိနော။
ဌိတံ စိတ္တံ ဝိပ္ပမုတ္တံ၊ ဝယဉ္စဿာနုပဿတိ။ [4]

၁၀။ "အရှင်ဘုရား၊ တစ်ရံတစ်ခါ အချို့သော အရှင်အား "ဤအရှင်သည် လာဘ်ပူဇော်သကာ အကျော်အစောကို တောင်းတ၍ ကင်းဆိတ်မှု (အရဟတ္တဖိုလ်)သို့ သက်ဝင်ပြီးသူ ဖြစ်၏'ဟု ပြောကြားလေသလော" [5] ဟူသော စကားကို ပါဠိဘာသာ သီကုံးခဲ့ပါ။

* * * * *

## ၁၃၃၅–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

ယာဝဇီဝမ္ပိ စေ ဗာလော၊ ပဏ္ဍိတံ ပယိရုပါသတိ။
န သော ဓမ္မံ ဝိဇာနာတိ၊ ဒဗ္ဗီ သူပရသံ ယထာ။ [6]

၁။ ပယိရုပါသတိ-၌ အာချာတ်ရုပ် ပြီးပုံပြဆိုပြီးလျှင် ဒဗ္ဗီ-၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ပရဿပုဒ်ဖြင့် အာချာတပဒမာလာ စဉ်ခဲ့ပါ။

၂။ "န ဘဇေ ပုရိသာဓမေ" [7] ၌ ပုရိသာဓမ-ပုဒ်ကို သမာသ်ဝိဂ္ဂဟပြုပြီးလျှင် ဒဗ္ဗီ-ကို နာမပဒမာလာ စဉ်ခဲ့ပါ။

၃။ "န ဘဇေ ပါပကေ မိတ္တေ" [8] ၌ ပါပမိတ္တကို မှီဝဲသူသန္တာန်၌ ဖြစ်ထိုက်သော စိတ္တုပ္ပါဒ်ကို တိကျစွာ ကောက်ပြပြီးလျှင် ယင်းစိတ္တုပ္ပါဒ်၏ အာရုံ၊ ပုဂ္ဂိုလ်၊ ဘုံတို့ကို ဝေဖန်ခဲ့ပါ။

၄။ "ဒေသနာဝသာနေ ဗဟူ သောတာပတ္တိဖလာဒီနိ ပါပုဏိံသု" [9] ပါဌ်အရ မန္ဒ+တိက္ခ ပုဂ္ဂိုလ်ခွဲခြားလျက် မဂ္ဂဝီထိနှစ်မျိုး ချပြခဲ့ပါ။

---

၁၊ အံ၊ ၂၊ ၃၃။ ၂၊ အံ၊ ၂၊ ၃၃၁။ ၃၊ အံ၊ ၄၊ ၃၊ ၁၂၄။ ၄၊ အံ၊ ၂၊ ၃၃၃။
၅၊ အံ၊ ၂၊ ၃၃၁။ ၆၊ ဓမ္မပဒ၊ ၄၊ ၁၊ ၃၀၀။ ၇၊ ဓမ္မပဒ၊ ၄၊ ၁၊ ၃၅၀။ ၈၊ ဓမ္မပဒ၊ ၄၊ ၁၊ ၃၅၀။

http://www.dhammadownload.com



၅။ ဘုရားရှင်သည် ရောင်ခြည်တော်ခြောက်သွယ်ကို ထာဝစဉ်ပင်လွှတ်၍ ကြွချီတော်မူပါသလော? ဘယ်ခါမျိုးဝယ် ဖုံးကွယ်ကြွ၍ ဘယ်ခါမျိုးဝယ် လွှတ်ကြွတော်မူကြောင်း သုမနမာလာကာရဝတ္ထုစကားဖြင့် ခွဲခြားဖြေဆိုခဲ့ပါ။ [၁]

၆။ အပဟိပေတဝတ္ထုလာ မြေပြိတ္တာ၏ ကိုယ်ပုံသဏ္ဌာန်နှင့်ပမာဏကို ပြပြီးလျှင် မီးလျှံထွက်ပုံ စုံလင်အောင် ဖြေဆိုပြီး[၂] ရှေးကံကိုလည်း သိနိုင်ရန် ညွှန်ပြပါ။ [၃]

၇။ ဗုဒ္ဓသာသနာတော်၌ "နည်းနည်းလှူ၊ များများရ၊ များများလှူ၊ ထို့ထက်အလွန် များများရ" [၄] စကားသည် ဘယ်သာမဏေကို စွဲ၍ ဖြစ်ပေါ်လာပါသနည်း? ယင်းသာမဏေ ငယ်၏အမည်များကို စုံလင်အောင် ပြပြီးလျှင်[၅] "န ဘဇေ ပါပကေ မိတ္တေ၊ န ဘဇေ ပုရိသာဓမေ" [၆] ၌ ပါပမိတ္တနှင့်ပုရိသာဓမ ပုဂ္ဂိုလ်နှစ်ဦးတို့၏အထူးကို ရေးခဲ့ပါ။

၈။ မဟာကပ္ပိနမင်း၏ မိဖုရားကြီး အနောဇာဒေဝီ အမည်ရခဲ့ပုံ [၇]၊ ဒါနဝတ္ထုနှင့် အတိတ် ဆုတောင်းပတ္ထနာပြုပုံ စုံလင်အောင် ဖြေဆိုပါ။[၈]

၉။ အောက်ပါ ဂါထာကို ဆိုလိုချက် စကားပေါ်လွင်အောင် မြန်မာဘာသာ ပြန်ခဲ့ပါ -

ဥယျုဉ္ဇန္တိ သတီမန္တော၊ န နိကေတေ ရမန္တိ တေ။
ဟံသာဝ ပလ္လလံ ဟိတွာ၊ ဩကမောကံ ဇဟန္တိ တေ။ [၉]

၁၀။ အောက်ပါ မြန်မာစကားရပ်ကို ပါဠိဘာသာ စီကုံးခဲ့ပါ -

"အသက်၌ တွယ်တာခြင်းရှိသည်မှ ကင်းကြကုန်လော့*။ တွယ်တာခြင်း ကင်းကုန်သည်ဖြစ်၍ ဤတောင်သို့ တက်ကြကုန်လော့" ဟု ဆိုကုန်လျက် လှေခါးကို ဖွဲ့ထောင်ကုန်၏။ အားလုံးသော မထေရ်တို့သည်လည်း ထိုတောင်ထက်သို့ တက်ကုန်ပြီးသော် လှေခါးကို တွန်းချ၍ ရဟန်းတရား အားထုတ်ကုန်ပြီ။" [၁၀]

* * * * *

## ၁၃၃၆–ခုနှစ်၊ စူဠဝါ ပရိဝါ ပါဠိတော်

၁။ "ဣဒမတ္ထိတညေဝ နိဿာယ" [၁၁] ၌ ဣဒမတ္ထိတညေဝ-ကို သန္ဓိရုပ်တွက်ပြီးလျှင် ဣဒမတ္ထိ-ကို သမာသန္တောဂဓတဒ္ဓိတ ဝိဂ္ဂဟပြု၍ လိင်၊ ဂိုဏ်း၊ ကာရန် ညွှန်ပြခဲ့ပါ။

---

၁၊ ဓမ္မပဒ၊ ၄၊ ၁၊ ၃၀၆။ ၂၊ ဓမ္မပဒ၊ ၄၊ ၁၊ ၃၂၀-၁။ ၃၊ ဓမ္မပဒ၊ ၄၊ ၁၊ ၃၂၂။ ၄၊ ဓမ္မပဒ၊ ၄၊ ၁၊ ၃၃၇။ ၅၊ ဓမ္မပဒ၊ ၄၊ ၁၊ ၃၃၈။ ၆၊ ဓမ္မပဒ၊ ၄၊ ၁၊ ၃၅၀။ ၇-၈၊ ဓမ္မပဒ၊ ၄၊ ၁၊ ၃၅၇။ ၉။ ဓမ္မပဒ၊ ၄၊ ၁၊ ၃၈၅။ ၁၀၊ ဓမ္မပဒ၊ ၄၊ ၁၊ ၄၀၉။ * ယခုစာအုပ်တို့၌ မတွေ့ရ။ ၁၁၊ ဝိ၊ ၅၊ ၂၃၃။

http://www.dhammadownload.com



၂။ "အာဘိစေတသိကာနံ ဒိဋ္ဌဓမ္မသုခဝိဟာရာနံ" [၁] ၌ အာဘိစေတသိကာနံ-ကို ဖြစ်သင့်သမျှ တဒ္ဓိတ်ဝိဂ္ဂဟပြု အမည်ပေး၍ ဒိဋ္ဌ-ဝယ် ဓာတ်ကိုယူပြီး ကာရိယစုံလင်စွာ ဝတ္တမာန်ဝိဘတ် ပရဿပုဒ်ဖြင့် ကတ္တုရုပ် ပဒမာလာ စဉ်ခဲ့ပါ။

၃။ အာဘိစေတသိကာနံ-၌ အဘိစေတ အရ၊ အာဘိစေတသိက အရတို့ကို ကောက်ပြ၍ အဘိစေတ-အရ ဟရားကို ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ အာရုံတို့ဖြင့် ဝေဖန်ပြီးလျှင် အာဘိစေတသိက-အရ တရား၏ ဖြစ်သင့်သောဝီထိကိုလည်း တိက္ခ+မန္ဒပုဂ္ဂိုလ် အားလျော်စွာ ချပြခဲ့ပါ။

၄။ "စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ" [၂] ၌ စေတောဝိမုတ္တိ အရ၊ ပညာဝိမုတ္တိအရတို့ကို ကောက်ပြ၍ အတူတကွဖြစ်သော စိတ် စေတသိက်တို့ကိုလည်း ညွှန်ပြခဲ့ပါ။

၅။ ဒန်ပူစားခြင်းကြောင့် ရနိုင်သော အကျိုးတို့ကို ဖော်ပြ၍[၃] ဘုရားရှင်ခွင့်ပြုတော်မူသည့် ဒန်ပူ၏ပမာဏကိုလည်း ရေးခဲ့ပါ။ [၄]

၆။ အရှင်အာနန္ဒာနှင့်အတူ ရဟန်းပြုကြသောပုဂ္ဂိုလ်တို့ကို မှန်ကန်စွာ ဖော်ပြ၍[၅] ထိုပုဂ္ဂိုလ်တို့တွင် အဘယ့်ကြောင့် အဘယ်ပုဂ္ဂိုလ်ကို ဘုရားရှင်သည် ရှေးဦးစွာ ရဟန်းပြုပေးပါသနည်း?[၆] ရှင်းပြခဲ့ပါ။

၇။ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်များကို ပယ်နုတ်ခဲ့ကြပါမူ အဘယ်သို့ ကဲ့ရဲ့ပြစ်တင်ခံရပါမည်နည်း?[၇] ရှင်းပြ၍ အရှင်အာနန္ဒာအပေါ် မထေရ်များ၏ အပြစ်တင်ချက်များကိုလည်း လိုရင်းမျှ ဖော်ပြခဲ့ပါ။[၈]

၈။ ဒဏ္ဍာ ဒဏ္ဍာမများက လျှော့ဒါန်းထားသော သက်န်းများကို ငါ့ရှင် ဘယ်လို အသုံးပြုမည်နည်း? ဥဒေနမင်းအား အရှင်အာနန္ဒာမိန့်ကြားသည့်အတိုင်း အဆင့်ဆင့် အသုံးပြုရပုံကို ညွှန်ပြခဲ့ပါ။[၉]

၉။ အောက်ပါ ဂါထာကို အဘိဓေယျတ္ထ ပေါ်လွင်အောင် အနက်ယောဇနာခဲ့ပါ -

အန္ဓကာရေန ဩနဒ္ဓါ၊ တဏှာဒါသာ သနေတ္တိကာ။
ဝဍ္ဎေန္တိ ကဋသီ ဃောရံ၊ အာဒိယန္တိ ပုနဗ္ဘဝံ။ [၁၀]

---

၁-၂ ဝိ၊ ၅၊ ၂၄၀။ ၃၊ ဝိ၊ ၄၊ ၂၇၈။ ၄၊ ဝိ၊ ၄၊ ၂၇၉။ ၅၊ ဝိ၊ ၄၊ ၃၃၈။ ၆၊ ဝိ၊ ၄၊ ၃၃၉။
၇၊ ဝိ၊ ၄၊ ၄၈၄-၅။ ၈၊ ဝိ၊ ၄၊ ၄၈၅-၆။ ၉၊ ဝိ၊ ၄၊ ၄၈၈-၉။ ၁၀၊ ဝိ၊ ၄၊ ၄၉၃။

http://www.dhammadownload.com



၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာ ပြန်ဆိုခဲ့ပါ -

"မြတ်စွာဘုရား၊ မဟာပဇာပတိ ဂေါတမီသည် ကျေးဇူးများလှပါ၏။ မြတ်စွာဘုရား၏ မိထွေးတော်ရင်း ဖြစ်ပါ၏။ ခြေဖြင့် သွားနိုင်သည့်တိုင်အောင် စောင့်ရှောက်ပါ၏။ မွေးမြူပါ၏။ နို့ရည်တိုက်ကျွေးပါ၏။ မယ်တော်မာယာ နတ်ရွာလားသော် မြတ်စွာ ဘုရားကို နို့ချိုတိုက်ကျွေးပါ၏"[၁]

* * * * * *

## ၁၃၃၆–ခုနှစ်၊ အဂ္ဂဳတ္တိုရ်ပါဠိတော်

၁။ "အထ ခေါ ဘဂဝါ သာယန္ဟသမယံ ပဋိသလ္လာနာ ဝုဋ္ဌိတော"[၂] ၌ ပဋိသလ္လာနာ-ကို ပဒစ္ဆေဒနှစ်မျိုးပြ၍ တောပစ္စည်း၏ သက်ရာအနက်ကို ပြပြီးလျှင် သာယန္ဟသမယံ-ကို ကာရကရုပ်ကျဉ်း တွက်ခဲ့ပါ။

၂။ "အနဘိဇ္ဈာလု ဝိဟရေယျ၊ အဗျာပန္နေန စေတသာ"[၃] ၌ အနဘိဇ္ဈာလု-ကို တဒ္ဓိတန္တောဂဓ သမာသဝိဂ္ဂဟပြု၍ ဟရဓာတ်ကို ဓာတုပစ္စယန္တနည်းအရ ဝတ္တမာန် ဝိဘတ် ပရဿပုဒ် သုဒ္ဓကတ္တုရုပ် စဉ်ခဲ့ပါ။

၃။ "ပဋိသလ္လာနာ ဝုဋ္ဌိတော" ၌ ပဋိသလ္လာန အရ တရားကို ကောက်ပြ၍ ဝိထိချပြ ပြီးလျှင် ဤ၌ ဖြစ်သင့်ရာ ပုဂ္ဂိုလ်နှင့်ဘုံကိုလည်း ညွှန်ပြခဲ့ပါ။

၄။ "အဗျာပန္နေန စေတသာ" ၌ အဗျာပန္န အရ တရားကို ကောက်၍ ယှဉ်ဘက် သမ္ပယုတ်တရားကို ထုတ်ပြီးလျှင် ယင်းတရားကြောင့် ဖြစ်နိုင်သော ရုပ်၊ ထိုရုပ်စဖြစ်ရာ အခါတို့ကိုလည်း ပြခဲ့ပါ။

၅။ "စတ္တာရိမာနိ ဘိက္ခဝေ ဓမ္မပဒါနိ"[၄] ၌ ဓမ္မပဒလေးမျိုးကို အစဉ်မပျက် ထုတ်ပြ၍ ထိုလေးမျိုး၏ ဂုဏ်ထူးများကိုလည်းကောင်း[၅] ဘုရားရှင်အဆက်ဆက် *မပယ်ဖျက်နိုင်ပုံကို လည်းကောင်း[၆] ပြခဲ့ပါ။

---

၁၊ ဝိ၊ ၄၊ ၄၄၄။ ၂ အံ၊ ၁၊ ၃၃၈။ ၃၊ အံ၊ ၁၊ ၃၃၈။ ၄၊ အံ၊ ၁၊ ၃၃၇။

၅၊ "အဂ္ဂညာနိ ။ပေ။ ဝိညူဟိ" ဟူသော ကိုးပုဒ် (စကားကိုးခွန်း) ဖြင့် ပြအပ်သော ဂုဏ်ကိုးမျိုး (အံ၊ ၄၊ ၂ ၂၇၇။ အံ၊ ဋီ၊ ၂ ၂၆၅)၊ * မပယ်ဖျက်နိုင်ကြောင်း၊ ၆၊ အံ၊ ဋီ၊ ၂၊ ၂၆၅။

http://www.dhammadownload.com



၆။ ပသေနဒီ ကောသလမင်းသည် ဇေတဝန်ကျောင်းတော် ဘုရားရှင်ထံ ချဉ်းကပ်ခိုက် နန်းတော်၌ မလ္လိကာမိဖုရား နတ်ရွာစံသဖြင့် မင်းကြီးအား ထိခိုက်ပူပန်ခြင်း ငါးမျိုးကို ဖော်ပြ၍[၁] ပူပန်ဖျောက်ရန် ဟောသောတရားကို အကျဉ်းမျှ ပြခဲ့ပါ။[၂]

၇။ သတ္တစ္စဒါနမြောက်အောင် လှူပုံ လှူနည်းများကို ဖော်ပြ၍[၃] ဘဒ္ဒကသုတ်လာ အသေကောင်းကြောင်းတရား ၆-မျိုးကိုလည်း[၄] အစဉ်မပျက် ဖော်ပြခဲ့ပါ။

၈။ "အတ္တာနဉ္စ ပရဉ္စ အနုပဟစ္စ ဒါနံ ဒေတိ"[၅] အရ မိမိနှင့် သူတစ်ပါးတို့ကို မထိခိုက်အောင် လှူနည်းကို လိုရင်းမျှ ဖော်ပြ၍ တရားမနာလိုသူ သဂြိုဟ်ကျမ်းလာ သင်္ဂဟဂါထာကိုသာ ပို့ချသူ သင်ယူသူတို့အား သာသနာကွယ်ကြောင်း ဖြစ်/မဖြစ် ဆိုင်ရာသုတ်ဖြင့် စိစစ်ခဲ့ပါ။[၆]

၉။ သုခိနော-[၇] ၌ သုခနှစ်မျိုးကို ဖော်ထုတ်၍ အောက်ပါ ဂါထာကို နိဿယည်းနည်းကျကျ အနက်ပြန်ဆိုပါ -

တေ ခေမပ္ပတ္တာ သုခိနော၊ ဒိဋ္ဌဓမ္မာတိနိဗ္ဗုတာ။

သဗ္ဗဝေရဘယာတီတာ၊ သဗ္ဗဒုက္ခံ ဥပစ္စဂုံ။[၈]

၁၀။ "ရဟန်းတို့၊ ကာမဂုဏ်တို့၌ ကာမရာဂဖြင့် တပ်မက်၍ ဆန္ဒရာဂဖြင့် နှောင့်ဖွဲ့အပ်သော ဤသတ္တဝါသည် မျက်မှောက်ဘေးမှလည်း မလွတ်။ တမလွန်ဘေးမှလည်း မလွတ်"[၉] ဟူသော စကားကို ပါဠိဘာသာ သီကုံးခဲ့ပါ။

* * * * * *

## ၁၃၃၆–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ အပ္ပမတ္တော အယံ ဂန္ဓော၊ ယွာယံ တဂရစန္ဒနံ။

ယော စ သီလဝတံ ဂန္ဓော၊ ဝါတိ ဒေဝေသု ဥတ္တမော။[၁၀]

သီလဝတံ-၌ ပုဒ်ရင်းကို နာမပဒမာလာ ပြုပြီးလျှင် ဝါတိ-၌ ဓာတ်ကို ယူ၍ အနက်အားလျော်စွာ ဝတ္တမာန် ပရဿပုဒ်ဖြင့် ဂိုဏ်းရုပ်စုံအောင်း စဉ်ပြပါ။

---

၁၊ အံ၊ ၂ ၆၀။ ဒုမ္မနော စသော ငါးပုဒ်ဖြင့် ပြ။ ၂၊ အံ၊ ၂ ၅၀။ (၅၃-၄ နှင့်တွဲရှု)။
၃၊ အံ၊ ၂ ၃၅၂။ အံ၊ ဋီ၊ ၃၊ ၅၀။ ၄၊ အံ၊ ၂ ၂၅၉။ ၅၊ အံ၊ ၂ ၁၅၂ ၆၊ အံ၊ ၁၊ ၁၆၆-၇။
၇၊ အံ၊ ၄၊ ၃၊ ၁၀၀ မှီ။ ၈၊ အံ၊ ၂ ၂၇၅။ ၉၊ အံ၊ ၂ ၂၇၄။ ၁၀၊ ဓမ္မပဒ၊ ၄၊ ၁၊ ၂၇၂။

http://www.dhammadownload.com



၂။ အပ္ပမတ္တော-ပုဒ်ကို ဝါကျခြင်း၍ ရုပ်ကျဉ်းစီရင်ပြီးလျှင် တဂရစန္ဒန-ပုဒ်ကို ဝိဂြိုဟ်ပြုလုပ်ပြပါ။
၃။ "ယော စ သီလဝတံ ဂန္ဓော" ၌ သီလဝန္တ၏သန္တာန်ဝယ် ဖြစ်ထိုက်သော စိတ္တုပ္ပါဒ်တိကျစွာ ကောက်ပြ၍ ယင်းစိတ်ဖြစ်ရာ ပုဂ္ဂိုလ်ဘုံတို့ကိုလည်း ဝေဖန်ပြပါ။
၄။ "ကေသွိ ပိဋ္ဌိပါသာဏေ နိသိန္နော ဈာနံ သမာပဇ္ဇိ"[၁] ၌ ဈာနံ အရ ရူပပဥ္စမဈာန်ကိုယူ၍ ယင်း၏အာရုံကို အဘိညာဉ်ကိစ္စ တပ်ခိုက် မတပ်ခိုက် ခွဲခြားဖြေဆိုပါ။
၅။ "ဤခန္ဓာကိုယ်ကြီးသည် မကြာမြင့်မီ ဝိညာဉ်ကင်းပြတ် စွန့်ပစ်အပ်သည့် အခြေဆိုက်လျက် ထင်းဆွေးပမာ မြေမှာ တုံးလုံးအိပ်ရလတ္တံ့."[၂] စကားကို အကြောင်းပြုဟောသော မထေရ်နှင့် ယင်းအမည်ရပုံ စုံလင်အောင် ဖြေခဲ့ပါ။
၆။ ဝိသာခါဝတ္ထုလာ ငါးဦးသော မဟာပုညနှင့် ငါးဦးသော အမိတဘောဂတို့၏ အမည်များကို ဖေါ်ပြဖြေဆိုပါ။[၃]
၇။ "ပုတ္တာ မတ္ထိ ဓနမတ္ထိ၊ ဣတိ ဗာလော ဝိဟညတိ။
အတ္တာ ဟိ အတ္တနော နတ္ထိ၊ ကုတော ပုတ္တာ ကုတော ဓနံ"[၄] ယင်းဂါထာဖြင့် ဆုံးမချက်ကို ဇာတ်ကွက်ဖေါ်ပြီး ထင်လင်းအောင် ရှင်းပြပါ။
၈။ "အရှင်သူဌေးမင်း ဥစ္စာပစ္စည်းကို ယူသွားနိုင်ကြသူ မရှိပါ။ မိမိပြုခဲ့သော (ကုသိုလ်အကုသိုလ်) ကံကိုသာ ယူသွားနိုင်ကြပါ၏" ဟု ဘဏ္ဍာစိုး ပြောကြားသော် ဂန္ဓသူဌေး၏ကြံစည်ပုံစကားကို ထင်ရှားအောင် ဖြေဆိုပါ။[၅]
၉။ "မှန်၏၊ သေမင်းသည် ခပ်သိမ်းသော သတ္တဝါတို့ကို လိုအပ်ဆန္ဒ မပြည့်စုံကြမီလျှင်ပြင်းစွာသော ရေအယဉ်ကဲ့သို့ ဆွဲငင်လျက်သာ အပါယ်တည်းဟူသော သမုဒ္ဒရာ၌ထည့်သွင်းပစ်ချတတ်၏"[၆] ဟူသော စကားရပ်ကို ပါဠိဘာသာ စီကုံးခဲ့ပါ။
၁၀။ "ဝါဏိဇောဝ ဘယံ မဂ္ဂံ၊ အပ္ပသတ္ထော မဟဒ္ဓနော။
ဝိသံ ဇီဝိတုကာမောဝ၊ ပါပါနိ ပရိဝဇ္ဇယေ"[၇] ယင်းဂါထာကို မြန်မာဘာသာပြန်ပါ။

* * * * *

---

၁၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၄၃၃။ ၂ "အစိရံ ဝတ" စသည်ကို ဘယ်ထေရ်ကို အကြောင်းပြု ဟောသနည်း? ထိုထေရ်၏ ထိုအမည်ရခြင်းအကြောင်း စုံအောင် ပြပါ-ဟူလို၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၀၂-၃။
၃၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၄၃။ ၄၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၉၈။ ၅၊ ဓမ္မပဒ၊ ဌ၊ ၂၊ ၅၅။
၆၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၄၄၅။ ၇၊ ဓမ္မပဒ၊ ဌ၊ ၂၊ ၁၅။

http://www.dhammadownload.com



## ၁၃၃၇-ခုနှစ်၊ စူဠဝါ ပရိဝါ ပါဠိတော်

၁။ "အနုပိယံ နာမ မလ္လာနံ နိဂမော" [၁] ၌ အနုပိယံ-ကို သန္ဓိရုပ်ကျဉ်းတွက်၍ ဖြစ်သင့်သော လိင်ဝုစ်အားလျော်စွာ နာမ်ဂိုဏ်းစဉ်ပြီး သွာတနာယ-ကို လိင်၊ ဂိုဏ်း၊ ကာရန် ညွှန်ပြခဲ့ပါ။

၂။ "သွာတနာယ ဗုဒ္ဓပ္ပမုခေါ သံဃော နိမန္တိတာ" [၂] ၌ ဗုဒ္ဓပ္ပမုခေါ-ကို လိင်၊ ဝုစ် မှန်အောင် သမာသ်ဝစနတ္ထပြု၍ သွာတနာယ[၃] ကို ကာလမှန်အောင် တဒ္ဓိတ်ဝစနတ္ထ ပြုပြီး အဘိဓေယျတ္ထ ကောက်ပြခဲ့ပါ။

၃။ သွာတနာယ-အရ တရား၏ ဖြစ်သင့်သော သမ္ဗန္ဓယုတ္တိဓမ္မကို ညွှန်ပြပြီး ကိစ္စ၊ ဒွါရ တို့ဖြင့် ဝေဖန်ခဲ့ပါ။

၄။ "ယောဂက္ခေမာ ပစံသတိ" [၄] ၌ ယောဂက္ခမ အရ ကောက်ပြ၍ ၎င်းအရ တရားကို ကေန်၊ အနေကန် အာရုံပြုနိုင်သော တရားတို့ကိုလည်း ညွှန်ပြခဲ့ပါ။

၅။ "ဥစ္စာသယန မဟာသယနာ" ခေါ် မြင့်သောနေရာ မြတ်သောနေရာတို့တွင် ရဟန်း သာမဏေများ မသုံးစွဲကောင်းသော ဥစ္စာသယန မဟာသယနာ[၅] တို့ကို ဖော်ပြ၍ မည်သို့ ပြုဖြင်လျှင် သုံးစွဲကောင်းသည်ကိုလည်း ညွှန်ပြခဲ့ပါ။[၆]

၆။ ကျောင်းဆောက်သောအခါ ရဟန်းတော်များသည် အမှုသစ်ပေးကြရာ၌ မည်ကဲ့သို့ သောကျောင်း၌ နှစ်ပေါင်းမည်မျှ ပေးသင့်သည်ကို တိကျစွာ ညွှန်ပြ၍[၇] မစွန့် မဝေဖန် ကောင်းသောပစ္စည်းတို့တွင် သံကြေးနှင့်စပ်သော ပစ္စည်းများကိုလည်း ဖော်ပြခဲ့ပါ။[၈]

၇။ ပယ်ပျောက်နိုင်ခဲသော အရောင်းမျိုးကို[၉] ဖော်ပြ၍ ဝဇ္ဇီတိုင်းသားရဟန်းများသည် အရှင်ရေဝတမထေရ်ထံ လာဘ်ထိုးသော ပစ္စည်းများကိုလည်း ဖော်ပြခဲ့ပါ။ [၁၀]

၈။ ရဟန်းတော်များ ရှိခိုးထိုက်သောပုဂ္ဂိုလ်များကို ဖော်ပြ၍ မည်သို့ရှိခိုးရမည်ကိုလည်း ဘုရားရှင်မိန့်တော်မူသည့်အတိုင်း ညွှန်ပြခဲ့ပါ။[၁၁]

---

၁၊ ဝိ၊ ၄၊ ၃၃၆။ ၂-၃၊ ဝိ၊ ၄၊ ၃၀၁။ ၄၊ ဝိ၊ ၄၊ ၃၆၉။ ၅၊ ဝိ၊ ၄၊ ၃၁၃။
၆၊ ဝိ၊ ၄၊ ၃၂၀။ ၇၊ ဝိ၊ ၄၊ ၃၂၅။ ၈၊ ဝိ၊ ၄၊ ၃၂၂၉၃။ ၉၊ ဝိ၊ ၅၊ ၂၃၁။
၁၀၊ ဝိ၊ ၄၊ ၅၀၀။ ၁၁၊ ဝိ၊ ၅၊ ၃၅၈။

http://www.dhammadownload.com



၉။ အောက်ပါပါဠိကို နိယမာနိယမ ထင်ရှားစေလျက် အနက်မှန်ကန်စွာ ပေးခဲ့ပါ -

"ပုန စ ပရံ ဘိက္ခု ယာနိ တာနိ သီလာနိ အခဏ္ဍာနိ အစ္ဆိဒ္ဒါနိ အသဗလာနိ အကမ္မာသာနိ ဘုဇိဿာနိ ဝိညုပသတ္ထာနိ အပရာမဋ္ဌာနိ သမာဓိသံဝတ္တနိကာနိ။ တထာရူပေသု သီလေသု သီလသာမညဂတော ဝိဟရတိ သဗြဟ္မစာရိဟိ အာဝိ စေဝ ရဟော စ" ၁

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာ ပြန်ဆိုခဲ့ပါ -

"ဤအဇာတသတ်မင်းသားသည် ငယ်လည်း ငယ်ရွယ်ပါ၏။ နောင်အခါ ကောင်းလည်း ကောင်းရာ၏။ ငါသည် အဇာတသတ်မင်းသာကို ကြည်ညိုစေရမူ ကောင်းလေရာ၏။ ထိုမင်းသားသည် ငါ့အား ကြည်ညိုသည်ရှိသော် လာဘ်ပူဇော်သက္ကာရ ဖြစ်လတ္တံ့." ၂

* * * * *

## ၁၃၃၇–ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "ကတ္တုဏ္ဏာဝညထာဘာဝံ သံသာရံ" ၃ ၌ ရှေ့ပုဒ်ကို ပဒစ္ဆေဒပြု၍ ကတ္တုဏ္ဏာဝ-ကို အန္တတ်+ဗာဟျတ် အနက် ၂-မျိုး ပြပြီးလျှင် သံသာရံ-ကို ကာရကရုပ်ကျဉ်း တွက်ပါ။

၂။ "တထာဂတော အာသဘံ ဌာနံ ပဋိဇာနာတိ" ၄ ၌ တထာဂတော-ကို ဗဟုဗ္ဗိဟိ သမာသဝိဂ္ဂဟပြု၍ အာသဘံ-ကို တဒ္ဓိတ်ရုပ်ကျဉ်း စီရင်ပြီးလျှင် "အာသဘဋ္ဌာနံ"ဟု သမာသ်စပ်က ဖြစ်သင့်သောအနက်ကို ပြခဲ့ပါ။

၃။ "တထာဂတဿ ဝေသာရဇ္ဇာနိ" ၅ ၌ သာရဇ္ဇ+ဝေသာရဇ္ဇ-အရများကို ခွဲခြားကောက်ပြ၍ ဝေသာရဇ္ဇစိတ်နောင် စောနိုင်သော အပ္ပနာဇောနှင့် ဖြစ်သင့်သော တဒါရုံတို့ကိုလည်း ထုတ်ပြခဲ့ပါ။

၄။ ကတ္တုဏ္ဏာဝနှင့် အညထာဘာဝ အရများကို ကွဲပြားအောင် ကောက်ပြ၍ "သန္တော နံ သဒါ ဘဇန္တိ" ၆ ၌ သန္တော-အရ ဖြစ်သင့်သော ပုဂ္ဂိုလ် ဘုံတို့ကို ခွဲပြပြီးလျှင် နံ-အရ ပုဂ္ဂိုလ်၏ ပဋိသန္ဓေအခါ ရကောင်းသော ရုပ်ကလာပ်များကိုလည်း ပြခဲ့ပါ။

---

၁၊ ဝိ၊ ၅၊ ၁၆၈။ ၂ ဝိ၊ ၄၊ ၃၄၁။ ၃၊ အံ၊ ၁၊ ၃၁၆။ ၄၊ အံ၊ ၁၊ ၃၁၅။
၅၊ အံ၊ ၁၊ ၃၁၅။ ၆၊ အံ၊ ၂ ၃၅။

http://www.dhammadownload.com



၅။ ပညာကြီးစားကာ ကိုယ်စိတ်ဆင်းရဲခံလျက် စာမေးပွဲဖြေသော သာမဏေ၊ . . . စာပေမသင် ဝတ်စားဆင်ယင်၍ ဇိမ်ကျကျနေသော သာမဏေတို့ကို အနုသောတသုတ်လာ ပုဂ္ဂိုလ် ၄-မျိုးဖြင့် ဝေဖန်၍[၁] ပဉ္စတ္တိသုတ်လာ[၂] ရာဟုအသုရိန်၏ ဦးခေါင်း၊ နဖူး၊ ခြေဆစ်၊ လက်ဆစ်တို့၏ အတိုင်းအရှည်ကို[*] ပြခဲ့ပါ။

၆။ ကာဠကာရာမသုတ်လာ[၄] "တေ ဘိက္ခူ ဘဂဝတော" ဖြစ်သင့်သော ရဟန်းအရေအတွက်၊ နေထိုင်ရာမြို့၊ ဓမ္မဒေသကပုဂ္ဂိုလ်၊ ရရှိသော တရားထူးများကို[*] ဖော်ပြ၍၊ အလှူစင်ကြယ်ကြောင်း လေးမျိုးကို[၅] တိုတိုရှင်းရှင်း ရေတွက်ခဲ့ပါ။

၇။ မေဏ္ဍကသူဌေး၏မြေး ဥဂ္ဂဟသည် မြတ်စွာဘုရားပါ ငါးပါးသာ ဆွမ်းစားပင့်ခြင်း၏အကြောင်းကို ပြ၍[၅] ထိုမင်္ဂလာဆောင်၌ ဟောသည့်အတိုင်း လိုက်နာကျင့်သုံးသော သတို့သမီးတို့၏ ရောက်ရာဘုံကို ပြပြီးလျှင်[၆] ဣဋ္ဌသုတ်လာ ဒုလ္လဘငါးမျိုးကို[၇] ရေတွက်ခဲ့ပါ။

၈။ သောပ္ပသုတ်လာ[၈] ညနေချမ်းအခါ စည်းဝေးရာဇရပ်သို့ မြတ်စွာဘုရားနှင့်အတူ ချဉ်းကပ်နေထိုင်သော မထေရ်တစ်ကျိပ်ကို ရေတွက်၍ သာမကသုတ်၌[၉] နတ်သားလျှောက်ထားသော ပရိဟာနိယတရား၊ ဘုရားဟောသော ပရိဟာနိယတရားတို့ကို ကွဲပြားအောင် ပြခဲ့ပါ။

၉။ မုတ္တေန-၏ အပါဒါန်သရုပ်ကို ဖော်ထုတ်၍ အောက်ပါ ဂါထာကို နိဿယည်းနည်းကျကျ အနက်ယောဇနာပါ -

ဧဝံ ယဇိတ္វာ မေဓာဝီ၊ သဒ္ဓေါ မုတ္တေန စေတသာ။
အဗျာပဇ္ဈံ သုခံ လောကံ၊ ပဏ္ဍိတော ဥပပဇ္ဇတိ။[၁၀]

၁၀။ "အရှင်ဘုရား၊ ထိုအကျွန်ုပ်သည် အနှစ်တစ်ရာ အသက်ရှင်လျက် အိပ်စက်မှု၊ အပန်းဖြေနားနေမှုမှတစ်ပါး အနှစ်တစ်ရာပတ်လုံး သွားခဲ့ရာ. . . လောက၏အဆုံးကို မရောက်ဘဲ စကြဝဠာအကြား၌သာလျှင် သေရပါသည်"[၁၁]ဟူသော စကားကို ပါဠိသိကုံးခဲ့ပါ။

---

၁၊ အံ၊ ၁၊ ၃၁၁။ ၂၊ အံ၊ ၂၊ ၃၂၄။ * အံ၊ ၄၊ ၂၊ ၂၆၁။ ၃၊ အံ၊ ၁၊ ၃၃၃။ ၄၊ အံ၊ ၁၊ ၃၉၂။
* အံ၊ ၄၊ ၂၊ ၂၇၂။ ၅၊ အံ၊ ၄၊ ၃၊ ၁၈။ ၆၊ အံ၊ ၄၊ ၃၊ ၂၀။ ၇၊ အံ၊ ၂၊ ၄၁။ ၈၊ အံ၊ ၂၊ ၂၆၄။
၉၊ အံ၊ ၂၊ ၂၇၂။ ၁၀၊ အံ၊ ၂၊ ၂၉၆။ ၁၁၊ အံ၊ ၁၊ ၃၅၇။

http://www.dhammadownload.com


## ၁၃၃၇–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

မုဟုတ္တမပိ စေ ဝိညူ၊ ပဏ္ဍိတံ ပယိရုပါသတိ။
ခိပ္ပံ ဓမ္မံ ဝိဇာနာတိ၊ ဇိဝှါ သူပရသံ ယထာ။ [၁]

၁။ ဝိညူ-ပုဒ်ကို နာမပဒမာလာ စဉ်ပြီးလျှင် ပယိရုပါသတိ-၌ ဓာတ်ရင်းကိုသာ ယူ၍ ဝတ္တမာန် ပရဿပုဒ်ဖြင့် ဂိုဏ်းစဉ်ခဲ့ပါ။

၂။ ပယိရုပါသတိ-ပုဒ်ကို သန္ဓိရုပ်တွက်ပြီးလျှင်၊ ဇိဝှါ-ပုဒ်၏ ရုပ်ပြီးပုံကိုလည်း ပြဆိုပါ။

၃။ "ထေရော သုတွာဝ သံဝိဂ္ဂမာနသော" [၂] ၌ သံဝိဂ္ဂမာနသော-ဝယ် တရားကိုယ်ကို တိကျစွာ ကောက်ပြခဲ့ပါ။

၄။ ဒေသနာဝသာနေ ဗဟူ သောတာပတ္တိဖလာဒီနိ ပါပုဏိံသု" [၃] အရ တိက္ခ+မန္ဒ ပုဂ္ဂိုလ်ခွဲခြား၍ သောတာပတ္တိမဂ္ဂဝီထိ နှစ်မျိုးချပြခဲ့ပါ။

၅။ ဂိဇ္ဈကုဋ်တောင်ထွတ်ဝယ် ရှင်မောဂ္ဂလ္လာန်ထေရ်နှင့် တွေ့သော ကျီးပြိတ္တာ၏ ပုံသဏ္ဌာန်၏ပမာဏကို ဖေါ်ပြပြီးလျှင် ယင်းကျီးပြိတ္တာ၏ အတိတ်ကံ (ကျူးလွန်ပြစ်) ကိုလည်း ဖြေဆိုခဲ့ပါ။ [၄]

၆။ ကာဏာအမျိုးသမီးနှင့် မုန့်အလှူခံ ရဟန်းကြီးလေးဦးတို့၏ အတိတ်ဘဝဟောင်းကို ဗဟုဇာတ်လာနှင့် ဖြေဆိုပါ။ [၅]

၇။ သူတော်ကောင်းများ လောကဓံတွေကြုံ ချမ်းသာတုံ ဆင်းရဲတုံလည်း ဖောက်ပြန်ခြင်း မရှိပုံနှင့် လူယုတ်မာတို့ကား ဖောက်ပြန်တတ်ပုံများကို ရဟန်းငါးရာဝတ္ထုဖြင့် တင်ပြ ဖြေဆိုခဲ့ပါ။ [၆]

၈။ သီဝလိထေရ်သည် အဘယ်အတိတ်ကံများကြောင့် ဘယ်မျှလောက်ကြာ သန္ဓေ ကိန်း၍ ဖွားမြင်ရပုံနှင့် လာဘ်ပေါ်များပုံတို့ကို ဖြေဆိုခဲ့ပါ။ [၇]

၉။ "ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ" [၈] ယင်းဂါထာပါဋ္ဌိကို မြန်မာ ဘာသာပြန်ဆိုပါ။

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၀၁။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၉၄။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၅၀။
၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၂၀။ ၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၇၄။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၇၅-၆။
၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၀၁-၂။ ၈၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၁၆။

http://www.dhammadownload.com



၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာ စီကုံးပါ -

"ထိုစကား သင့်စွ . . .၊ ထိုမိန်မးသည် လွန်လေပြီးသောအခါ တရားဏာသီပြည်၌ သူကြွယ်တစ်ဦး၏ မယားသည် ရေခပ်ခြင်း၊ မောင်းထောင်းခြင်း၊ ထမင်းချက်ခြင်း အစ ရှိကုန်သော ခပ်သိမ်းသော အမှုကိစ္စတို့ကို မိမိလက်ဖြင့်သာလျှင် ပြု၏" ။

* * * * *

## ၁၃၃၈-ခုနှစ်၊ စူဠဝါ ပရိဝါ ပါဠိတော်

၁။ "ကလဟဇာတာနံ ဝိဝါဒါပန္နာနံ ဥပသမတိ တိဌန္တော"[၂] ၌ ကလဟ-ပုဒ်၏ဓာတ်ရင်းကို ဝတ္တမာန်ဝိဘတ်ဖြင့် အာချာတ်ပဒမာလာ၊ ယင်းကလဟ-ပုဒ်ကိုပင် နာမပဒမာလာ စဉ်ခဲ့ပါ။

၂။ ဥပသမတိ-ကို ဤ၌ ဖြစ်ထိုက်သော အနက်အားလျော်စွာ သမာသဝိဂ္ဂဟ နှစ်မျိုးပြုပြီးလျှင် အသီးသီး အဘိဓေယျတ္ထကို ဖေါ်ညွှန်ပြ၍ ဥပသမတိ-ကို ကာရကရုပ်မှန်စွာ စီရင်ပြပါ။

၃။ "ဒုဌစိတ္တာ ဝိဝဒန္တိ" [၁] ၌ တရားကိုယ်ကောက်ပြီးလျှင် ကိစ္စ၊ ဒွါရ၊ အာရုံတို့ဖြင့် ဝေဖန်ပါ။

၄။ "မူဠစိတ္တာ ဝိဝဒန္တိ" [၁] ၌ တရားကိုယ်ကောက်ပြီးလျှင် ယင်းတရားကိုယ်၏ဖြစ်ရာ ဝီထိအစဉ် ပုဂ္ဂိုလ် ဘုံများကို တိကျစွာ ဝေဖန်ခဲ့ပါ။

၅။ နာဠာဂိရိဆင်ကြီးအား ရှင်တော်ဘုရားက ဆုံးမတော်မူလိုက်ရာတွင် ယဉ်ကျေးသွားပုံ အခြင်းအရာကို ပေါ်လွင်အောင် ဖေါ်ပြပါ။ [၅]

၆။ အဓိကရုဏ်းကို ငြိမ်းစေရာ၌ ဘုရားရှင်ခွင့်ပြုတော်မူအပ်သော စာရေးတံသုံးမျိုးကို ရေးပြီးလျှင်[၅] ရဟန်းတော်များ သုံးဆောင်အပ်/မသုံးဆောင်အပ်သော ခေါင်းအုံးတို့ကို ခွဲခြားပြပါ။ [၆]

၇။ သဗ္ဗဂ္ဂီရဟန်းများ ဝတ်ဆင်ကြသော ဝလ္လိက၊ ပါမင်္ဂ၊ ကဏ္ဍသုတ္တက၊ ကဋိသုတ္တက၊ သြဝဋ္ဋိက၊ ကာယုရ၊ ဟတ္ထာဘရဏ၊ အင်္ဂုလိမုဒ္ဒိက တို့ကို မြန်မာဘာသာဖြင့် အဓိပ္ပါယ်သိသာအောင် ညွှန်ပြပါ။[၇]

---

၁၊ ဓမ္မပဒ၊ ၄၊ ၁၊ ၂၆။ ၂၊ ဝိ၊ ၅၊ ၇၀။ ၃၊ ဝိ၊ ၄၊ ၂၁၃။ ၄၊ ဝိ၊ ၄၊ ၁၅၇။
၅၊ ဝိ၊ ၄၊ ၂၂၈။ ၆၊ ဝိ၊ ၄၊ ၂၉၅။ ၇၊ ဝိ၊ ၄၊ ၂၄၁။

http://www.dhammadownload.com



၈။ ဝစ္စကုဋိတက်ရာ၌ သိတင်းကြီး သိတင်းငယ်တို့ ဆုံမိကြရာဝယ် သိတင်းကြီး အစဉ် ဖြင့်သာ ပြုသင့်ပါသလော? မည်သို့ ပြုသင့်သည်ကို အဋ္ဌုပ္ပတ် ချင်းပြ၍ ရှင်းပြဆုံးဖြတ် ခဲ့ပါ။ [၁]

၉။ အောက်ပါ ဂါထာကို အနက်မှန်စွာ ယောဇနာပြပါ -

မဟာရောဟဿ မဟိ ဝိကြုဗ္ဗတော။
ဘိသံ ယသာနဿ နဒီသု ဇဂ္ဂတော။
ဘိက်ော၀ ပက် အဘိဘက္ခယိတွာ၊
မမာနုကြျဗ္ဗံ ကပဏော မရိဿတိ။[၂]

၁၀။ "အဆွေတို့ အကြင်အခါ၌ ငါသည် အငယ်သည်ဖြစ်၏။ ထိုအခါ၌ ဤညောင်ပင်ကို ပေါင်ဘို့၏အကြား၌ ပြု၍ လွန်နိုင်၏။ အညွန့်အဖျားသည် ငါ၏ဝမ်းကို ထိ၏" [၃] ဟူသော မြန်မာဘာသာကို ပါဠိဘာသာ စီကုံးခဲ့ပါ။

* * * * *

## ၁၃၃၈–ခုနှစ်၊ အဂ္ဂတ္ထိုရ်ပါဠိတော်

၁။ "ဘိက္ခု ဣမမေ၀ ကာယံ ဥဒ္ဓံ ပါဒတလာ အဓော ကေသမတ္ထကာ တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ" [၄] ၌ အသုစိနော-ဝယ် ဝိဘတ္တိ+ဝိဘတျတ္ထ၊ ဝိဘတ္တိဝိဓိသုတ်တို့ကို ဖော်ပြ၍ ပစ္စဝေက္ခတိ-၌ တိဝိဘတ်သက်ရခြင်း၏အကြောင်း ကိုလည်း သဒ္ဒါစည်းကမ်းကျကျ ဖော်ပြပါ။

၂။ "စာတုမဟာရာဇိကာနံ ဒေဝါနံ" [၅] ၌ စတုမဟာရာဇ-ပုဒ်ကို သမာသ်ဝိဂ္ဂဟပြု၍ စာတုမဟာရာဇိက-ပုဒ်ကို သမာသ်+တဒ္ဓိတ် ဝိဂ္ဂဟနှစ်မျိုး လုပ်၍ ပြခဲ့ပါ။

၃။ "စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ" [၆] ၌ စိတ္တ အရ စိတ္တာနုပဿီ-၌ အနုပုဗ္ဗ+ဒိသဓာတ် အရ ဖြစ်သင့်သော ပရမတ္ထတရားတို့ကို ဖော်ပြပြီးလျှင် စိတ္တာနုပဿီဖြစ်သော တိပိတ် ပုထုဇဉ်ယောဂါဝစရပုဂ္ဂိုလ်သည် ကာမပုဂ္ဂိုလ်၊ ရူပပုဂ္ဂိုလ် ဖြစ်ခဲ့သော် ရနိုင်သောစိတ် များကို ခွဲခြားကောက်ပြခဲ့ပါ။

---

၁၊ ဝိ၊ ၄၊ ၃၉၁။ ၂၊ ဝိ၊ ၄၊ ၃၆၄။ ၃၊ ဝိ၊ ၄၊ ၁၁၀-၁။ ၄၊ အံ၊ ၂၊ ၂၈၅။
၅၊ အံ၊ ၂၊ ၄၈၈ (ပေယျာလအတွင်းမှ)။ ၆၊ အံ၊ ၁၊ ၄၁။

http://www.dhammadownload.com



၄။ (၃) နံပါတ်လာ စိတ္တာနုပဿီ အရ ကာမာဝစရဂဇ္ဇာသေယျက ယောဂီပုဂ္ဂိုလ်သန္တာန်၌ ဥတုဇရုပ်စ၍ဖြစ်ရာကာလနှင့် စိတ္တဇရုပ်တို့၏ နောက်ဆုံးချုပ်ရာကာလတို့ကို ညွှန်ပြခဲ့ပါ။

၅။ စတုက္ကနိပါတ် ပတောဒသုတ်လာ ယောက်ျားအာဇာနီလေးမျိုးကို ဖော်ပြ၍[၁] ရဟန်း၏ဘေးရန်ဖြစ်သော ဥမ္မိ၊ ကုမ္ဘီလ၊ အာဝဋ္ဋ၊ သုသုကာ[၂] အရတို့ကိုလည်း ရေးခဲ့ပါ။

၆။ အဂါရဝ၊ အပ္ပတိဿ ဖြစ်ရခြင်း၏ အင်္ဂါများကို ဖော်ပြ၍[၃] ဒါနဖလငါးမျိုးနှင့် ဒါနာနိသံသာ ငါးမျိုးရှိရာ ထူးခြားသော ဖလနှင့်အာနိသံသတို့ကိုသာ ညွှန်ပြခဲ့ပါ။[၄]

၇။ ရောဂါဝေဒနာဖြစ်ကြောင်းများကို ကုန်စင်အောင် ဖော်ပြ၍[၅] လက်ရှိဘဝတွင် အနာဂါမိ၊ ရဟန္တာဖြစ်လိုသောသူသည် မည်သည့်တရားများကို လက်ကိုင်ထားကာ ပွားများရမည်ကို ဖော်ပြခဲ့ပါ။[၆]

၈။ ဒါရုကမ္မိကာသူကြွယ်အား ဘုရားရှင် ရှေးဦးစွာ မိန့်ကြားသောစကားကို ဖော်ပြ၍ ဘုရားရှင်၏စကားကို ဒါရုကမ္မိက ပြန်လည်ဖြေကြားပုံကိုလည်း ရေးခဲ့ပါ။[၇]

၉။ "(ပရိဝဇ္ဇေတိ) အဟိံ ခါဏုံ ကဏ္ဋကဌာနံ သောဗ္ဘံ ပပါတံ စန္ဒနိကံ ဩဠိဂလ္လံ" [၈] ဟူသော ဝါကျကို မြန်မာဘာသာပြန်ဆိုရေးသားပါ။

၁၀။ "သူကြွယ်၊ သားမယားတို့ဖြင့် ကျဉ်းမြောင်းသည့်အိပ်ရာ၌ စိုးအုပ်နေသော ကာသိတိုင်းထွက် စန္ဒကူးနှစ်ကို သုံးဆောင်သော ပန်းနံ့သာ နံ့သာပြောင်းကို ဆောင်သော သင်သည် 'ဤရဟန်းတို့သည် ရဟန္တာတို့'ဟူ၍လည်းကောင်း၊ 'ဤရဟန်းတို့သည် အရဟတ္တမဂ်သို့ ရောက်သော ရဟန်းတို့' ဟူ၍လည်းကောင်း သိနိုင်ခဲ၏" [၉] ဟူသော စကားရပ်များကို ပါဠိစုဏ္ဏိယဝါကျ စီကုံးပါ။

* * * * * *

## ၁၃၃၈–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

ပါပဉ္စေ ပုရိသော ကယိရာ၊ န နံ ကယိရာ ပုနပ္ပုနံ။
န တမှိ ဆန္ဒံ ကယိရာထ၊ ဒုက္ခော ပါပဿ ဥစ္စယော။ [၁၀]

---

၁၊ အံ၊ ၁၊ ၄၂၉။ ၂၊ အံ၊ ၁၊ ၄၃၈။ ၃၊ အံ၊ ၂၊ ၆၊ ၇။ ၄၊ အံ၊ ၂၊ ၃၃-၅။
၅၊ အံ၊ ၂၊ ၁၁၅-၆။ အံ၊ ၁၊ ၄၆၁။ (အံ၊ ဌ၊ ၂၊ ၃၄၀ နှင့်ရှု)။ ၆၊ အံ၊ ၂၊ ၇၂။
၇၊ အံ၊ ၂၊ ၃၄၃။ ၈၊ အံ၊ ၂၊ ၃၄၂။ ၉၊ အံ၊ ၂၊ ၃၄၃။ ၁၀၊ ဓမ္မပဒ၊ ဌ၊ ၂၊ ၄။

http://www.dhammadownload.com



၁။ အထက်ပါ ဂါထာ၌ တမို-ပုဒ်ကို သတ္တမီဝိဘတ်ဖြင့်သာ နာမပဒမာလာစဉ်ပြီးလျှင် ဆန္ဒ-၌ ဓာတ်ကိုယူ၍ ရသင့်သော ဂိုဏ်းအားလျော်စွာ ဝတ္တမာန် ပရဿပုဒ်ဝိဘတ်ဖြင့် အာချာတပဒမာလာ စဉ်ခဲ့ပါ။

၂။ ကယိရာ-ကို အာချာတ်ရုပ်ပြီးပုံဖော်ပြပြီးလျှင် ပါပဿ-၌ သဝိဘတ်သက်သော သုတ်နှင့် အနက်တို့ကို ဖော်ပြ၍ ဥစ္စယော-ကို အစပ်မှန်မှန် စပ်ပြခဲ့ပါ။

၃။ "ဆန္ဒံ ကယိရာထ" ၌ ဆန္ဒ၏အရ တရားကိုယ်ကောက်ပြပြီးလျှင် ၎င်းအရ တရား၏ ဖြစ်နိုင်သော ဘုံ၊ ပုဂ္ဂိုလ်တို့ကိုလည်း အသီးသီးဖော်ပြခဲ့ပါ။

၄။ "န နံ ကယိရာ ပုနပ္ပုနံ" ၌ 'ထိုမကောင်းမှု အကုသိုလ်ကို အဖန်တလဲလဲ မပြုရာ'ဟု ဆင်ခြင်သော ယောက်ျား၏သန္တာန်၌ဖြစ်သော ဝီထိတို့ကို ချပြီးလျှင် ၎င်းဝီထိ၌ ရနိုင်သော စိတ္တုပ္ပါဒ်တို့ကိုလည်း ဖော်ပြပါ။

၅။ အထက်ပါ ဂါထာသည် မည်သည့်ဝဂ်၌ လာရှိ၍ မည်သည့်အရပ်၌ မည်သည့် မထေရ်ကို အကြောင်းပြု၍ ဟောတော်မူသည်ကို ဝတ္ထုအကျဉ်းချုပ်နှင့်တကွ ဖော်ပြခဲ့ပါ။

၆။ လာဇနတ်သမီးဝတ္ထု၌ လာဇနတ်သမီးသည် အတိတ်ဘဝက မည်သည့်နာမည်ဖြင့် မည်သည့်အလှူကို မည်သည့်မထေရ်အား လှူဒါန်းခဲ့ဖူး၍ မည်သည့်ရောဂါဖြင့် သေ၍ လာဇနတ်သမီးဖြစ်လာသည်ကို ဖော်ပြခဲ့ပါ။[၁]

၇။ အနာထပိဏ်သူဌေး ဇေတဝန်ကျောင်းအလှူနှင့်စပ်၍ လှူဒါန်းသော ငွေကို အရေ အတွက် သင်္ချာမျှ ဖော်ပြ၍ ၎င်းကျောင်းသို့ တစ်နေ့သုံးကြိမ် သွားသောအချိန်နှင့် ယူသွားသော လှူဖွယ်ဝတ္ထုတို့ကိုလည်း ဖော်ပြခဲ့ပါ။ [၂]

၈။ ဤသာသနာတော်၌ အချို့သူသည် မိမိသာလျှင် အလှူပေး၏၊ သူတစ်ပါးကို မတိုက် တွန်း * * * မိမိကား အလှူမပေး၊ သူတစ်ပါးကို တိုက်တွန်း၏၊ *** မိမိလည်း မလှူ သူတစ်ပါးကိုလည်း မတိုက်တွန်း၊ * * * ကိုယ်တိုင်လည်း လှူ သူတစ်ပါးကိုလည်း တိုက်တွန်း၏။ ထိုသူတို့ ရရှိအပ်သော အကျိုးတို့ကို အသီးသီး ဖော်ပြခဲ့ပါ။ [၃]

၉။ "ပါဏိမှိ စေ ဝဏော နာဿ၊ ဟရေယျ ပါဏိနာ ဝိသံ။

နာဗ္ဗဏံ ဝိသမန္ဒေတိ၊ နတ္ထိ ပါပံ အကုဗ္ဗတော" [၄]ဟူသော ဂါထာကို မြန်မာ ဘာသာ အဓိပ္ပါယ်ရအောင် ပြန်ဆိုပါ။

---

၁၊ ဓမ္မပဒ၊ ဠ၊ ၂ ၅။ ၂၊ ဓမ္မပဒ၊ ဠ၊ ၂ ၇။ ၃၊ ဓမ္မပဒ၊ ဠ၊ ၁၊ ၃၅၉၊ ၃၉၀။ ၄၊ ဓမ္မပဒ၊ ဠ၊ ၂ ၁၈။

http://www.dhammadownload.com



၁၀။ "ကုက္ကုဋမိတ္တသည် ထိုသူဌေးသမီး၏အသံကို ကြားရ၍ ကြံ၏ - 'စင်စစ် ပျက်သည် ဖြစ်၏။ ဤသူသည် ငါ၏ယောက္ခမ ဖြစ်သတတ်။ ငါသည် ပြုအပ်သော ဝန်လေးသော အမှုသည် အံ့ဖွယ်ရှိ၏' ဤသို့ ကြံ၏" [၁] စကားရပ်ကို ပါဠိဘာသာ စီကုံးခဲ့ပါ။

* * * * *

## ၁၃၃၉-ခုနှစ်၊ စူဠဝါ ပရိဝါ ပါဠိတော်

ဘိက္ခူနံ မိထု ယထာဝုမ္ဗံ အဘိဝါဒနံ ပစ္စုဋ္ဌာနံ အဉ္ဇလိကမ္မံ သာမီစိကမ္မံ အာသနာဘိဟာရံ သေယျာဘိဟာရံ ပါဒေါဒကံ။ [၂]

၁။ ☞ အထက်ပါ ပါဠိတော်၌ သာမီစိကမ္မံ-ပုဒ်ကို သမာသ်ဝိဂ္ဂဟပြုပြီးလျှင် သာမီစိ-ပုဒ်ကို နာမပဒမာလာ စဉ်ပြပါ။

၂။ ပါဒေါဒကံ-ပုဒ်ကို သမာသ်ဝိဂ္ဂဟပြုပြီးလျှင် ယထာဝုမ္ဗံ-ပုဒ်ဝယ် ဝုမ္ဗ-၌ ဓာတ်ကို ယူ၍ ဝတ္တမာနဝိဘတ် ပရဿပုဒ်ဖြင့် အာချာတပဒမာလာ စဉ်ပြပါ။

၃။ သာမီစိကမ္မ-[၃] အရ တရားကိုယ်ကို ကောက်ပြပြီးလျှင် ယင်းသာမီစိကမ္မသည် ကာယကံစသည်တွင် အဘယ်ကံဖြစ်သည်ကိုလည်းကောင်း[၄]၊ ဒါန သီလ ဘာဝနာ သုံးရပ်တွင် အဘယ်၌ ပါဝင်ထိုက်သည်ကိုလည်းကောင်း အကြောင်းထောက်ပြ ဖြေဆိုပါ။[၅]

၄။ အဉ္ဇလိကမ္မ အရ တရားကိုယ်ကို ကောက်ပြ၍ ယင်း၏သမ္ပယုတ္တဓမ္မများကို ထုတ်ပြပြီးလျှင် ယင်းစိတ်ဖြစ်ခိုက် အတိမဟန္တာရုံ ဝီထိပုံစံတစ်ခု စိတ်စဉ်မှန်စွာ ချပြခဲ့ပါ။

၅။ သံရှည်ဆွဲသော သီချင်းသံဖြင့် တရားဟောသော ရဟန်းအား ဘုရားရှင်မြစ်တား မိန့်ကြားအပ်သော အပြစ်ငါးပါးကို ပြဆိုခဲ့ပါ။[၆]

၆။ သစ်သားသပိတ်ကို ဘုရားရှင်မြစ်တားတော်မူခဲ့ရာတွင် (က) အဘယ်သစ်သား သပိတ်၊ (ခ) လှူဒါန်းသူ၊ (ဂ) အလှူခံရသူ၊ (ဃ) ခံယူပုံ အခြင်းအရာတို့ကို ညွှန်ကြား ဖော်ပြခဲ့ပါ။[၇]

---

၁၊ ဓမ္မပဒ၊ ဋ၊ ၂၊ ၁၇။ ၂၊ ဝိ၊ ၄၊ ၈၂။

၃၊ အဘိသမာစာရိက၊ အပစာယန-မေတ္တာပစာန မဟာကု ကြီ စေတနာ၊ (ကျော်၊ ၁၇၆။ ဝိ၊ ဋ၊ ၄၊ ၆)။

၄၊ အာဘိသမာစာရိကဖြစ်၍ ကာယကံ (အံ၊ ဋ၊ ၃၊ ၈၉)။

၅၊ သီလ (ဝိ၊ ဋ၊ ၂၊ ၂၀။ သာရတ္ထ၊ ၂၊ ၁၉၉။ ကျော်၊ ၁၇၇)။ * များစွာမြတ်နိုးမှုပြုကြောင်းစေတနာ- အပစာယန (ကျော်၊ ၁၇၆) [အံ၊ ဋ၊-၂ ၇၈ နှင့်တွဲရှု။] ၆၊ ဝိ၊ ၄၊ ၂၄၃။ ၇၊ ဝိ၊ ၄၊ ၂၄၆-၇။

http://www.dhammadownload.com



၇။ တောနေ ရဟန်းများကို ခိုးသူတို့က အဘယ့်ကြောင့် ရိုက်နှက်ကြောင်း ဖြေဆိုပြီးလျှင် တောနေရဟန်းများ ကျင့်ရသောဝတ်ကို စုံလင်အောင် ပြဆိုခဲ့ပါ။[၁]

၈။ သမ္ဗဇာနမုသာဝါဒကို ဆိုသော ရဟန်းအား အာပတ်ငါးမျိုးသင့်နိုင်ပုံကို အသီးသီး ခွဲခြားပြဆိုခဲ့ပါ။[၂]

၉။ အောက်ပါ ဂါထာတို့ကို အနက်မှန်စွာ ပေးပြခဲ့ပါ -

သမုဒ္ဒံ ဝိသကုမ္ဘေန၊ ယော မညေယျ ပဒူသိတုံ။

န သော တေန ပဒူသေယျ၊ ဘေသ္မာ ဟိ ဥဒဓိ မဟာ။

ဧဝမေဝ တထာဂတံ၊ ယော ဝါဒေနုပဟိံသတိ။

သမဂ္ဂတံ သန္တစိတ္တံ၊ ဝါဒေါ တမှိ န ရူဟတိ။ [၃]

၁၀။ "ထိုအခါ ရာဇဂြိုဟ်ပြည်၌ နေသော သူဌေးသည် ထိုစန္ဒကူးတုံးဖြင့် သပိတ်ကို ပွတ်စေ၍ ဆိုင်း၌ ထည့်၍ ဝါးဖျား၌ ဆွဲ၍ ဝါးအဆက်ဆက်ဖြင့် ဖွဲ့ချည်၍ ဤသို့ ဆို၏"[၄] ဟူသော မြန်မာစကားကို ပါဠိဘာသာ ပြန်ဆိုပါ။

* * * * *

## ၁၃၃၉–ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "တေ အညမညဿ အဘိဏှံ ဒဿနကာမာ အဟေသုံ" [၅] ၌ ယောနှင့်သဝိဘတ်တို့၏ ဝိဘတျတ္ထ+ဝိဘတ္တိဝိမိသုတ်တို့ကို အသီးသီးဖော်ပြ၍ အဟေသုံ-ကို အာချာတ်ရုပ်ကျဉ်းစီရင်ခဲ့ပါ။

၂။ "ယေ စ ကာမေ ပရိညာယ၊ စရန္တိ အကုတောဘယာ။

တေ ဝေ ပါရင်္ဂတာ . . ." [၆] ၌

အကုတောဘယာ-ကို သမာသဝိဂ္ဂဟပြု၍ ပရိညာယ-ကို ဓာတ်+ပစ္စည်း ခွဲဝေပြီးလျှင် ယင်း၏ အတွင်း+အပြင် အနက်များကိုလည်း ပြေခဲ့ပါ။

၃။ အထက်ပါ ဒဿနကာမာ အရ ဖြစ်သင့်သော တရားကိုယ်ကို ကောက်၍ သမ္ပယုတ်တရားကို ထုတ်ပြပြီးလျှင် ဖြစ်သင့်သော ဝီထိကို ချပြခဲ့ပါ။

---

၁၊ ဝိ၊ ၄၊ ၃၈၅။ ၂၊ ဝိ၊ ၅၊ ၆၁။ ၃၊ ဝိ၊ ၄၊ ၃၆၆။ ၄၊ ဝိ၊ ၄၊ ၂၄၆။

၅၊ အံ၊ ၂၊ ၅၉။ ၆၊ အံ၊ ၂၊ ၆၁။

http://www.dhammadownload.com



၄။ "တေ ဝေ ပါရင်္ဂတာ" ၌ တေ-အရ ဖြစ်သင့်သောပုဂ္ဂိုလ်နှင့် စိတ်သရုပ်ကို ထုတ်၍ ဖြစ်သင့်ရာဘုံကို ညွှန်ပြပြီးလျှင် ပါရ-အရ တရားကိုလည်း သေချာစွာ ကောက်ပြပါ။

၅။ သာသနာတော်၌ မတည်နိုင်သောရဟန်း၏ ပြည့်စုံသော တရားငါးမျိုးကို ရေတွက်၍[၁] ပစ္စုပ္ပန်နှင့်နောင်အခါ ချမ်းသာကျိုးရှိသော သမာဓိနှစ်မျိုးကို[၂] ထုတ်ပြပြီးလျှင် သုမနာမင်းသမီးနှင့်အတူ တရားထူးရသော ပုဂ္ဂိုလ်များကို ပြခဲ့ပါ။[၃]

၆။ ဘဒ္ဒိယမြို့နေ မေဏ္ဍကသူဌေး၏မြေး ဥဂ္ဂဟ၏ မြတ်စွာဘုရားပါ လေးပါးသာ ဆွမ်းစားပင့်ရပုံကို ပါဠိတော်ထောက်၍[၄] ရှင်းပြီးလျှင် "ဘတော ဝါ နော ဘရိဿတိ" [၅] အရ ကျွေးမွေးပြီး ကျွေးမွေးလတ္တံ့များကိုလည်း စုံလင်အောင် ထုတ်ပြခဲ့ပါ။[၆]

၇။ ပဉ္စကနိပါတ စတုတ္ထသုတ် (၅၀)တွင် ၄-ခုမြောက်သုတ်လာ သာသနာကွယ်ပခြင်း၏အကြောင်းများကို ရေတွက်၍[၇] ရဟန်းတု ရဟန်းယောင်များကြောင့် သာသနာကွယ်နိုင်၊ မကွယ်နိုင် ရှင်းပြီးလျှင်[၈] မဟာနာမသုတ်လာ တရားအောက်မေ့ခြင်း အကျိုးများကိုလည်း ထုတ်ပြပါ။[၉]

၈။ မြတ်စွာဘုရားမှတစ်ပါး အနုဿတိဋ္ဌာန ဟောကြားသော ပုဂ္ဂိုလ်၏ နိပါတ်၊ ဝဂ်၊ သုတ်၊ အမည်တို့ကို ဖော်ပြ၍[၁၀] လောက၌ ထင်ရှားဖြစ်ပေါ်လာမှု ရနိုင်ခဲသော တရား (၆)မျိုးကိုလည်း ရေတွက်ခဲ့ပါ။[၁၁]

၉။ နံပါတ် (၂) ပုစ္ဆာပါ ပရိညာသရုပ်ကို[*] ဖော်ထုတ်၍ အောက်ပါ ဂါထာကို နိဿယနည်းကျကျ အနက်ယောဇနာပါ -

> သလ္လပေ အသိဟတ္ထေန၊ ပိသာစေနာပိ သလ္လပေ။
> အာသီဝိသမ္ပိ အာသီဒေ၊ ယေန ဒဋ္ဌော န ဇီဝတိ။[၁၂]

၁၀။ "သံလျက်မြောက်ချီသော သူသတ်ယောက်ျား၌ ငြီးငွေ့သကဲ့သို့ အလုံးစုံသော သင်္ခါရတို့၌လည်း ငြီးငွေ့သောသညာသည် ငါ့အား ရှေးရှုတည်လိမ့်မည်။ အလုံးစုံသော လောကမှလည်း ငါ၏စိတ်သည် ထမြောက်လိမ့်မည်" [၁၃]ဟူသော စကားကို ပါဠိစုဏ္ဏိယ သီကုံးပါ။

---

၁၊ အံ၊ ၂၊ ၆။ ၂၊ အံ၊ ဌ၊ ၃၊ ၈။ ၃၊ အံ၊ ဌ၊ ၃၊ ၁၅။ ၄၊ အံ၊ ဌ၊ ၃၊ ၁၈။ ၅-၆၊ အံ၊ ဌ၊ ၃၊ ၂၁။
၇၊ အံ၊ ၂၊ ၁၅၅။ ၈၊ မကွယ်နိုင်၊ အံ၊ ၂၊ ၁၅၅-၉ တို့၌ မဟောခြင်းကြောင့်။ ၉၊ အံ၊ ၂၊ ၂၅၂။
၁၀၊ အံ၊ ၂၊ ၂၇၇။ ၁၁၊ အံ၊ ၂၊ ၃၈၄။ * အံ၊ ဋီ၊ ၃၊ ၂၄။ ၁၂၊ အံ၊ ၂၊ ၆၀။ ၁၃၊ အံ၊ ၂၊ ၃၈၆။

http://www.dhammadownload.com



## ၁၃၃၉–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ အသဿဒ္ဓေါ အကတညူ စ၊ သန္ဓိစ္ဆေဒေါ စ ယော နရော။
ဟတာဝကာသော ဝန္တာသော၊ သ ဝေ ဥတ္တမပေါရိသော။[၁]

ဝန္တာသော-ကို သမာသဝစနတ္တပြု အမည်ပေး၍ “သ ဝေ” ကို သုတ်ညွှန်းပြု ပဒစ္ဆေဒ ပြုလျက် (ဝေ) ကို နာမ်ရုပ်ကျဉ်းတွက်ပြီးနောက် (သ)ကိုလည်း စတုတ္ထီ သတ္တမီတို့ဖြင့် နာမပဒမာလာ စဉ်ခဲ့ပါ။

၂။ အသဿဒ္ဓေါ-၌ နောက်ပုဒ်ကိုသာ တဒ္ဓိတ်ဝစနတ္တပြု၍ အမည်ပေးကာ အကတညူ-ပုဒ်၌ ဓာတ်ကို ယူလျက် အဇ္ဇတနီဝိဘတ်ဖြင့် ဘာဝရုပ် အာချာတပဒမာလာ စဉ်ပြီး ဒယှရေ-ကိုလည်း[၂] အာချာတ်ရုပ်ကျဉ်း တွက်ခဲ့ပါ။

၃။ အကတညူ-၌ ရှေ့ပုဒ်အရ တရားကိုယ်ကောက်ပြ၍ ထိုကို ဤနေရာ ပုဂ္ဂိုလ်အား လျော်စွာ အနေကန်အာရုံပြုသည့် စိတ္တုပ္ပါဒ်ကို ရေးပြီး ကေန်သိပုံ ဝီထိကိုလည်း ချပြခဲ့ပါ။

၄။ “ဥဘော ပုတ္တာ ကာလကတာ”[၃] ၌ မည်သည့်သေခြင်းမျိုး သေရ၍ ထိုသူတို့၏ ရုပ်၄-မျိုး ချုပ်ရာနှင့်စဖြစ်ရာ အချိန်တို့ကို ရေးပြီး ထိုသူတို့ နောက်ဆုံးဖြစ်ခဲ့သည့် စိတ်၊ ထိုစိတ်က ပြုသည့်အာရုံကိုလည်း တိကျစွာ ဖော်ပြခဲ့ပါ။

၅။ ရှင်မေဃိယအား ဆုံးမသည့်ဂါထာလာ ဥပမာ+ဥပမေယျပြ ဝါကျကို အဓိပ္ပာယ် ပေါ်လွင်အောင် ရေး၍[၄] (၇)ကြိမ် ရဟန်းဝတ်ခဲ့သည့်ထေရ်၏အမည်၊ နောက်ဆုံးအကြိမ် ဝတ်ခါနီး တွေ့ခဲ့သည့်ကမ္မဋ္ဌာန်း၊ သွားစဉ် ရသည့်တရားထူး[၅]၊ မကြာမီ ရသည့်တရားထူး တို့ကိုလည်း ရေးခဲ့ပါ။[၆]

၆။ သေခမည်ပုံကို အရကောက်နှင့်တကွ ရေး၍[၇] လင်မျှော်မကလေး၏ လားရာဘဝ၊ ရခဲ့သည့်သားများ၊ လုပ်ခဲ့သည့်ကုသိုလ်တို့ကို ရေးပြီး[၈] “မရိစိဓမ္မမိဝ ကာယံ”[၉]၏ အဓိပ္ပါယ်ကို ရေးလျက် ဗန္ဓုလ၏မားစွမ်း[၁၀]နှင့်လေးစွမ်း[၁၁] တို့ကိုလည်း ရေးခဲ့ပါ။

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၉၆။ ၂ ဒယှရေ၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၄၀ (ဒ-ကို ဍပြုထားခြင်းသာ၊ နိရုတ္တိဒီပနီ၊ ၄၄၆- ၌ မပြု)။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၄၀။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၈၂။ ၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၉၅။
၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၉၆။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၁၃။ ၈၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၃၀။
၉၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၁၄?။ ၁၀၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၁၅။ ၁၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၂၃။

http://www.dhammadownload.com



၇။ ကာမမီးလောင်သဖြင့် အိပ်မပျော်သော မင်းနာမည်၊ သူကြားခဲ့ရသည့်အသံများ၊ ထိုအသံများကို ဆိုသူတို့၏ ပစ္စုပ္ပန်ဘဝ+အတိတ်ဘဝ လုပ်ငန်းများကို ရေး၍[၁] သောတာပန်ကို ငွေဖြင့် ဖြားယောင်း၍ ရ/မရကိုလည်း ဝတ္ထုသက်သေ အကျဉ်းချုပ် ရေးခဲ့ပါ။[၂]

၈။ သူတော်ကောင်း ပြစ်မှား၍ ဒဏ်ပြန်ခံရပုံ၊ ပြစ်မှားပုံ၊ ပြစ်မှားခဲ့သည့်ပုဂ္ဂိုလ်တို့ကို ရေး၍[၃] ယိဋ္ဌနှင့် ဟုတ-တို့၏ အထူးကို ရေးပြီး[၄] ချက်ချင်း ကောင်းကျိုးပေးနိုင်သည့် အင်္ဂါတို့ကိုလည်း ရေးခဲ့ပါ။[၅]

၉။ အထက်ပါ ဂါထာကို ကျနစွာ အနက်ယောဇနာ၍ -

"သော တီသ ဘိက္ခူ ဝန္ဒိတွာ 'သစေ ဘန္တေ မေ ဒေါသော အတ္ထိ၊ ခမထာ'တိ ဝတွာ နိက္ခမိ"[၆] ကို အရကောက်ပေါ်အောင် မြန်မာပြန်ဆိုပါ။

၁၀။ "ထိုသာမဏေသည် ပေးဒါကို ယူလျှင် 'ငါ့ ဥစ္စာကို ငါပေးလိုလျှင် ပေးမည်။ မပေးလိုလျှင် ပေးမည် မဟုတ်' ဟု ငါဆိုခဲ့ပြီ"[၇] ရင်းကို ပါဠိဝါကျ စီကုံးပါ။

* * * * * *

## ၁၃၄၀-ခုနှစ်၊ စူဠဝါ ပရိဝါ ပါဠိတော်

၁။ "စဝံ ဗျာ ခေါ်"[၈] ၌ သန္ဓိဖြစ်ပုံ၊ "ဂါထာဟိ အဇ္ဈဘာသိ"[၉] ၌ သန္ဓိမဖြစ်ပုံတို့ကို ယုတ္တိပြဖြေဆို၍ "ဂိဇ္ဈကူဋော"[၁၀]ကို သမာသဝိဂ္ဂဟ ၂-မျိုး ဆိုပြပါ။

၂။ "အဘုံ မေ ပိသာစော ဝတာယံ"[၁၁] ၌ အဘုံ-ကို လိင်၊ ဂဏ၊ ကာရန္တ ညွှန်ပြ၍ ပိသာစော-၌ ဓာတ်ကို ယူပြီး တိ၊ အန္တိ ၂-လုံးဖြင့် က္လစ္စာမိပ္ပေတ ဂဏာနုရူပ ပဒမာလာ စဉ်လျက် "ဆဝသီသဿ ပတ္တံ"[၁၂] ၌ သမ္ဗန်အမည်ကိုလည်း တိကျစွာ ညွှန်ခဲ့ပါ။

၃။ "ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ"[၁၃] ၌ ဝိဟရတိ-၏ အန္တတ္ထ-အရ ဝိဟာရများကို ပရမတ္ထဆိုက်အောင် အသီးသီး ဖော်ပြ၍ ဤ၌ လိုအပ်သော ဝိဟာရ၏ သမုဋ္ဌာန်တို့ကို ဒွါရဖြင့် ပိုင်းခြား ဖော်ပြခဲ့ပါ။

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၈၄-၅-၆-၇-၈။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၀၂။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၄၄။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၄၃။
၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၂၂။ ၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၅၉။ သဂြိုဟ်၊ ဘာ၊ ၃၄၄။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၃၀။
၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၃၆။ ၈၊ ဝိ၊ ၄၊ ၆၉။ ၉၊ ဝိ၊ ၄၊ ၃၅၇။ ၁၀၊ ဝိ၊ ၄၊ ၃၅၄?။
၁၁-၁၂၊ ဝိ၊ ၄၊ ၂၅၁။ ၁၃၊ ဝိ၊ ၄၊ ၁။

http://www.dhammadownload.com



၄။ "ပကတတ္တော ဘိက္ခု" [၁] ၌ ပကတတ္တော-၏ အန္တတ္ထ-အရကို ဖော်ပြ၍ ကိစ္စ၊ ဒွါရ၊ အာရုံတို့ဖြင့် ဝေဖန်ပြီးလျှင် "ဂဗ္ဘော အဿတရီ ယထာ" [၂] ၌ ဂဗ္ဘ-အရ အစဆုံးဖြစ်ထိုက်သော ရုပ်နာမ်တရားတို့ကို ဖော်ပြလျက် နာမ်တရားဖြစ်ပုံကို သိသာရုံ ဝိထိချပြခဲ့ပါ။

၅။ ကျောင်းဒါယကာတို့ ကျောင်းဆောက်ကိုးကွယ်ရာ၌ (က) ရည်ရွယ်ချက်၊ (ခ) ကိုးကွယ်ရမည့်ပုဂ္ဂိုလ်၊ (ဂ) ဆရာဒကာ အညမည ကျင့်သုံးရမည့်တာဝန်၊ (ဃ) ရရှိမည့်အကျိုးတို့ကို ရာဇဂြိုဟ်သူဌေး ဝတ္ထုသွား ထောက်ထား၍ ဘုရားအလိုတော်ကျအောင် ဖော်ပြခဲ့ပါ။ [၃]

၆။ သင်သည် အာဂန္တုကဖြစ်ခဲ့သော် အာဝါသိကတို့အား မေးမြန်းထားရမည့် အရာတို့ကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။[၄]

၇။ ဒေဝဒတ် ပရိသတ်၏ ဂဏာပါမောက္ခကြီးများ၏အမည်ကို ဖော်ပြ၍[၅] သာရဏီယတရားများကိုလည်း အကျဉ်းရေးခဲ့ပါ။[၆]

၈။ ကထိန်ခင်းထိုက်သောပုဂ္ဂိုလ်၏ အင်္ဂါများ[၇]နှင့် ကထိနဝတ္ထု ကထိနဘူမိတို့ကို ရေးသားခဲ့ပါ။[၈]

၉။ ယတော-ကို (ဗျာယာဗျယ) ၂-မျိုး ကြံ၍ အောက်ပါ ဂါထာကို အနက်ပေးခဲ့ပါ -

မာ ကုဋ္ဌရ နာဂမာသဒေါ။ ဒုက္ခံ ဟိ ကုဋ္ဌရ နာဂမာသဒေါ။

န ဟိ နာဂဟတဿ ကုဋ္ဌရ၊ သုဂတိ ဟောတိ ဣတော ပရံ ယတော။ [၉]

၁၀။ အောက်ပါ မြန်မာကို စုဏ္ဏိယပါဠိ သီကုံးခဲ့ပါ -

"ယခုအခါ ထင်ရှားကုန် ထင်ရှားကုန်သော သာကီဝင်မင်းသားတို့သည် ဘုရားရှင်ရဟန်းပြုလတ်သော် ရဟန်းပြုကုန်၏။ ငါတို့ အမျိုးမှ လူ့ဘောင်မှ ထွက်၍ ရဟန်းပြုသူကား တစ်ယောက်မျှ မရှိသေးပေ" [၁၀]

* * * * *

---

၁၊ ဝိ၊ ၄၊ ၉၄။ ၂၊ ဝိ၊ ၄၊ ၃၄၆။ ၃၊ ဝိ၊ ၄၊ ၂၉၁-၂။ ၄၊ ဝိ၊ ၄၊ ၃၇၄။
၅၊ ဝိ၊ ၄၊ ၃၅၈။ ၆၊ ဝိ၊ ၅၊ ၁၆၇-၈။ ၇၊ ဝိ၊ ၅၊ ၃၀၂။ ၈၊ ဝိ၊ ၅၊ ၃၀၆။
၉၊ ဝိ၊ ၄၊ ၃၅၇၊ ၁၀၊ ဝိ၊ ၄၊ ၃၃၆။

http://www.dhammadownload.com



## ၁၃၄၀–ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ “ကာယဿ ဘေဒါ ပရံ မရဏာ” [၁] ဝယ် ဘေဒါ၊ မရဏာ-ပုဒ်တို့၌ ဝိဘတ်+ ဝိဘတ်အနက်+စီရင်သောသုတ်တို့ကို ဖော်ပြပြီးလျှင် “ပရံ မရဏာ” ၌ မရဏာပုဒ်ကို ကာရကရုပ်ကျဉ်း ကျနစွာ တွက်ပြပါ။

၂။ “ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တမာနုသကေန သတ္တေ ပဿေယျံ” [၂] ၌ အတိက္ကန္တ-ပုဒ်၊ မာနုသက-ပုဒ်တို့ကို ဖြစ်ထိုက်သောဝိဂ္ဂဟ ပြုပြီးလျှင် ပဿေယျံ-၌ ဓာတ်ကို ယူ၍ အဇ္ဇတနီဝိဘတ် ပရဿပုဒ်ဖြင့် ကာယ်ယစုံစွာ အာချာတပဒမာလာ စဉ်ခဲ့ပါ။

၃။ “ဒိဗ္ဗေန စက္ခုနာ” အရ ဒိဗ္ဗစက္ခုအဘိညာဉ်၏ ဖြစ်ထိုက်သောအာရုံကို တိတိကျကျ ဖြေဆိုပြီးလျှင် အဘိညာဉ် (၇)ပါးသရုပ် စုံလင်စွာ ထုတ်ပြခဲ့ပါ။

၄။ “အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ။ပေ။ ဥပသမ္ပဇ္ဇ ဝိဟရေယျံ” [၃] အရ အရဟတ္တဖိုလ်သမာပတ် စိတ်အစဉ်ဖြစ်ပုံကို အာရုံနှင့်တကွ ကျနစွာ ဖြေဆိုခဲ့ပါ။

၅။ အိမ်သူအိမ်သားတို့ မလေးစား မနှစ်သက်အပ်သော ကုလူပကရဟန်း၏ ပြုကျင့်ပုံ ၅-မျိုးနှင့် အိမ်သူအိမ်သားတို့ နှစ်သက်မြတ်နိုးအပ်သော ကုလူပကရဟန်း၏ ပြုကျင့်ဖွယ် ၅-မျိုးတို့ကို ဖြေဆိုခဲ့ပါ။ [၄]

၆။ ပတ္တပိုက်ဓုတင်ဆောင် ရဟန်း ၅-မျိုးကို ပြဆိုပြီးလျှင် အပြစ်ကင်း၍ လွန်ကဲ မြင့်မြတ်သော ပတ္တပိုက် ဓုတင်ဆောင်နည်းကို ဥပမာဆောင်၍ ထင်လင်းအောင် ပြဆိုခဲ့ပါ။ [၅]

၇။ အလွန်ကြာမြင့်စွာ နေခြင်းမပြုမူ၍ အပိုင်းအခြားရှိသော နေထိုင်သီတင်းသုံးခြင်း၌ ရထိုက်သော အကျိုးတရား ၅-ပါးကို ပြဆိုခဲ့ပါ။ [၆]

၈။ စည်းစိမ်ဥစ္စာ ဟူသမျှသည် အပြစ် ၅-ပါးနှင့် ဆက်ဆံ၏။ ယင်းအပြစ်တို့မှ ကင်း လွတ်စေရန် စည်းစိမ်ဥစ္စာတို့၌ အကျိုးအတိုင်း ညွှန်ပြ ဖြေဆိုပါ။ [၇]

၉။ “ဝေမေဝံ ခေါ အဟံ အာနန္ဒ ယတော ဒေဝဒတ္တဿ ဝါလဂ္ဂကောဋိနိတ္တုဒနမတ္တမ္ပိ သုက္ကဓမ္မံ န အဒ္ဒသံ။ အထာဟံ ဒေဝဒတ္တံ ဗျာကာသိံ ‘အာပါယိကော ဒေဝဒတ္တော နေရယိကော ကပ္ပဋ္ဌော အတေကိစ္ဆော’တိ” [၈] ဟူသော ပါဠိကို မြန်မာစကားပြေ ပြန်ဆိုခဲ့ပါ။

---

၁-၂-၃၊ အံ၊ ၂ ၁၆။ ၄၊ အံ၊ ၂ ၁၂၀။ ၅၊ အံ၊ ၂ ၁၉၄။ ၆၊ အံ၊ ၂ ၂၂၅။
၇၊ အံ၊ ၂ ၂၂၆-၇။ ၈၊ အံ၊ ၂ ၃၅၃။

http://www.dhammadownload.com



၁၀။ "ပုဏ္ဏား၊ မင်းတို့သည် စည်းစိမ်ကို အလိုရှိကုန်၏။ ပညာအလို့ငှာ လေ့လာကုန်၏။ ဗိုလ်ပါအပေါင်းလျှင် တည်ရာရှိကုန်၏။ ရေမြေကို အစိုးရခြင်းကို နှစ်လုံးသွင်းကုန်၏။ အစိုးရခြင်းလျှင် အဆုံးရှိကုန်၏ဟု မိန့်တော်မူ၏" [၁]ဟူသော မြန်မာဘာသာကို ပါဠိဘာသာ သီကုံးခဲ့ပါ။

* * * * *

## ၁၃၄၀–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "ကုသီတော ဟီနဝီရိယော" [၂]၌ ကုသီတော-ကို သန္ဓိရုပ်တွက်၍ "တံ ဘူမိရာမဏော ယျက်" [၃]၌ ဖြစ်သင့်သလို သမာသ်+တဒ္ဓိတ် ဝိဂြိုဟ်လုပ်ကာ ရုပ်ပြီးပြပါ။

၂။ "ဟတ္ထိ ဗာလဿ သုက္ကံသံ၊ မုဒ္ဓမဿ ဝိပါတယံ" [၄]၌ ဝိပါတယံ-၏ သုဒ္ဓရုပ်ကို ထုတ်ပြ၍ ယင်းကို နာမပဒမာလာ စဉ်ပြီးလျှင် ဟတ္ထိ-ကို အာချာတ်ရုပ် တွက်ပြပါ။

၃။ "စရဋ္ဌေ နာဓိဂစ္ဆေယျ" [၅]၌ စရံ-၏ ဓာတွတ္ထတရားကို တိကျအောင် ကောက်ပြ၍ ယင်းကို အာရုံပြုနိုင်/မပြုနိုင်သော စိတ်တို့ကို ခွဲခြားပြပါ။

၄။ "ဥယျုဉ္ဇန္တိ သတီမန္တော" [၆]၌ ကြိယာပုဒ်အရ တရားတို့ကို အရာအားလျော်စွာ ပြည့်စုံအောင် ကောက်ပြ၍ ယင်းတို့တွင် အမြတ်ဆုံး အာရုံတရား၏ ဝိထိအမည်နှင့် စိတ်သရုပ် ဖော်ပြပါ။

၅။ "ဝိဝေကမနုဗြူဟယေ" [၇]၌ အဘာယ်ဝိဝေကဖြင့် အဘာယ်ကို ပယ်သည်ကို ဖော်ပြ၍ ဝိဝေကတို့ကို ကြောင်း+ကျိုး ဆက်ပြပါ။ [၈]

၆။ ပဏ္ဍိတသာမဏေရဝတ္ထုဉ္စ ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာတို့၏ အမေးအဖြေ၌ ဆိုလိုရင်းအဓိပ္ပာယ်ကို ဖော်ပြ၍ [၉] ခဲဖွယ်ဘောဇဉ်၌ ပရိညာ ၃-ပါးဖြစ်ပုံကို ညွှန်ပြပါ။ [၁၀]

၇။ ကုဏ္ဍလကေသီထေရီဝတ္ထုဉ္စ ခိုးသူလင်ယောကျ်ားက သတ်အံ့ဆဲဆဲတွင် ဘဒ္ဒါ မယ်၏ ကြံစည်ပုံ အခြင်းအရာနှင့် အဘာယ်ကို ရည်ရွယ်၍ တောင်စောင့်နတ်က ချီးမွမ်းသည်ကို ပြဆိုပြီးလျှင် [၁၁] ဓမ္မပဒ ၄-ပါးသရုပ်ကို ထုတ်ပြပါ။ [၁၂]

---

၁၊ အံ၊ ၂၊ ၃၁၈။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၃၇။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၄၀။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၂၆။
၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၉၆။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၈၅။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၄၄။
၈၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၄၅။ ၉၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၇၀။ ၁၀၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၈၆။
၁၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၁၅။ ၁၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၁၇။

http://www.dhammadownload.com



၈။ မဟာကပ္ပိနမင်း ဖြတ်ကျော်ခဲ့သော မြစ် ၃-စင်းတို့ကို အနက်အကျယ်ပမာဏနှင့်တကွ ဖော်ပြ၍[1] "ဓမ္မပီတိ သုခံ သေတိ"[2] ၌ အဘယ်သို့ သောက်သည်ကို ရှင်းပြပါ။

၉။ အောက်ပါ ဂါထာကို အနက်ယောဇနာပြပါ -

ရတ္တဿ ဟိ ဥက္ကုဋိကံ ပဒံ ဘဝေ၊ ဒုဋ္ဌဿ ဟောတိ သဟသာနုပီဠိတံ။

မူဠှဿ ဟောတိ အဝကမ္ပိတံ ပဒံ၊ ဝိဝဋ္ဋစ္ဆဿ ဣဒမီဒိသံ ပဒံ။[3]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိစီကုံးပါ -

"မြတ်စွာဘုရားတို့မည်သည်ကား ဖဝါးအဆင့်ဆင့် လှည့်လည်သော်လည်း စင်းလဲသဖြင့် နှစ်သက်စေခြင်းငှာ မစွမ်းနိုင်။ မြတ်သော အလိုအားဖြင့်သာ နှစ်သက်စေခြင်းငှာ စွမ်းနိုင်၏။"[4]

* * * * *

## ၁၃၄၁-ခုနှစ်၊ စူဠဝါ ပရိဝါ ပါဠိတော်

၁။ "အာပတ္တိ ဒုက္ကဋဿ"[5] ၌ ဒုက္ကဋဿနှင့် သရတာယသ္မာ[6] တို့ကို ပဒစ္ဆေဒပြ၍ "မာသံ ပရိဝါသဿ ဒါနံ"[7] ၌ ဝိဘတ်ျတ္တတို့ကို ဖော်ပြပြီးလျှင် ဝတ္ထုပ္ပဋိစ္ဆာဒိ[8]ကို သမာသဝိဂ္ဂဟပြခဲ့ပါ။

၂။ "မင်္ဂလိကာ"[9] ၌ တဒ္ဓိတ်အမည်နှင့်တကွ ပစ္စည်းကို ဖော်ပြ၍ ဝတ္ထုပဋိစ္ဆာဒိ-၌ ပဋိစ္ဆာဒိ-ကို နာမပဒမာလာ၊ ဝတ္ထု-၌ ဓာတ်ကို ယူ၍ အဓ္ဓတနီ ပရဿပုဒ်ဖြင့် အာချာတပဒမာလာ စဉ်ခဲ့ပါ။

၃။ "ဝိနယဓရော .. လဋ္ဌီနော ကုက္ကုစ္စကာ"[10] ၌ ကုက္ကုစ္စသရုပ်ကို ထုတ်၍ ဤ၌ လိုအပ်သော ကုက္ကုစ္စကိုလည်း ယှဉ်ရာစိတ်နှင့်တကွ ကောက်ပြခဲ့ပါ။

၄။ "ဝိနယော သံဝရတ္ထာယ"[11] ၌ သံဝရ-အရ တရားကို တိကျစွာ ကောက်ပြ၍ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုတို့ဖြင့် ဝေဖန်ပြီးလျှင် ယင်း၏ ဖြစ်ရာ ဘုံ၊ ပုဂ္ဂိုလ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

---

၁၊ ဓမ္မပ၁၊ ဌ၊ ၁၊ ၃၅၅။ ၂၊ ဓမ္မပ၁၊ ဌ၊ ၁၊ ၃၅၉။ ၃၊ ဓမ္မပ၁၊ ဌ၊ ၁၊ ၁၂၉။ ၄၊ ဓမ္မပ၁၊ ဌ၊ ၁၊ ၁၈၄။
၅၊ ဝိ၊ ၄၊ ၂၃၉။ ၆၊ ဝိ၊ ၄၊ ၂၃၀။ ၇၊ ဝိ၊ ၄၊ ၁၄၇။ ၈၊ ဝိ၊ ၄၊ ၂၅၉။
၉၊ ဝိ၊ ၄၊ ၂၆၈။ ၁၀၊ ဝိ၊ ၄၊ ၂၂၇။ ၁၁၊ ဝိ၊ ၅၊ ၂၈၈။

http://www.dhammadownload.com



၅။ ပဋိသာရဏီယကမ္မကထာ-၌ လာသော အရှင်သုဓမ္မ မထေရ်၏ သီတင်းသုံးရာဌာနကို ဖော်ပြ၍[၁] ဆင် မျောက် ခါ သတ္တဝါသုံးဦးတွင် ခါအကြီးဆုံးဖြစ်ကြောင်း သိကြသောအခါ ဆင်နှင့်မျောက်တို့က ခါကို ပြောဆိုပုံစကားတို့ကို ကုန်စင်အောင် ဖော်ပြပါ။[၂]

၆။ မဂ်ဖိုလ်ဗီလာဖြစ်သော အတတ်များကို ပို့ချသော ဘိက္ခုနီမအား အဘယ်အာပတ်များသင့်သည်ကို ဖြစ်သင့်သမျှ ဖော်ပြ၍[၃] စတုတ္ထပါရာဇိကအာပတ်သည် ဝိပတ္တိလေးမျိုးတို့တွင် မည်သည့်ဝိပတ္တိကြောင့် သင့်ရောက်သည်ကိုလည်း ဖြေဆိုပါ။[၄]

၇။ မကွယ်ဝှက် မဖုံးလွှမ်း (ဝိဝဋဖြစ်)မှ တင့်တယ်သောအရာများ၏သရုပ်ကို ထုတ်ပြ၍[၅] ငါ့ရှင်တို့ တံမြက်၏လှည်းခြင်း၏ အကျိုးငါးပါးကိုလည်း နောက်နည်းအရ ဖြေဆိုပါ။[၆]

၈။ ဒွေမာတိကာဝယ် သာဝတ္ထိပြည်၌ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့ကို သချာမျှ ထုတ်၍ ဘဂ္ဂတိုင်း၌ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့ကိုလည်း ရေတွက်ပြခဲ့ပါ။[၇]

၉။ အောက်ပါ ဂါထာကို လိုရင်းမိအောင် အနက်ပေးပါ -

သတံ ဟတ္ထီ သတံ အဿာ၊ သတံ အဿတရီရထာ။

သတံ ကညာသဟဿနိ၊ အာမုက္ကမဏိကုဏ္ဍလာ။

ကေဿ ပဒဝီတိဟာရဿ၊ ကလံ နာဂ္ဃန္တိ သောဠသိံ။[၈]

၁၀။ အောက်ပါ မြန်မာဘာသာကို စုဏ္ဏိယပါဠိ သီကုံးပါ -

"အကယ်၍ မပြုအပ်သေးသည် ဖြစ်အံ့။ မြေကို ရေဖြင့် ဖြန်း၍ ကျောင်းကို မြူသည် မထိပါးအပ် ဟူ၍ တံမြက်လှည်းအပ်၏။ အမှိုက်ကို ရွေး၍ လျှောက်ပတ်သော အရပ်၌ စွန့်ရာ၏" [၉]

* * * * *

## ၁၃၄၁—ခုနှစ်၊ အင်္ဂုတ္တိုရ် ပါဠိတော်

၁။ "ပနုဏ္ဏပစ္စေကသစ္စော ဟောတိ" [၁၀] ၌ ပနုဏ္ဏ-ကို သန္ဓိရုပ်ကျဉ်း စီရင်၍ ပစ္စေကသစ္စပုဒ်နှင့် သမာသ်တွဲစပ်ပြီးလျှင် သမာသ်အမည်နှင့် ယင်းသမာသ်ပုဒ်၏ ကတ္တားကိုလည်း ထုတ်ခဲ့ပါ။

---

၁၊ ဝိ၊ ၄၊ ၃၇။ ၂၊ ဝိ၊ ၄၊ ၃၁၁။ ၃၊ ဝိ၊ ၅၊ ၁၃၅။ ၄၊ ဝိ၊ ၅၊ ၃၆၂။ ၅၊ ဝိ၊ ၅၊ ၂၁၈။
၆၊ ဝိ၊ ၅၊ ၂၃၁။ ၇၊ ဝိ၊ ၅၊ ၂၅၇။ ၈၊ ဝိ၊ ၄၊ ၃၀၃။ ၉၊ ဝိ၊ ၄၊ ၃၇၅။ ၁၀၊ အံ၊ ၁၊ ၃၄၉။

http://www.dhammadownload.com



၂။ သံဝါသသုတ်လာ "ကဒရိယော ပရိဘာသကော" [၁] ၌ ကဒရိယော-ကို တဒ္ဓိတ ဝိဂ္ဂဟပြု၍ ယင်းပုဒ်၏ အတွင်းနက် + အပြင်နက် တို့ကို ခွဲပြပြီးလျှင် ဝိဘတ္တိဝိဓိ သုတ်ကိုလည်း ထုတ်ခဲ့ပါ။

၃။ "အပ္ပမာဏော တဿ ကုသလာဘိသန္ဒော" [၂] ၌ ပမာဏ + အပ္ပမာဏ တရားများကို ခွဲခြားကောက်ပြ၍ တဿ-အရ ဖြစ်ထိုက်သော ပုဂ္ဂိုလ်နှင့်ဘုံတို့ကိုလည်း အသီးသီး ဖော်ပြပါ။

၄။ "ကာမေသနာ ဘဝေသနာ၊ ဗြဟ္မစရိယေသနာ သဟ" [၃] ၌ ကာမေသနာ-ကို အကြွင်းမဲ့ပယ်နိုင်သော တရား၏ ဖြစ်ပုံဝီထိကို ချပြ၍ ဗြဟ္မစရိယေသနာ ၂-မျိုးကို ပယ်တတ် ငြိမ်းစေတတ်သော တရားများကိုလည်း ဖြစ်စေနိုင်ရာ ရုပ်တရားများကိုပါ ပြခဲ့ပါ။

၅။ အသုရာဖြစ်၍ နတ်အခြံအရံရှိသူ၏ မရှိတစ်မျိုး၊ ရှိသုံးမျိုးကို ခွဲခြားဖော်ပြ၍ [၄] အာဝဋ္ဋနီမာယာအတတ်ခေါ်ပုံနှင့် ယင်းအတတ်ကို မေးလျှောက်သူ၊ မေးလျှောက်ရာဌာန မြို့၊ မေးလျှောက်ခံရသူ ပုဂ္ဂိုလ်များကို အသီးသီး ပြခဲ့ပါ။[၅]

၆။ မိဖုရား သေးဆုံး၍ သောကရောက်သော မင်းအား နာရဒမထေရ် ဟောတော်မူသော တရားငါးပါးကို အကျဉ်းမျှ ဖော်ပြ၍ ယင်းတရားအမည်၊ မင်း၏အမည်၊ မိဖုရား၏ အမည်များကို အသီးသီး ပြခဲ့ပါ။[၆]

၇။ ဝေဠုကဏ္ဍကီမြို့သူ နန္ဒမာတာ ဒါယိကာမကြီးက အလှူပေးရာ၌ ပြည့်စုံသော အင်္ဂါခြောက်ပါးကို အလှူပေး+အလှူခံ ပုဂ္ဂိုလ်အလိုက် ဖော်ပြ၍ ထိုအလှူ၌ အလှူခံ ပုဂ္ဂိုလ်များနှင့် အလှူ၏အကျိုးတို့ကို ခွဲခြားပြခဲ့ပါ။[၇]

၈။ ယင်းတို့ကို မပယ်က ဈာန်၊ မဂ်၊ ဖိုလ် မရထိုက်သော တရားခြောက်ပါးကို ဥတ္တရိမနုဿဓမ္မသုတ်လာတိုင်း[၈] ရေတွက်၍ ယင်းတို့ကို ပယ်ခြင်းကြောင့် ကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှုလျက် နေရန်ထိုက်သော တရားခြောက်ပါးတို့ကိုလည်း ကာယာနုပဿီ သုတ်အတိုင်း ထုတ်ပြပါ။[၉]

---

၁၊ အံ၊ ၁၊ ၃၇၀-၂။ ၂၊ အံ၊ ၁၊ ၃၆၅။ ၃၊ အံ၊ ၁၊ ၃၅၀။ ၄၊ အံ၊ ၁၊ ၄၀၄။ ၅၊ အံ၊ ၁၊ ၅၁၁။
၆၊ အံ၊ ၂၊ ၅၀-၁-၂-၃-၄-၅။ ၇၊ အံ၊ ၂၊ ၂၆၅-၆။ ၈၊ အံ၊ ၂၊ ၃၇၅။ ၉၊ အံ၊ ၂၊ ၃၉၁။

http://www.dhammadownload.com



၉။ အောက်ပါ ဂါထာကို မြန်မာစကားပြေ ပြန်ဆိုခဲ့ပါ -

ပဒ္ဓံ ယထာ ကောကနဒံ သုဂန္ဓံ၊ ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ။

အင်္ဂီရသံ ပဿ ဝိရောစမာနံ၊ တပန္တမာဒိစ္စ မိဝန္တလိက္ခေ။[၁]

၁၀။ "အရှင်ဘုရား၊ ခွန်အားရှိသော ယောက်ျားသည် မြမြန်လှစွာသော ကြိုးလွန်းပိုင်းဖြင့် ဦးခေါင်း၌ ရစ်ပတ်သကဲ့သို့ ထို့အတူသာလျှင် အကျွန်ုပ်အား ဦးခေါင်း၌ ခေါင်းကိုက်သော ဝေဒနာတို့သည် ဖြစ်ပါကုန်၏"[၂] ဟူသော မြန်မာစကားကို ပါဠိဘာသာ သီကုံးခဲ့ပါ။

* * * * *

## ၁၃၄၁–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "သမ္မာပဏိဟိတံ စိတ္တံ၊ သေယျသော နံ တတော ကရေ"[၃] ၌ ပဏိဟိတံ-ပုဒ်ကို ပုဒ်ဖြတ် သန္ဓိရုပ်တွက်၍ သေယျသော-ပုဒ်ကို နာမ်ရုပ်အကျဉ်း တွက်ပြီးလျှင် တတော ပုဒ်၏ တောပစ္စည်းသက်အပ်သောအနက်ကို တိကျစွာ ဖြေဆိုခဲ့ပါ။

၂။ သမ္မာပဏိဟိတံ-ကို ဖြစ်သင့်သော သမာသ်ဝိဂ္ဂဟပြု အမည်မှည့်၍ သေယျသော ပါဌ်၌ ဖြစ်သင့်သော တဒ္ဓိတ်ဝစနတ္ထပြု၍ သက်သောသုတ်နှင့်တကွ ပစ္စည်းညွှန်ပြီးလျှင် ပဏိဟိတံ-၌ ဓာတ်ကို ယူ၍ အပိပုဗ္ဗ+တိ၊ အန္တိဖြင့် အာချာတပဒမာလာ စဉ်ခဲ့ပါ။

၃။ သမ္မာပဏိဟိတံ-အရ ဖြစ်သင့်သော စိတ်တို့ကို မုချ+ဥပစာ ကောက်ပြ၍ ဥပစာစိတ်၌ ယှဉ်သော စေတသိက်ကို တိကျစွာ ရေတွက်ပြ၍ ၎င်းစိတ်တို့၏ ကိစ္စ၊ ဒွါရ၊ အာရုံတို့ကိုလည်း ခွဲခြားဝေဖန်ခဲ့ပါ။

၄။ ထိုဥပစာစိတ်၏ ရသော ဝီထိဝိသယပ္ပဝတ္တိနှင့် ပုဂ္ဂိုလ်ကို ခွဲခြားဝေဖန်ပြ၍ ထိုစိတ်တို့ကြောင့် ရောက်ရာဘုံ၊ ဖြစ်သောရုပ်တို့ကို ဖော်ပြခဲ့ပါ။

၅။ ပုဗ္ဗာရုံကျောင်းပြာသာဒ်ကို လှည့်၍ ဝိသာခါ၏ ဥဒါန်းကျူးရင့်ခြင်း၏အကြောင်းကို ဖော်ပြ၍[၄] ကုသိုလ်များစွာ ပြုစွမ်းနိုင်သူကို ပြပြီးလျှင် အာနန္ဒတ္ထေရပဉ္စာဝတ္ထုလာ[၅] ဂန္ဓဝတ္ထုများနှင့် ပဋိဝါတပဝါယနဂန္ဓကို ဖော်ပြခဲ့ပါ။

၁၊ အံ၊ ၂၊ ၂၀၉။ ၂၊ အံ၊ ၂၊ ၃၃၄။ ၃၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၁၀။

၄၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၆၃။ ၅၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၆၅။

http://www.dhammadownload.com



၆။ "ဣတိ ဗာလော ဝိဟညတိ" [၁] ၌ ဆင်းရဲကြောင်းခြောက်ပါးကို သရုပ်ရေး၍ ပဏ္ဍိတသဒ်သဗာလ + ကေန္တဗာလ တို့၏ အထူးကို ရေးခဲ့ပါ။ [၂]

၇။ မဟာဒုဂ်၏ ဒိဋ္ဌဓမ္မဝေဒနီယကံနှင့် ထိုကံ၏အကျိုးကို ဖော်ပြပြီးလျှင်[၃] ဤဘုရားလက်ထက်၌ ရသောအမည်နှင့် အမည်ရကြောင်းကို[၄] * ဤဘဝ၌ ပြုအပ်သော မင်္ဂလာ (၇)ပါးကို[၅] * ရေးသားခဲ့ပါ။

၈။ ကုသိုလ်တံရားကို လျင်မြန်စွာ ပြုသင့်ကြောင်း[၆] ဖြည်းနှေးစွာ ပြုသဖြင့် ရအပ်သော အကျိုးနှင့်[၆] "ပါပသ္မိံ ရမတိ မနော" ဝယ် ပါပအရ[၆] မကောင်းမှု၌ စိတ်မမွေ့လျော်နိုင်အချိန်တို့ကို [၇] စူဠသာဋကဗြာဟ္မဏဝတ္ထုလာတိုင်း ဖော်ပြပြီးလျှင် ၎င်းပုဂ္ဂိုလ်အတွက် ကုသိုလ်ပြုရာ ကာလသုံးပါးကို ပေးနိုင်သည့်အကျိုးနှင့်တကွ[၆] ဘုရားဟောတိုင်း ဖော်ပြခဲ့ပါ။

၉။ အောက်ပါ ဂါထာကို အနက်ယောဇနာပါ -

မာဝ မညေထ ပါပဿ၊ န မန္တံ အာဂမိဿတိ။
ဥဒဗိန္ဒုနိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။
ဗာလော ပူရတိ ပါပဿ၊ ထောကံ ထောကမ္ပိ အာစိနံ။[၈]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာ စီကုံးပါ -

"ရဟန်းသည်လည်း 'ဘဝသုံးပါးတို့သည် ခိုးသူတို့ဖြင့် လုယက်ဖျက်ဆီးအပ်သော ခရီးနှင့် တူကုန်၏' ဟု သိရှိ၍ မကောင်းမှုကို ကြဉ်ခြင်းငှာ သင့်၏" [၉]

* * * * *

## ၁၃၄၂–ခုနှစ်၊ စူဠဝါ ပရိဝါ ပါဠိတော်

၁။ "အပ္ပေဝ[၁၀]၊ ပလ္လင်္ကေန[၁၁] *" တို့ကို ပုဒ်ဖြတ်၍ "သတိ ကရဏီယေ" [၁၂] ၌ သတိဝယ် ပုဒ်+ဝိဘတ်နှင့် ဝိဘတ်နက်တို့ကို ကစ္စည်းသုတ်ထောက်၍ ဖော်ပြပြီး ပေါရိသ[၁၂]ကိုလည်း ဝိဂ္ဂဟ ပြုခဲ့ပါ။

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၉၈။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၀၀။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၆၅။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၆၇။
၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၆၆။ (၃၃၄-၅နှင့်တွဲရှု)။ * မူရင်းပုစ္ဆာ၌ပင် (၎င်း) ကျနေသည်။
၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၃။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၄။ ၈၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၁၁။ ၉၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၁၅။
၁၀၊ ဝိ၊ ၄၊ ၂၀၅။ ၁၁၊ ဝိ၊ ၄၊ ၄၇၅။ ၁၂၊ ဝိ၊ ၄၊ ၂၇၉။

http://www.dhammadownload.com



၂။ "အန္တရာမဂ္ဂေ ဟတ္ထိ ပရိယုဋ္ဌာတိ" [၁] ၌ အန္တရာမဂ္ဂ-ပုဒ်ကို သမာသ်အမည် ပေးပြီးလျှင် "အဝေါစ[၂]၊ ဥဗ္ဗုန္တိ [၃]" တို့၌ ဓာတ်+ပစ္စည်း+ဝိဘတ်တို့ဖြင့် ခွဲပြပါ။

၃။ "တတြာယံ သမ္မာဝတ္တနာ" [၄] ၌ သမ္မာဝတ္တနတရားတို့ကို သမ္ပယုတ္တဓမ္မနှင့်တကွ ကောက်ပြ၍ အာရုံ ဝတ္ထုတို့ဖြင့် ဝေဖန်ပြခဲ့ပါ။

၄။ "ဝက္ခာမိ နော ဒေါသန္တရော" [၅] ၌ အန္တရ-အရ[၆] ကောက်ပြပြီး ၎င်း၏ဖြစ်ရာဘုံ၊ ပုဂ္ဂိုလ်တို့ကို ဖော်ပြ၍ ၎င်းအန္တရ-အရ တရားသည် အဘယ်ကံတို့၏ မူလဖြစ်သည် ကိုလည်း သင်္ဂဟပါဠိကိုး၍ ဖြေဆိုခဲ့ပါ။

၅။ ပဋိသာရဏီယကံ ပြုထိုက်သော ရဟန်း၏ ပဉ္စမအင်္ဂါငါးပါးကို ရေတွက်၍[၇] ကာမတရ...တို့၏ အပြစ်ပြ ဥပမာတို့တွင် အလယ်နှစ်ပါး၏ အဓိပ္ပာယ်ကိုလည်း[၈] ဖော်ပြပါ။

၆။ "သုခါ သံဃဿ သာမဂ္ဂီ" [၉] ၌ သုခဖြစ်နိုင်သည့်သံဃသာမဂ္ဂီမျိုးကို[၁၀] ပေါ်လွင်အောင် ဖြေဆို၍ "ဝေသာလိယံ ဒသ ဝတ္ထူနိ ဒီပေန္တိ" [၁၁] ၌ ဒသဝတ္ထုသရုပ်ကို ထုတ်ပြပါ။

၇။ ရှင်သာမဏေတို့၏ သေခိယသိက္ခာပုဒ်တို့ ပညတ်ရာဌာနတို့ကို [၁၂] ဖော်ပြ၍ ဂါရဝသရုပ်နှင့် ပဋိသန္ထာရဂါရဝ၏ အဓိပ္ပာယ်ကိုလည်း ဖြေဆိုပါ။[၁၃]

၈။ "ဒသ အတ္ထဝသေ ပဋိစ္စ ။ပေ။ သိက္ခာပဒံ ပညတ္တံ" [၁၃] ၌ ဒသအတ္ထဝသသရုပ်ကို ထုတ်၍ "သံဃသုဋ္ဌုတာ" ၏ အဓိပ္ပာယ်ကိုလည်း ဖြေဆိုခဲ့ပါ။

၉။ အောက်ပါ ပါဠိတို့ကို မှန်ကန်စွာ အနက်ပေးခဲ့ပါ -

"ယတော စ ခေါ တေ ဘိက္ခူ နာသက္ခိံသု အရိဋ္ဌံ ဘိက္ခုံ ဧဝရူပါ ပါပကာ ဒိဋ္ဌိဂတာ ဝိဝေစေတုံ" [၁၄]

၁၀။ အောက်ပါ မြန်မာဘာသာကို စုဏ္ဏိယပါဠိ စီကုံးပါ -

"ပရိသတ်သည် အကယ်၍ အလဇ္ဇီများသည် ဖြစ်အံ့။ ကမ္မဝါစာဖြင့် ငြိမ်းစေအပ်၏။ ပရိသတ်သည် အကယ်၍ (မစိတ်မပြား) လူမိုက်များသည် ဖြစ်အံ့။ ဝိနည်းမိုရ်ကို ရှာအပ်၏။" [၁၅]

---

၁၊ ဝိ၊ ၄၊ ၂၇၉။ ၂၊ ဝိ၊ ၄၊ ၂၈၂။ ၃၊ ဝိ၊ ၄၊ ၄၁၀။ အဝ+ဗျေ၊ အ၊ (ပရိ ဘာ၊ ၄၁၂)လည်းရှု။
၄၊ ဝိ၊ ၄၊ ၁၀။ ၅၊ ဝိ၊ ၄၊ ၄၃၈။ ၆၊ ဒေါသမူဒွေး၊ အန္တရသဒ္ဒါ စိတ်အနက်ဟော၊ ဝိ၊ ဋ္ဌ၊ ၄၊ ၁၂၆။ သာရတ္ထ၊ ၃၊ ၄၃၅။ ဝိမတိ၊ ၂၊ ၂၆၃။ ၇၊ ဝိ၊ ၄၊ ၄၂။ ၈၊ ဝိ၊ ၄၊ ၆၉။ ၉၊ ဝိ၊ ၄၊ ၃၆၉။
၁၀၊ ဝိ၊ ၄၊ ၃၆၈-၉။ ၁၁၊ ဝိ၊ ၄၊ ၄၉၁။ ၁၂၊ ဝိ၊ ၅၊ ၄၃၊ ၅၀-၁။ ၁၃၊ ဝိ၊ ၅၊ ၁၆၅။
၁၄၊ ဝိ၊ ၄၊ ၆၉။ ၁၅၊ ဝိ၊ ၅၊ ၃၈၇။

http://www.dhammadownload.com



## ၁၃၄၂-ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "ပုဗ္ဗာဟံ ဘိက္ခဝေ အနနုဿုတေသု ဓမ္မေသု အဘိညာဝေါသာနပါရမိပ္ပတ္တော ပဋိဇာနာမိ"[၁] ပါဠိတော်၌ ဝေါသာန-အရ တရားကိုယ် ကောက်၍ ထိုတရားနှင့်ယှဉ်သော စိတ် စေတသိက်၊ ယှဉ်သော ဝေဒနာ ဟိတ် ကိစ္စ အာရုံတို့ကို အသီးသီး ဖော်ပြခဲ့ပါ။

၂။ ပဋိဇာနာမိ-အရ သိရပုံ ဝီထိချပြီးလျှင် ထိုဝီထိရသော ပုဂ္ဂိုလ်၊ ထိုဝီထိစိတ်ဖြစ်ရာ ဘုံ၊ ထိုဝီထိကြောင့်ဖြစ်သော ရုပ်များ အသီးသီး ဖော်ပြခဲ့ပါ။

၃။ ဝေါသာန-ပုဒ်ကို ပဒစ္ဆေဒပြု၍ ရုပ်အကျဉ်းတွက်ပြီးလျှင် ပုဗ္ဗာဟံ-၌ နောက်ပုဒ် နောင် သွာ, နံ ဝိဘတ်ဖြင့်ပြီးသောပုဒ်များ ထုတ်ပြလျက် ပါရမိပ္ပတ္တော-၌ ဝိဘတ်သက်ရာ အနက် ဖော်ပြခဲ့ပါ။

၄။ ဝေါသာနပါရမိပ္ပတ္တော-၌ ရသင့်သော သမာသ်များ တွဲပြ၍ အမည်ပေးပြီးလျှင် ပါရမိ-၌ တဒ္ဓိတ်ဝိဂ္ဂဟပြုလျက် ဝေါသာန-၌ ဓာတ်ကို ယူ၍ သုဒ္ဓ+ဟေတု ကတ္တုရုပ် အားဖြင့် တိ၊ အန္တိဝိဘတ်သက်၍ ပြီးပုံ ပြခဲ့ပါ။

၅။ ဘုရားရှင်သည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ကျောင်း၌ နေတော်မူစဉ် ဝေသာလီသို့ ဆွမ်းခံကြွရာ ဥဂ္ဂသူကြွယ်လျှောက်ထား၍ လှူဒါန်းပုံနှင့် လှူဒါန်းသော ဝတ္ထုများကို ဖြေဆိုခဲ့ပါ။[၂]

၆။ ဓမ္မကထိကပုဂ္ဂိုလ်တို့၏သန္တာန်၌ ဖြစ်စေရမည့် တရားငါးပါးကို[၃] ပြဆိုပြီးလျှင် ရှည်စွာသော သီချင်းသံဖြင့် တရားဟောခြင်း၌ အပြစ်ငါးပါးကိုလည်း ပြဆိုခဲ့ပါ။[၄]

၇။ "တောရဆောက်တည်သူ" ဆိုတိုင်းပင် ချီးမွမ်းထိုက်ပါသလော? ချီးမွမ်းထိုက်၊ ကဲ့ရဲ့ထိုက်ပုဂ္ဂိုလ်များကို[၅] ခွဲခြားပြပြီးလျှင် သံဃာ၌ အဓိကရုဏ်းမှု ပြုတတ်သော ရဟန်းများ၏ အပြစ်ငါးပါးကိုလည်း ဖြေဆိုခဲ့ပါ။[၆]

၈။ သာသနာတော်ကြာရှည်စွာ မတည်နိုင်ခြင်းနှင့် ကြာရှည်စွာ တည်နိုင်ခြင်းအကြောင်းများကို ကိမိလသုတ်လာအတိုင်း ဖြေဆိုပြီးလျှင်[၇] "ရဟန္တာပုဂ္ဂိုလ်"ဟု လူဒကာများက သိနိုင်ခဲပုံကိုလည်း ဒါရုကမ္မိကသုတ်အရ[၈] ဖြေဆိုခဲ့ပါ။

---

၁၊ အံ၊ ၂၊ ၈။ ၂၊ အံ၊ ၂၊ ၄၃။ ၃၊ အံ၊ ၂၊ ၁၆၂။ ၄၊ အံ၊ ၂၊ ၂၁၉။ ၅၊ အံ၊ ၂၊ ၁၉၃။
၆၊ အံ၊ ၂၊ ၂၂၁။ ၇၊ အံ၊ ၂၊ ၂၁၆၊ ၂၉၈၊ ၄၆၀။ ၈၊ အံ၊ ၂၊ ၃၄၃။

http://www.dhammadownload.com



၉။ "စင်စစ်သော်ကား - ထိုသို့ ဆိုရာ၌ အမှန်ကိုသာ ထူးသောဉာဏ်ဖြင့် သိ၍ သတ္တဝါတို့ကို စောင့်ရှောက်ခြင်းငှာ၊ သနားခြင်းငှာသာလျှင် ကျင့်၏" [၁]ဟူသော မြန်မာဘာသာကို ပါဠိဘာသာ စီကုံးခဲ့ပါ။

၁၀။ အောက်ပါ ပါဠိဘာသာကို မြန်မာစကားပြေ ပြန်ဆိုပါ -

အပ္ပမာဒေ ပမုဒိတာ၊ နိပကာ သီလသံဝုတာ။
တေ ဝေ ကာလေန ပစ္စေန္တိ၊ ယတ္ထ ဒုက္ခံ နိရုဇ္ဈတိ။[၂]

* * * * *

## ၁၃၄၂-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "ဗြာဟ္မဏ" [၃]ကို ပုဒ်ဖြတ်၍ "ပါပိယော နံ တတော ကရေ" [၄]၌ တတော-ကို ကျနစွာ နာမ်ရုပ်ကျဉ်း တွက်ပြပြီးလျှင် ပါပိယော-ကို ဝိဂ္ဂဟပြု အမည်ပေးခဲ့ပါ။

၂။ "ဒေသနာဝသာနေ ဗဟူ ဘိက္ခူ အရဟတ္တံ ပါပုဏိံသု" [၅]၌ အရဟတ္တံ-ကို အစိတ်+အပေါင်း ဝိဂ္ဂဟပြု၍ ဒေသနာ+ဝသာနေ-ဝယ် နောက်ပုဒ်၏ဓာတ်ကိုသာ ယူ၍ ဝတ္တမာန် ဝိဘတ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာ စဉ်ပြီးလျှင် ဥပစ္စဂါ [၆]ကို အာချာတ်ရုပ်ကျဉ်း တွက်ခဲ့ပါ။

၃။ ဗြာဟ္မဏ-၌ နောက်ပုဒ်အရ ဖြစ်သင့်သော စိတ်ကို ကောက်ပြ၍ ယင်းစိတ်၌ ယှဉ်နိုင်သော စေတသိက်များကို သာဓကနှင့်တကွ ဖော်ပြပြီးလျှင် ယင်းစိတ်၏အာရုံတရားများကိုလည်း အထောက်ပြ၍ ကောက်ပြခဲ့ပါ။

၄။ ပါပုဏိံသု-အရ စိတ်အစဉ်ဖြစ်ပုံ ဝီထိချပြ၍ ယင်းဝီထိ၌ ဝီထိစိတ်+ဝီထိမုတ်စိတ်တို့ကို ကောက်ပြပြီးလျှင် အာရုံ၊ ဘုံ၊ ပုဂ္ဂိုလ်အားဖြင့် ဝေဖန်ပြခဲ့ပါ။

၅။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများကို "အလုပ်မရှိ၊ လူပိုတွေ. ." ဟု ပြောဆိုသော ဝါဒ သင့်/မသင့် [၇] ဖြေရှင်းပြ၍ ဒေဝဒတ်မြေမျိုရာအရပ်ကို [၈] ဖော်ပြပြီးလျှင် မြေမျိုခါနီး၌ ဒေဝဒတ်ရွတ်ဆိုအပ်သော ဂါထာကို ရေး၍ [၉] ယင်းဂါထာကို ရွတ်ဆိုခြင်းအကျိုးများကိုလည်း ရေးခဲ့ပါ။ [၉]

---

၁၊ အံ၊ ၂ ၂၊ အံ၊ ၂ ၂၈၉။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၂၂။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၀၆။
၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၀၂။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၀၃။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၅။ ၈၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၉၄။
၉၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၉၅။

http://www.dhammadownload.com



၆။ သာကီဝင်အမျိုးကို လက်စပြတ်အောင် သတ်သူ၏အမည်ကို [၁] ဖော်ပြ၍ ယင်းသတ်သူ၏ သေပုံသေနည်းကို [၂] ဖြေဆိုပြီးလျှင် ၎င်း၏သေရခြင်းအကြောင်းများကိုလည်း[၂] အဝေး+အနီးအားဖြင့် ခွဲခြားဖော်ပြခဲ့ပါ။[၂]

၇။ သေပြီးသောသူအား ဘွဲ့ထူးပေးခြင်းသည် သင့်/မသင့် မထေရ်တစ်ပါးအား ဘုရားရှင်တေဒဂ်ဂုဏ်ထူး ပေးတော်မူပုံကို[၃] ထောက်ဆ၍ ဖြေရှင်းပြပြီးလျှင် အဘယဝတ္ထုကို နှလုံးသွင်း၍ ဗုဒ္ဓဘာသာဝင်လူများ ဘုရားကိုးဆူ ဆွမ်းကပ်သည်ကို[၄] မကျဉ်း မကျယ်အားဖြင့် ဖြေရှင်းပြ၍ ဝိသာခါ၏ အဘအမည်ကို[၅] ဖော်ပြပြီး ၎င်းသည် ဝိသာခါအား ပေးအပ်သော ဩဝါဒ (၁၀)ချက်ကိုလည်း[၆] ဖော်ပြခဲ့ပါ။

၈။ ဖဒ္ဒဝဓမ်သရုပ် ဖော်ထုတ်၍ ၎င်းကို ဟောသောပုဂ္ဂိုလ်၊ နာယူသောပုဂ္ဂိုလ်တို့၏ အမည်ကို ဖော်ပြပြီးလျှင် ထိုသူတို့ရရှိအပ်သော အကျိုးများကိုလည်း ရေးခဲ့ပါ။[၇]

၉။ "အထ ပါပါနိ ကမ္မာနိ၊ ကရံ ဗာလော န ဗုဇ္ဈတိ၊

သေဟိ ကမ္မေဟိ ဒုမ္မေဓော၊ အဂ္ဂိဍဍ္ဎောဝ တပတိ" [၈]ကို ယ+တ ထည့်စွက်၍ ကျနစွာ အနက်ပေးပြပါ။

၁၀။ "အရှင်သိကြားမင်း၊ ကျွန်ုပ်သည် နေရာအရပ်ကို မရသည်ဖြစ်၍ သူငယ်တို့ကို လက်ဖြင့် ကိုင်၍ အားကိုးမဲ့လျက် လှည့်လည်ရပါ၏။ ကျွန်ုပ်အား နေရာအရပ်ကို ပေးစေပါလော့" [၉] ၎င်းကို ပါဠိဘာသာ စီကုံးခဲ့ပါ။

* * * * *

## ၁၃၄၃–ခုနှစ်၊ စူဠဝါ ပရိဝါ ပါဠိတော်

၁။ "ပကတတ္တာနံ" [၁၀] ကို ပဒစ္ဆေဒပြုပြီး၊ "ဆာရတ္တံ" [၁၁]ကို သမာသဝိဂ္ဂဟပြုလျက် ရုပ်ကျဉ်းတွက်ပြ၍ အာပတ္တိ အာပဇ္ဇိတာ[၁၂] ၌ နောက်ပုဒ်ကို နာမပဒမလာ စဉ်ပြပါ။

၂။ ဝိနိစ္ဆယော [၁၃] ကို သန္ဓိရုပ်ကျဉ်းတွက်၍ ဦးနပဉ္စဗန္ဓနေန ပတ္တေန[၁၄] ၌ ဝိဘတျတ္ထကို ကစ္စည်းသုတ်အထောက်ဖြင့် ဖော်ပြပြီး ဝိနိစ္ဆယော-၌ ဓာတ်ကိုသာ ယူ၍ ပဉ္စမီဝိဘတ် သုဒ္ဓကတ္တုရုပ် ပရဿပုဒ်ဝိဘတ်ဖြင့် အာချာတပဒမာလာ စဉ်ပြပါ။

---

၁၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၂၇။ ၂၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၂၈။ ၃၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၄၁၂။
၄၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၄၂၃။ (အဋ္ဌ ပါအရ ဘုရားရှင်ပါ ၉-ပါး)။ ၅၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၄၃။
၆၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၅၁။ ၇၊ ဓမ္မပဒ၊ ဌ၊ ၂၊ ၄၈။ ၈၊ ဓမ္မပဒ၊ ဌ၊ ၂၊ ၄၁။ ၉၊ ဓမ္မပဒ၊ ဌ၊ ၂၊ ၈-၉။
၁၀၊ ဝိ၊ ၄၊ ၈၂။ ၁၁၊ ဝိ၊ ၄၊ ၁၀၄။ ၁၂၊ ဝိ၊ ၄၊ ၁၉၉။ ၁၃၊ ဝိ၊ ၅၊ ၂၈၈။ ၁၄၊ ဝိ၊ ၅၊ ၁၉။

http://www.dhammadownload.com



၃။ "ကော စ ခေါ ဣဓ နတ္ထိ ယဒိဒံ တိလသံဂုဋ္ဌိတာ'တိ အဝေါစ" [၁] ၌ အဝေါစ-အရ တရားကိုယ်ကောက်ပြ၍ ၎င်းကို ဝေဒနာ၊ ဟိတ်၊ ဒွါရတို့ဖြင့် ဝေဖန်ပြပါ။

၄။ "ဝိမုတ္တိဝိမုတ္တိဉာဏဒဿနတ္ထာယ"[၂] ၌ ဝိမုတ္တိဉာဏဒဿန-အရ တရားကိုယ်ကောက်ပြ၍ အာရုံကို ဖော်ပြပြီးလျှင် ၎င်းဝိမုတ္တိဉာဏဒဿနဝီထိပုံစံကိုလည်း ချပြပါ။

၅။ မာနတ္တစာရိကာ ရဟန်း၏ ရတ္တိစ္ဆေဒအင်္ဂါ လေးချက်ကို ရေတွက်ပြ၍ ဂဏအရ တရားကိုယ်ကိုလည်း ကျနစွာ ဖော်ပြပါ။[၃]

၆။ မိမိ၏အင်္ဂါဇာတ်[၄]နှင့် နားရွက်ကို [၅] ဖြတ်သောရဟန်းနှစ်ဦးတို့အား အာပတ်သင့်ပုံကို ဖော်ပြ၍ "န ဘိက္ခဝေ ဂိဟီနံ ဣဒ္ဓိပါဋိဟာရိယံ ဒဿေတဗ္ဗံ" [၆] ၌ လိုအပ်သော ဣဒ္ဓိကို ဖော်ပြပါ။

၇။ ဘိသိငါးမျိုးကို[၇] ရေတွက်ပြပြီး "ကစ္စိ ဘန္တေ ဘဂဝါ သုခံ သယိတ္ထ"[၈] အမေး၌ ဘုရားရှင်ဖြေကြားပုံကို မြန်မာဘာသာဖြင့် ဖြေဆိုပါ။

၈။ ဘိက္ခုပေသုညသိက္ခာပုဒ်၏ နိဒါန်း၊ ပုဂ္ဂိုလ်တို့ကို[၉] ဖော်ပြ၍ အသက်ထက်ဆုံး အောက်မေ့အပ်သော သာရဏီယတရားတို့တွင် ငါးခုမြောက်တရားကိုသာ[၁၀] မြန်မာဘာသာဖြင့် အပြည့်အစုံ ဖော်ပြပါ။

၉။ အောက်ပါ ပါဠိတို့ကို မြန်မာဘာသာ ပြန်ဆိုပါ -

မာလာ သုတ္တဂုဏေနေဝ၊ ပရိဝါရေန ဂန္ထိတာ။
တသောဝ ပရိဝါရဿ၊ သမုဋ္ဌာနံ နိယတော ကတံ။
သမ္ဘေဒံ နိဒါနဉ္စညံ၊ သုတ္တေ ဒိဿန္တိ ဥပရိ။[၁၁]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာ စီကုံးခဲ့ပါ -

"အကြင်သူသည် ချစ်သဖြင့်လည်းကောင်း၊ အမျက်ထွက်သဖြင့်လည်းကောင်း၊ ကြောက်သဖြင့်လည်းကောင်း၊ တွေဝေသဖြင့်လည်းကောင်း တရားကို လွန်၍ကျင့်၏။ အကျော်အစော်သည် လဆုတ်ပက္ခ၌ လသည် ဆုတ်ယုတ်သကဲ့သို့ ဆုတ်ယုတ်ရ၏" [၁၂]

---

၁၊ ဝိ၊ ၄၊ ၃၉။ ၂၊ ဝိ၊ ၅၊ ၂၈၈။ ၃၊ ဝိ၊ ၄၊ ၉၉။ ၄၊ ဝိ၊ ၄၊ ၂၄၆။ ၅၊ ဝိ၊ ၄၊ ၄၊ ၄၆။
၆၊ ဝိ၊ ၄၊ ၂၄၇။ ၇၊ ဝိ၊ ၄၊ ၂၉၆။ ၈၊ ဝိ၊ ၄၊ ၃၀၄။ ၉၊ ဝိ၊ ၅၊ ၂၂။ ၁၀၊ ဝိ၊ ၅၊ ၁၆၈။
၁၁၊ ဝိ၊ ၅၊ ၁၅၇။ ၁၂၊ ဝိ၊ ၅၊ ၂၉၄။

http://www.dhammadownload.com



## ၁၃၄၃–ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ "ဒေဝိယာ သရီရေ အဗ္ဗောမုဋ္ဌိတော" [၁] ၌ အဗ္ဗောမုဋ္ဌိတော-ကို သန္ဓိရုပ်ကျဉ်း နှစ်မျိုးတွက်၍၊ အဓိ-၏ လိုအပ်သောအနက်နှင့် ဥပသာရအမည်ရခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ။

၂။ သမာဓိသုတ်လာ "အကာပုရိသသေဝိတော" ကို ဖြစ်သင့်သမျှ သမာသ်တွဲစပ်ပြ၍ ယင်းပုဒ်၏ အတွင်းနက်+အပြင်နက်များကို ခွဲပြပြီးလျှင် ယင်းသမာသ်ပုဒ်လုံး၏ ကတ္တုဝါစ္စပုဒ်ကိုလည်း ထုတ်ခဲ့ပါ။[၂]

၃။ အဗ္ဗောမုဋ္ဌိတော-၌ အန္တတ္ထအရ တရားကိုယ်ကောက်ပြ၍ ယင်းတရားကို ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံတို့ဖြင့် ဝေဖန်ပြီးလျှင်၊ ဖြစ်သင့်သော ဝီထိကိုလည်း ပုံစံကျချပြခဲ့ပါ။

၄။ အကာပုရိသသေဝိတော-၌ ကာပုရိသ+အကာပုရိသ ဖြစ်ထိုက်သောပုဂ္ဂိုလ်နှင့်ဘုံများကို ခွဲခြားကောက်ပြ၍ အကာပုရိသဖြစ်ရခြင်း၏ အကြောင်းကံနှင့်အကျိုးဝိပါက်များကိုလည်း ကောက်ခဲ့ပါ။

၅။ "ပဋ္ဋိမေ ဘိက္ခဝေ ဇာတဲရူပဿ ဥပက္ကိလေသာ" [၅] ၌ ပဥ္စသရုပ်ကို ပါဠိ+မြန်မာနှစ်ဘာသာဖြင့် ထုတ်ပြ၍ ဥပက္ကိလေသဖြစ်ပုံကိုလည်း ထင်ရှားအောင် ပြခဲ့ပါ။

၆။ မနာပဒါယိသုတ်လာ[၆] ဝက်သားဟင်းလေးချက်ပုံကို[၇] ဥဂ္ဂသူကြွယ်အလိုကျဖော်ပြ၍ ယင်းဟင်းကို စီမံစဉ် အချိန်၌ အရိယာဖြစ်/မဖြစ် သုတ်ထောက်ဖြင့် စိစစ်ပြီးလျှင်[၈] သယနမန္တပါန်-၇ ၌ သယန ငါးမျိုးကိုလည်း[၉] ထုတ်ခဲ့ပါ။

၇။ ခတ္တိယသုတ်လာ မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ မိန်းမ၊ ရဟန်းတို့၏ အဘိနိဝေသနှင့် ပရိယောသာနတို့ကို စုံလင်အောင် ထုတ်ပြခဲ့ပါ။ [၉]

၈။ ဓမ္မိကသုတ်လာ သုပ္ပတိဋ္ဌ ပညောင်ပင်၏ အသီးပမာဏ[၁၀] နှင့်အကိုင်းငါးခုကို သုံးဆောင်သော ပုဂ္ဂိုလ်တို့၏ အမည်များကို[၁၀] အသီးသီးပြပြီးလျှင် ယင်းသုတ်လာ ဘူတပုဗ္ဗ ဆရာလေးမျိုးသရုပ်ကိုလည်း[၁၁] အစဉ်မပျက် ထုတ်ခဲ့ပါ။

---

၁၊ အံ၊ ၂၊ ၅၁။ ၂၊ အံ၊ ၂၊ ၂၀။ ၃၊ အံ၊ ၂၊ ၁၃-၄။ ၄၊ အံ၊ ၂၊ ၄၂။ ၅၊ အံ၊ ၂၊ ၄၃။ အံ၊ ဋ္ဌ၊ ၃၊ ၂၃။
၆၊ သံဂြိုဟ်၊ ၈၈-အရ မနောမယံ (အံ၊ ၂၊ ၄၄။ အံ၊ ဋ္ဌ၊ ၃၊ ၂၄) ထောက်၊ အရိယာဖြစ်။
၇၊ အံ၊ ၂၊ ၄၃၊ ပလင္ကကော စသည်။ ၈၊ အံ၊ ၂၊ ၄၄။ ၉၊ အံ၊ ၂၊ ၃၁၈-၉။ ၁၀၊ အံ၊ ၂၊ ၃၂၄။
၁၁၊ အံ၊ ၂၊ ၃၂၆။

http://www.dhammadownload.com



၉။ အောက်ပါ ဂါထာကို မြန်မာပြန်ဆို၍ စိတ္တ-အရကိုလည်း ပြခဲ့ပါ-

ဣဋ္ဌာ ဓမ္မာ အနိဋ္ဌာ စ၊ နပ္ပဝေဓေန္တိ တာဒိနော။
ဌိတံ စိတ္တံ ဝိပ္ပမုတ္တံ၊ ဝယဥ္စဿာနုပဿတိ။ [၁]

၁၀။ "ရဟန်းတို့၊ ဤရဟန်းကို 'တံခါးကျည်ကို ပယ်ချပြီးသူ'ဟူ၍လည်းကောင်း၊ 'ကျုံးကို ဖျက်ဆီးပြီးသူ'ဟူ၍လည်းကောင်း၊ 'တံခါးတိုင်ကို နုတ်ပြီးသူ'ဟူ၍လည်းကောင်း၊ 'တံခါးရွက်ကို ဖွင့်ပြီးသူ'ဟူ၍လည်းကောင်း၊ 'အလံကို ချပြီးသောဝန်ကို ချပြီးသော ဝဋ်ဆင်းရဲနှင့်မယှဉ်သော မြတ်သောသူ'ဟူ၍လည်းကောင်း ဆိုအပ်၏" [၂] ၎င်းကို ပါဠိဘာသာ သီကုံးခဲ့ပါ။

* * * * *

## ၁၃၄၃–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "တီဟိ ဝိတက္ကေဟိ အန္ဓာသတ္တတာယ တသ္မိံ အမ္ဗဝနေ" [၃] ၌ အန္ဓာသတ္တတာယ-ပါဌ်ကို ပုဒ်ဖြတ်၍ နောက်ပုဒ်ဝယ် ဓာတ်ကိုယူပြီး အဂ္ဂတနီ ပရဿပုဒ်ဖြင့် အာချာတပဒမာလာ စဉ်ပါ။

၂။ အန္ဓာသတ္တတာယ-ကို တဒ္ဓိတဝိဂ္ဂဟပြု၍ အန္ဓပုဒ်ကို နာမပဒမာလာ စဉ်ပြီးလျှင် "အနဝဋ္ဌိတစိတ္တဿ" [၄] ကို အစိတ်+အပေါင်း သမာသ်ဝိဂ္ဂဟပြု၍ အနဝဋ္ဌိတစိတ္တ-အရဖြစ်ထိုက်သောစိတ်သရုပ် ထုတ်ပြီး ယင်း၏အာရုံကို အထောက်ပြဖြေပါ။

၃။ (၉) နံပါတ်လာ ပရိနိဗ္ဗုတ္တိ-ကို၊အာချာတ်ရုပ်ကျဉ်းစီရင်၍ "ဓမ္မပီတိ သုခံ သေတိ" [၅] ပုဒ်၌ အဘယ်သို့ သောက်သည်ကို ဓမ္မပီတိဟု ဆိုလိုပါသနည်း? ဖော်ပြပြီးလျှင် သုခံ-၌ ဝိဘတျတ္ထ၊ ဝိဘတ္တိဝိဓိသုတ်တို့ကို ညွှန်ပြပါ။

၄။ "ပုညပါပပဟီနဿ" [၆] ဝယ် ပဟီန-၌ ဓာတ်အရ တရားကို ဖော်ပြ၍ ဣဗ္ဗနြေ၌ သွင်းပြီးလျှင် ယင်းတရားဖြစ်ပုံ ဝီထိပုံစံချပြပါ။

၅။ (၄) နံပါတ်အရ သင်တို့ ချပြထားသော ဝီထိစိတ်အစဉ်၌ ရနိုင်သော ပုဂ္ဂိုလ်၊ ရှေ့+နောက် ဖြစ်သင့်သော ဘဝင်စိတ်၊ ယင်းဝီထိဖြစ်နိုင်သောဘုံတို့ကို ထုတ်ပြပါ။

---

၁၊ အံ၊ ၂ ၁၃၃။ ၂ အံ၊ ၂ ၇၄။ ၃၊ ဓမ္မပဒ၊ ဠ၊ ၁၊ ၁၈၂။ ၄၊ ဓမ္မပဒ၊ ဠ၊ ၁၊ ၁၉၆။
၅၊ ဓမ္မပဒ၊ ဠ၊ ၁၊ ၃၅၉။ ၆၊ ဓမ္မပဒ၊ ဠ၊ ၁၊ ၁၉၆။

http://www.dhammadownload.com



၆။ "သဒ္ဓမ္မံ အဝိဇာနတော"[၁]၌ သဒ္ဓမ္မအရ ဖြစ်ထိုက်သော တရားတို့ကို ထုတ်ပြပြီးလျှင် အဝိဇာနတော-၌ ဓာတ်ကို ယူ၍ ဝတ္တမာန် ပရဿပုဒ်ဖြင့် ကာရိယစုံလင်စွာ အာချာတပဒမာလာ စဉ်ပါ။

၇။ "လူဆင်းရဲ၊ လူချမ်းသာ" ဟူသော စကားရပ်များကို မည်သည့်တရားများဖြင့် ပိုင်းခြားခေါ်ဆိုကြောင်း ဘုရားရှင်အလိုကျ ဖော်ပြ၍ "သမင်မွေးဘိ၊ ကျားစားဘိ"ဟူသော စကားကို ဝတ္ထုကြောင်း ထောက်ဆ၍ အမှန်ပြင်ဆင်ခဲ့ပါ။[၂]

၈။ (၉) နံပါတ်လာ ဂါထာကို မည်သည့်ပုဂ္ဂိုလ်အကြောင်းပြု ဟောကြောင်း ဖော်ပြ၍ ယင်း၌ ပ၊ ဒု၊ တ၊ စ-ပါဒတို့ အရ ဖြစ်သင့်သော ပုဂ္ဂိုလ်အသီးသီးကို ဖော်ပြပါ။[၃]

၉။ "ဂဗ္ဘမေကေ ဥပ္ပဇ္ဇန္တိ၊ နိရယံ ပါပကမ္မိနော။

သဂ္ဂံ သုဂတိနော ယန္တိ၊ ပရိနိဗ္ဗန္တိ အနာသဝါ" [၄] ကို မြန်မာစကားပြေ ချောမောအောင် ပြန်ဆိုပါ။

၁၀။ "ရဟန်းတို့သည် 'ညဉ့်အခါသည် ထင်၏။ သာမဏေသည်လည်း ယခု၌ပင်လျှင် ဆွမ်းစားခြင်းကိစ္စကို ပြုအပ်၏။ အသို့နည်း? ယနေ့နံနက်သည် အားကြီးစွာ ဖြစ်သလော၊ ညအခါသည် နည်းသလော' ဤသို့ ဆိုကြကုန်ပြီ" [၅] ဟူသော မြန်မာစကားကို ပါဠိဘာသာ သီကုံးခဲ့ပါ။

* * * * *

## ၁၃၄၄–ခုနှစ်၊ စူဠဝါ ပရိဝါ ပါဠိတော်

၁။ "တေန သမယေန ဗုဒ္ဓေါ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ" [၆] ၌ အနာထပိဏ္ဍိက-ကို ရသင့်သမျှ အစိတ်+အပေါင်း ဝိဂ္ဂဟ ပြု၍ အဥ္စလိကမ္မံ [၇] ဝယ် ရှေ့ပုဒ်ကို နာမပဒမာလာ စဉ်ခဲ့ပါ။

၂။ "ဝေယျာဝစ္စံ သဟတ္ထာ စ၊ အဘိက္ခဏကာဝါသေန စ" [၈] ၌ ဝေယျာဝစ္စ-ကို တဒ္ဓိတ ဝိဂ္ဂဟပြု၍ ရုပ်ကျဉ်းတွက်ပြပြီး၊ အနာထပိဏ္ဍိက-ဝယ် နောက်ပုဒ်၌ ဓာတ်ကို ယူ၍ ဝတ္တမာန်ဝိဘတ် ပရဿပုဒ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာ စဉ်ခဲ့ပါ။

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၉၆။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၀၂-၃။ လေးဦး မွေးဘိ၊ နွားခတ်ဘိ/ ၃၁၊ ကြက်မအုဘိ၊ ကြောင်စားဘိ/ သမင်မွေးဘိ၊ သစ်စားဘိ/ဘီလူးစားဘိ၊ လူမွေးဘိ။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၂၂-၄။
၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၂၄။ ၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၆၂၈ ၆၊ ဝိ၊ ၄၊ ၁။ ၇၊ ဝိ၊ ၄၊ ၆၆။ ၈၊ ဝိ၊ ၅၊ ၁၆၁။

http://www.dhammadownload.com



၃။ "ဘိန္န ခေါ ဥပါလိ သံဃံ သမဂ္ဂံ ကတ္ဝာ ဖြဟ္မံ ပုညံ ပသဝတိ" [၁] ၌ ပုညအရ ကောက်ပြပြီးလျှင် ဖင်းတရားနှင့်ယှဉ်သော စေတသိက်ကို ခွဲခြားဖြေ၍ ပုညအရ တရားကို ဝေဒနာဒိစသော သင်္ဂဟခြောက်ပါးဖြင့် ဝေဖန်ခဲ့ပါ။
၄။ "ယမ္ပိ ဘိက္ခဝေ အယံ ဓမ္မဝိနယော ဧကရသော ဝိမုတ္တိရသော" [၂] ၌ ဝိမုတ္တိ-အရ ကောက်၍ အာရုံကို ဖော်ပြပြီးလျှင် ဖင်းတရားဖြစ်ပေါ်လာပုံကို ထင်ရှားစေရန် ဝိထိချပြ ခဲ့ပါ။
၅။ နိဿယကံ၌ ပဌမ နပ္ပဋိပဿမ္ဘေတဗ္ဗ ပဉ္စကသရုပ်ကို[၃] ထုတ်ပြပြီးလျှင် မာနတ် ကျင့်သောရဟန်းအား ညဉ့်ပြတ်ခြင်းအကြောင်းတို့ကိုလည်း ဖော်ပြခဲ့ပါ။[၄]
၆။ "ကုသိုလ်"ဟု ဆိုအပ်သော ကိစ္စာဓိကရုဏ်းကို့ကို ဖော်ပြပြီးလျှင်[၅] အဓိကရုဏ်း မဟုတ်သော ဝိဝါဒတို့ကိုလည်း ဖြေခဲ့ပါ။[၆]
၇။ အနုဝါဒါဓိကရုဏ်းကို ငြိမ်းစေနိုင်သော သမထတို့ကို[၇] ဖော်ပြပြီးလျှင် ဝိနည်းမိုရ် သိသင့်သော ဝိပတ္တိဇာနိတဗ္ဗ၌ ဝိပတ္တိများကိုလည်း ဖြေခဲ့ပါ။[၈]
၈။ လေးပါးတိုင်ပင်၍ ခြောက်ပဲသော အနာမာသဝတ္ထုကို ခိုးရာ၌ ပါရာဇိကကျသော သုံးပါးနှင့် ပါရာဇိကမကျသော တစ်ပါး[၉] တို့ ခိုးပုံအခြင်းအရာကို[၁၀] ပေါ်လွင်အောင် ဖော်ပြ ဖြေဆိုခဲ့ပါ။
၉။ "အာပါယိကော နေရယိကော၊ ကပ္ပဋ္ဌော သံဃဘေဒကော။
ဝဂ္ဂရတော အဓမ္မဋ္ဌော၊ ယောဂက္ခေမာ ပဓံသတိ။
သံဃံ သမဂ္ဂံ ဘိန္ဒိတွာ၊ ကပ္ပံ နိရယမှိ ပစ္စတိ" [၁၁] ကို အနက်သမွန်ခဲ့ပါ။
၁၀။ "ကျောင်ငယ်ချောင်း၌လည်း တံထွေးကို ပြုကြကုန်၏။ ကြမ်းကြုတ်သည်လည်း ဖြစ်သော ကနုတံဖြင့် သုတ်ကြကုန်၏။ သုတ်ပြီးသော ကနုတံကိုလည်း ဝစ္စကုဋီတွင်း၌ ချကြကုန်၏။ အလွန်အဆောတလျှင်လည်း ထွက်ကြကုန်၏။ သင်းပိုင်ကို ပင့်မ၍လည်း ထွက်ကြကုန်၏" [၁၂] ကို စုဏ္ဏိယပါဌ် စီကုံးခဲ့ပါ။

* * * * *

---

၁၊ ဝိ၊ ၄၊ ၃၆၉။ ၂၊ ဝိ၊ ၄၊ ၄၂၃။ ၃၊ ဝိ၊ ၄၊ ၂၀။ ၄၊ ဝိ၊ ၄၊ ၉၉။ ၅၊ ဝိ၊ ၄၊ ၂၁၇။
၆၊ ဝိ၊ ၄၊ ၂၁၈။ ၇၊ ဝိ၊ ၄၊ ၂၂၉။ ၈၊ ဝိ၊ ၅၊ ၂၉၀။ ၉၊ ဝိ၊ ၅၊ ၃၃၄။
၁၀၊ ဝိ၊ ၅၊ ၄၊ ၂၃၈။ ဝိ၊ ၅၊ ၁၊ ၃၂၁-၂။ ၁၁၊ ဝိ၊ ၄၊ ၃၆၉။ ၁၂၊ ဝိ၊ ၄၊ ၃၉၁။

http://www.dhammadownload.com



## ၁၃၄၄-ခုနှစ်၊ အဂ္ဂိုတ္တိုရ်ပါဠိတော်

၁။ "တထာဂတော တေသံ အဂ္ဂမက္ခာယတိ" [၁] ၌ အဂ္ဂမက္ခာယတိ-ကို သန္ဓိရုပ်ကျဉ်း နှစ်နည်းတွက်၍ "က္ကစ ဂဟပတိ အရိယသာဝကော အဂါရံ အဇ္ဈာဝသတိ" [၂] ၌ အဂါရံ-ပုဒ်ကို ကာရကရုပ်ကျဉ်း ဖြစ်သင့်သမျှ တွက်ပြပါ။

၂။ အရိယသာဝကော-ပုဒ်ကို သမာသ်ဝိဂ္ဂဟ နှစ်နည်းပြုပြ၍ အမည်ပေးပြီး "ဒက္ခိဏံ ပတိဋ္ဌာပေတိ သောဝဂ္ဂိကံ" [၃] ၌ သောဝဂ္ဂိကံ-ပုဒ်ကို တဒ္ဓိတဝိဂ္ဂဟပြုပြီးလျှင် "ဗာဟာဗလ-ပရိစိတေဟိ" [၄] ၌ အစပုဒ်ကို ပဌမာ+တတိယာ ဝိဘတ်ဖြင့်လည်းကောင်း၊ အလယ်ပုဒ်ကို စတုတ္ထီ+သတ္တမီဝိဘတ်ဖြင့်လည်းကောင်း နာမပဒမာလာ ပြခဲ့ပါ။

၃။ "အဝိဇ္ဇာဂူ ဝိရာဇယံ" [၅] ၌ ဝိရာဇယံ-အရ ဖြစ်သင့်သော စိတ်အစဉ် ဝီထိပုံစံချပြ၍ ထိုဝီထိတွင် ပါဝင်သော စိတ်တို့၏အာရုံကို အသီးသီး ရေးပြီးလျှင် ဝိရာဇယံ-အရ ဖြစ်ထိုက်သောပုဂ္ဂိုလ်၏သန္တာန်၌ ရနိုင်သော ဝီထိစိတ်ကိုလည်း ဖော်ပြပါ။

၄။ "ဖုဋ္ဌော သမ္မောဓိမုတ္တမံ" [၆] ၌ သမ္မောဓိ အရ ဖြစ်ထိုက်သော တရားကို ကောက်ပြ၍ ယင်း၏ ရှေ့+နောက်၌ ဖြစ်ထိုက်သော စိတ်တို့ကို အသီးသီးဖော်ပြလျက် သမ္မောဓိတရား၏ ကိစ္စကိုလည်း မိဿကသင်္ဂဟအရ ညွှန်ပြပါ။

၅။ အဘယ်ပုဂ္ဂိုလ်မျိုးကို (က) အနုသောတဂါမီ၊ (ခ) ပဋိသောတဂါမီ ဟု ခေါ်ဆို ကြောင်းကို [၇] ရေး၍ အဘိညာသုတ်လာ ပရိညေယျ+ပဟာတဗ္ဗ၊ ဘာဝေတဗ္ဗ+သစ္ဆိကာတဗ္ဗ တရားတို့ကို အသီးသီး ကောက်ပြပါ။[၈]

၆။ ပဉ္စကနိပါတ် သိက္ခာသုတ်လာ ဗြဟ္မစရိယကျင့်သူအား ပစ္စက္ခအတ္တဘောဝယ် ချီးမွမ်းဖွယ်အကြောင်း ငါးမျိုးတို့ကို [၉] ဖော်ပြ၍ "ပဋိမာနိ ဘိက္ခဝေ ဗလာနိ" [၁၀] ၌ ပါဝင်သော သမာဓိဗလ အရကိုလည်း ဖော်ပြခဲ့ပါ။

၇။ အသက်ရှည်မှုကို ဆုတောင်း၍ ရနိုင်/မရနိုင် ဖော်ပြလျက် အသက်ရှည်ကြောင်း အကျင့်တရားများကိုလည်း ရေးခဲ့ပါ။[၁၁]

---

၁၊ အံ၊ ၂ ၂၉။ ၂၊ အံ၊ ၁၊ ၃၇၇။ ၃၊ အံ၊ ၂ ၃၉။ ၄၊ အံ၊ ၂ ၃၉။ ၅၊ အံ၊ ၁၊ ၃၁၉။
၆၊ အံ၊ ၁၊ ၃၂၁။ ၇၊ အံ၊ ၁၊ ၃၁၁။ ၈၊ အံ၊ ၁၊ ၅၇၀။ ၉၊ အံ၊ ၂ ၄။ ၁၀၊ အံ၊ ၂ ၉-၁၀။
၁၁၊ အံ၊ ၂ ၄၁။

http://www.dhammadownload.com



၈။ ပဋ္ဌမ ယောဓာဇီဝသုတ်လာ သူရဲကောင်းငါးမျိုးတို့ကို[၁] ဖော်ပြ၍ ဒုတိယ အနာဂတဘယသုတ်လာ အနာဂတဘယမြင်၍ ဆင်ခြင်ပုံငါးမျိုးတို့တွင်[၂] ပဋ္ဌမဆုံး ဆင်ခြင်ပုံကို သိုရင်းမျှ ရေးခဲ့ပါ။

၉။ "အသား အသွေး ရှိသေးသော အကြောတို့ဖြင့် ဖွဲ့ထား၍ အရိုးဆက်လျက်ရှိသေးသော သင်္ချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို မြင်ရာ၏" [၃] ဟူသော မြန်မာစကားရပ်တို့ကို ပါဠိစုဏ္ဏိယ သီကုံးခဲ့ပါ။

၁၀။ အောက်ပါ ပါဠိတော်တို့ကို မြန်မာဘာသာဖြင့် ပြန်ဆိုပြခဲ့ပါ -

"ဒိဝါသညံ့ အဓိဋ္ဌာတိ၊ ယထာ ရတ္တိံ, တထာ ဒိဝါ၊ ယထာ ဒိဝါ, တထာ ရတ္တိံ" [၄]

* * * * *

## ၁၃၄၄–ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ "မာဝမညေထ ပုညဿ" [၅] ၌ မာဝမညေထ-ကို ပဒစ္ဆေဒပြု၍ ရုပ်ကျဉ်းတွက်ပြပြီးလျှင် နောက်ပုဒ်ဝယ် မာတ်ကိုယူ၍ ပဥ္စမီ ဗရဿပုဒ်ဝိဘတ်ဖြင့် အာချာတပဒမာလာ စဉ်ခဲ့ပါ။

၂။ မီရော[၅] ကို သမာသဝိဂ္ဂဟ၊ တဒ္ဓိတဝိဂ္ဂဟ ပြု၍ ဝိဂ္ဂဟအမည်များ ဖော်ပြပြီးလျှင် ပုညဿ-ကို ဝိဘတျတ္ထနှင့်ဝိဘတ္တိဝိဓိသုတ်တို့ကို ညွှန်ပြ၍ နာမပဒမာလာလည်း စဉ်ပြပါ။

၃။ မန္ဒ[၅] အရ တရားကိုယ်ကို ကောက်ပြ၍ ထိုတရားကိုယ်ကို ယှဉ်သောစေတသိက်နှင့် ရနိုင်သော ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရတို့ကိုလည်းကောင်း၊ အတူဖြစ်သော ရုပ်တို့ကို လည်းကောင်း အသီးသီး ဖော်ပြခဲ့ပါ။

၄။ "ထောကံ ထောကမ္ပိ" [၆] အရ တရားကိုယ်ကို ကောက်ပြ၍ ၎င်းတရားဖြစ်ပေါ်လာရပုံ ဝီထိပုံချပြပြီးလျှင် ၎င်းဝီထိ၌ ဝီထိစိတ်၊ ဝီထိမုတ်စိတ်တို့ကိုလည်း အသီးအသီး ဖော်ပြခဲ့ပါ။

၅။ နောက်ဘဝ၌ သိကြားဖြစ်အောင် ကျင့်သင့်သော အကျင့်တို့ကို[၇] ဖော်ပြပြီးလျှင် ယဉ်ကျေးသောစိတ်က ပို့ဆောင်နိုင်သည့်ချမ်းသာတို့ကိုလည်း[၈] ဖော်ပြခဲ့ပါ။

---

၁၊ အံ၊ ၂၊ ၇၈-၉။ ၂၊ အံ၊ ၂၊ ၉၀-၁။ ၃၊ အံ၊ ၂၊ ၂၈၅။ ၄၊ အံ၊ ၂၊ ၂၈၄။ ၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၁၃။
၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၁၁-၃။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၈-၉။ ၈၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၈၈။

http://www.dhammadownload.com



၆။ ဘုရားရှင်တို့၏ အဝိဇဟိတ လောကဝေါလောကန အကြိမ်ရေတို့ကို ဒေသအပိုင်းအခြားနှင့်တကွ ဖြေပြီး[၃]၊ ပုပ္ဖဝဂ် ဝိသာခါဝတ္ထုဝယ် အဘယ်စကားကို ရည်ရွယ်၍ "သုခံ နိပ္ပဇ္ဇိတဗ္ဗံ" ဟု ဩဝါဒပေးသည်ကိုလည်း ဖြေဆိုပါ။[၄]

၇။ မြွေပြိတ္တာ၊ ကျီးပြိတ္တာ၊ ကြွင်းသောပြိတ္တာတို့၏ ပမာဏကိုလည်းကောင်း၊ မြွေပြိတ္တာ၏ ခန္ဓာကိုယ်နေဟန်ကိုလည်းကောင်း၊ ကျီးပြိတ္တာ၏လျှာနှင့် ဦးခေါင်းပမာဏကိုလည်းကောင်း၊ အဟိပေတဝတ္ထုနှင့်အညီ ဖြေပြီးလျှင်[၅]၊ ယော စ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီန-ဝီရိယော-စသော ဂါထာ၌ ကုသီတ-အရ၊ ဝီရိယအာရဘန္တ-အရ ယူရမည့်ပုဂ္ဂိုလ်တို့ကိုလည်း ဖြေဆိုပါ။[၆]

၈။ အနည်းငယ်မျှသော မကောင်းမှုကိုပင် မထီမဲ့မြင် မပြုအပ်ကြောင်း ဥပမာနှင့်တကွ ဖြေပြီး[၇]၊ အရှင်မောဂ္ဂလ္လာန်သည် မိဘကို သတ်ခဲ့သောကံကြောင့် မည်မျှ ငရဲ၌ ကျက်ရ၍ ဘဝပေါင်း မည်မျှအသတ်ခံရသည်ကိုလည်း ဖြေဆိုပါ။[၈]

၉။ သဗ္ဗတ္ထ ဝေ သပ္ပုရိသာ စဇန္တိ၊
န ကာမကာမာ လပယန္တိ သန္တော။
သုခေန ဖုဋ္ဌာ အထ ဝါ ဒုခေန၊
န ဥစ္စာဝစံ ပဏ္ဍိတာ ဒဿယန္တိ[၉]-ကို အနက်သမ္ဗန်ပါ။

---

၁။ ဓမ္မပဒ၊ ဌ၊ ၂၊ ၄၆။ ၂။ ဓမ္မပဒ၊ ဌ၊ ၁၊ ၁၁၀။ ၃။ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၀၃။
၄။ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၅၅။ ၅။ ဓမ္မပဒ၊ ဌ၊ ၁၊ ၃၂၀။ ၆။ ဓမ္မပဒ၊ ဌ၊ ၁၊ ၄၇၇။
၇။ ဓမ္မပဒ၊ ဌ၊ ၂၊ ၁၁။ ၈။ ဓမ္မပဒ၊ ဌ၊ ၂၊ ၄၄။ ၉။ ဓမ္မပဒ၊ ဌ၊ ၁၊ ၃၇၇။

http://www.dhammadownload.com



၁၀။ “ထိုနတ်သမီးသည် ထိုအရပ်၌ တည်ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ ကောင်းကင်၌ ပျံပြီးလျှင် လက်အုပ်ချီလျက် “အရှင်ဘုရား ကျွန်မ နတ်သမီးသည် ရအပ်သော စည်းစိမ်ကို မဖျက်ပါလင့်။ အမြဲတည်ခြင်းကို ပေးပါကုန်လော့” ဤသို့ တောင်းပန်လျက် တကြုံကြုံ ငိုလျက် ကောင်းကင်၌ တည်နေ၏”[၁] ဟူသော မြန်မာဘာသာကို ပါဠိဘာသာ စီကုံးပါ။

* * * * *

## ၁၃၅၂–ခုနှစ်၊ စူဠငါ ပရိငါ ပါဠိတော်

၁။ ဘိက္ခုနော ကစ္ဆုရောဂါဗာဓော ပဟောတိ[၂]-၌ ကစ္ဆုရောဂါဗာဓော-ကို အစိတ် + အပေါင်း ဝစနတ္ထပြု၍ ကစ္ဆု-၌ ဓာတ်ကိုယူပြီး အဋ္ဌတနိဝိဘတ် ပရဿပုဒ် ပဥ္စမပုရိသ် ကတ္တုရုပ်ဖြင့် ကာရိယစုံအောင် ပဒမာလာစဉ်ခဲ့ပါ။

၂။ ယံ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ပဥ္စမံ ပါရာဇိကံ ကတ္တ ပညတ္တံ[၃]-၌ ဇာနတာ-သည် ကာရကလော၊ အကာရကလော အကြောင်း ပြဖြေဆို၍ ယင်းပုဒ်ကို ဝစနတ္ထပြုပြီးလျှင် ဓာတု၊ လိင်္ဂ၊ ဂဏ၊ ဝိဘတ္တိ၊ ဝိဘတျတ္ထတို့ကို ညွှန်ပြပါ။

၃။ တယာ ဘာရဒွါဇ ။ပ။ က္လိဒ္ဓိပါဠိဟာရိယံ ဒဿိတံ[၄]-၌ က္လိဒ္ဓိ-အရ ဖြစ်သင့်သော စိတ်ကို တိကျစွာကောက်ပြ၍ ယင်း၏ ယှဉ်ဘက် စေတသိက်နှင့် ဤ၌ ဖြစ်သင့်သော အာရုံတို့ကို ဖော်ပြခဲ့ပါ။

၄။ အမှတ် (၂) ပါဠိတော်လာ ပဿတာ-အရ ဝိသေသတ္တ ပဥ္စမနည်းအလို ဖြစ်ထိုက်သောဝီထိကို ချပြ၍ ယင်းဝီထိ၏ အခြေခံဖြစ်သော ဝီထိတို့၏ ပဓာနအာရုံတို့ကို အသီးသီးထုတ်ပြပြီးလျှင် ပညတ္တံ-၌ ဗာဟျတ္ထ-အရ ဖြစ်ထိုက်သောရုပ်နှင့် ထိုရုပ်၏ သမုဋ္ဌာန်တို့ကို ဖော်ပြခဲ့ပါ။

၅။ ပဏ္ဍာဟပ္ပဝိုဋ္ဌဿန္နူ သံဃာဒိသိသ်အာပတ် ကုစားစဉ် အရင်းသို့ ငင်ရမည့်ပုဂ္ဂိုလ်များကို စုံလင်အောင်ဖော်ပြ၍[၅]၊ ရဟန်းတော်များ အရှည်မထားကောင်းသော အရာဝတ္ထုများကို အကြောင်းနှင့်တကွ ရေးခဲ့ပါ။[၆]

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂ ၆။ ၂၊ ဝိ၊ ၄၊ ၂၄၁။ ၃၊ ဝိ၊ ၅၊ ၁။ ၄၊ ဝိ၊ ၄၊ ၂၄၃။
၅၊ ဝိ၊ ၄၊ ၁၁၃၊ ၉။ ၆၊ ဝိ၊ ၄၊ ၂၄၁၊ ၂၃၃။ ၂၃၅။

http://www.dhammadownload.com



၆။ ရှစ်ဝါရသော ရဟန်းနှင့် နေရာတူ နေရ၊ မနေရသော ရဟန်းများကို ခွဲခြားပြ၍[၁]၊ သာသနာတော်ကြီး၏ လေးခုမြောက်သော အံ့ဖွယ်ကို ဥပမာဆောင် ထင်အောင်ပြပြီး[၂]၊ နောက်ဆုံး မထေရ်တို့၏ ဩဝါဒအရ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်များကိုလည်း ရေတွက်ခဲ့ပါ။[၃]

၇။ (က) အာဝသထစီဝရံ အနိဿဇ္ဇိတွာ[၄]၊ (ခ) အာဝသထံ အနိဿဇ္ဇိတွာ[၅]-တို့လာ အာဝသထံ-နှစ်ခု၏ထူးခြားပုံကို ရေးပြီးလျှင်၊ သမုဋ္ဌာနသီသ ၁၃-ပါးတို့တွင် ကေသမုဋ္ဌာန်၊ ဒွိသမုဋ္ဌာန်၊ တိသမုဋ္ဌာန်ရကောင်းသော သမုဋ္ဌာနသီသတို့ကို အရေအတွက် သချာမျှသာ ဖော်ပြ၍[၆]၊ အာပတ်ပညတ်ချက် မပါသော ခန္ဓကအမည်တို့ကိုလည်း ညွှန်ပြပါ။[၇]

၈။ သံယာထဲ၌ အဓိကရုဏ်း တစ်ခုခုဖြစ်လာခဲ့သော် သံယာနှင့် အနုဝိဇ္ဇကဝိနည်းဓိုရ်တို့ လိုက်နာရမည့်ကျင့်ဝတ်တို့ကို ခွဲခြားဖော်ပြပြီးလျှင်[၈]၊ ဝိနည်းပိဋက သင်ယူခြင်း၏ အကျိုးငါးပါးကိုလည်း ရေးခဲ့ပါ။[၉]

၉။ အောက်ပါ ဂါထာကို မြန်မာဘာသာ ပြန်ဆိုခဲ့ပါ -

ယော ဝေ န ဗျထတိ ပတ္တာ၊ ပရိသံ ဥဂ္ဂဝါဒိနိံ။
န စ ဟာပေတိ ဝစနံ၊ န စ ဆာဒေတိ သာသနံ။[၁၀]

၁၀။ အောက်ပါ မြန်မာစကားပြေကို ပါဠိဘာသာပြန်ဆိုပါ -

"စုဒိတကနှင့် စောဒက၏ စကားကို (မစူးစမ်း မဆင်ခြင်မူ၍) အဆောတလျှင် အတည် မမှတ်ယူလိုက်ပါနှင့်။ (အဘယ်ကြောင့်ဟူမူ) စောဒကကလည်း (စုဒိတကသည်) အပြစ်သင့်ရောက်ပါ၏ဟု ဖြေ၍ စုဒိတက ကလည်း အပြစ်မရောက်ပါဟု ပြောလေ့ရှိသောကြောင့်ပေတည်း။"[၁၁]

* * * * *

## ၁၃၅၂-ခုနှစ်၊ အဂ္ဂ်တတိုရ်ပါဠိတော်

၁။ ဒက္ခိဏံ ပတိဋ္ဌပေတိ သောဝဂ္ဂိကံ[၁၂]-၌ သောဝဂ္ဂိကကို အစိတ်အပေါင်း ဝစနတ္ထပြပြီး၊ တိရောကုဋ္ဋ-၌ ရှေ့ပုဒ်ကို ပုဒ်ခွဲ၍၊ နောက်ပုဒ်ကိုလည်း နာမပဒမာလာစဉ်ပါ။

---

၁၊ ဝိ၊ ၄၊ ၃၁၉။ ၂၊ ဝိ၊ ၄၊ ၄၂၂။ ၃၊ ဝိ၊ ၄၊ ၄၈၄။ ၄၊ ဝိ၊ ၄၊ ၃၉၉။
၅၊ ဝိ၊ ၂၊ ၄၀၀။ ၆၊ ဝိ၊ ၅၊ ၁၅၈၊ ၁၆၃။ ၇၊ ဝိ၊ ၅၊ ၂၀၈၊ ၂၁၀။ ၈၊ ဝိ၊ ၅၊ ၂၈၃။
၉၊ ဝိ၊ ၅၊ ၃၂၀။ ၁၀၊ ဝိ၊ ၄၊ ၃၆၅။ ၁၁၊ ဝိ၊ ၅၊ ၂၇၉။ ၁၂၊ အံ၊ ၂၊ ၃၉။

http://www.dhammadownload.com



၂။ သင်္ကာယော၊ ဒုဗ္ဗဏ္ဏိယံ-ပုဒ်တို့ကို ဝစနတ္ထပြ၍၊ သင်္ကာယော-ဝယ် ရှေးပုဒ်၌ ဓာတ်ကိုယူ၍ အဇ္ဈတနီဝိဘတ် ပရဿပုဒ်ဖြင့် အာချာတပဒမာလာစဉ်ပါ။
၃။ ဝိညာတံ အနုဝိစရိတံ မနသာ၊ တမဟံ ဇာနာမိ [၁] -၌ ဝိညာတ-အရ တရားနှင့် ယင်း၏အာရမ္မဏိကတရားတို့ကို တိကျစွာ ဖော်ပြ၍၊ "တမဟံ ဇာနာမိ" ၌ ဖြစ်သင့်သော ဝီထိပုံစံတစ်ခုကိုလည်း ချပြပါ။
၄။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ကမ္မံ အကဏှာ အသုက္ကံ [၂] -၌ အဓိပ္ပေတတ္ထတရားကို ကောက်ပြ၍ အရိယသာဝကော သဗ္ဗသော အာကာသာနဉ္စာယတန စေတသာ ဝိဟရတိ [၃]-၌ စေတသာ-အရ တရားကိုလည်း သမ္ပယုတ်တရားနှင့်တကွ ကောက်ပြပါ။
၅။ အဘယ်ပုဂ္ဂိုလ်တို့သည် အဘယ်ပုံသင်ကြားသည့်အတွက် "ပုဗ္ဗာစရိယ" မည်သည်ကို တိကျမှန်ကန်စွာ ဖြေ၍၊ [၄] သစ်ပင်နှင့်တူသော ပုဂ္ဂိုလ် ၄-မျိုးကို အစဉ်ကျအောင် ဖြေဆိုပြီး၊ [၅] သုံးယောက်မြောက်ပုဂ္ဂိုလ်ကိုလည်း ပေါ်လွင်အောင် ဖြေပါ။
၆။ မင်း၏လက်ရုံးဖြစ်သော ပုဂ္ဂိုလ်နှင့်တူသော ရဟန်းကို ဖြေ၍၊ [၆] စတုတ္ထရဟန်း၏ သဘောကို ကျနစွာ ဖြေပြီး၊ ပရိသတ်ဖျက်ဆီးတတ်သူများကို ဖြေဆိုပါ။ [၇]
၇။ ပဉ္စကနိပါတ် မဟာသာလပုတ္တသုတ်လာ ရဟန်းတို့၏ ကြီးပွားခြင်းကိုလည်း ဥပမာနှင့်တကွ ဖြေဆိုပြီး၊ [၈] သာသနာတော် မသန့်ရှင်း၊ မတည်တံ့နိုင်ခြင်း၊ သန့်ရှင်းတည်တံ့နိုင်ခြင်း၏ အကြောင်းများကို ပဉ္စကနိပါတ် ကိမိလသုတ်နှင့်အညီ ဖြေဆိုပါ။ [၉]
၈။ ဆက္ကနိပါတ် ဓမ္မိကသုတ်လာ သုပ္ပတိဋ္ဌ ပညောင်ပင်၏ အကျယ်ပမာဏကိုလည်းကောင်း၊ အမြစ်ပမာဏကိုရင်း၊ အသီးပမာဏကိုလည်းကောင်း၊ အကိုင်းငါးခုကိုစားသော ပုဂ္ဂိုလ်တို့၏ အမည်အသီးသီးကိုလည်းကောင်း ဖြေပြီးလျှင်၊ [၁၀] ရဟန်း၏ မဆုတ်ယုတ်ကြောင်းတရားများကိုလည်း ဒေဝတာဝဂ်၊ ဒေဝတာ-သုတ်နှင့်အညီ ဖြေပါ။ [၁၁]
၉။ အောက်ပါ ဂါထာကို အနက်ယောဇနာပါ -

ဘုတ္တာ ဘောဂါ ဘတာ ဘစ္စာ၊ ဝိတိဏ္ဏာ အာပဒါသု မေ။
ဥဒ္ဒဂ္ဂါ ဒက္ခိဏာ ဒိန္နာ၊ အထော ပဉ္စဗလီ ကတာ။
ဥပဋ္ဌိတာ သီလဝန္တော၊ သညတာ ဗြဟ္မစာရယော။ [၁၂]

---

| | | | |
|---|---|---|---|
| ၁၊ အံ၊ ၁၊ ၃၃၃။ | ၂၊ အံ၊ ၁၊ ၅၅၇။ | ၃၊ အံ၊ ၂၊ ၂၇၇။ | ၄၊ အံ၊ ၁၊ ၃၈၁။ |
| ၅၊ အံ၊ ၁၊ ၄၂၅။ | ၆၊ အံ၊ ၁၊ ၄၉၁။ | ၇၊ အံ၊ ၁၊ ၅၄၇-၈။ | ၈၊ အံ၊ ၂၊ ၃၇-၈။ |
| ၉၊ အံ၊ ၂၊ ၂၁၆။ | ၁၀၊ အံ၊ ၂၊ ၃၂၄။ | ၁၁၊ အံ၊ ၂၊ ၃၇၀။ | ၁၂၊ အံ၊ ၂၊ ၄၀။ |

http://www.dhammadownload.com


၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဝါကျ စီကုံးပါ။

"ငါ့ရှင်တို့ ဥပမာမည်သည်ကား ကြည်လင်သော ရေရှိသော၊ ချိုသော ရေရှိသော၊ အေးသော ရေရှိသော၊ ဖြူဖွေးသော အရောင်ရှိသော၊ ကောင်းမွန်ညီညာသော ဆိပ်ကမ်းရှိသော၊ ပျော်မွေ့ဖွယ်ကောင်းသော အထူးထူးသော သစ်ပင်တို့ဖြင့် ဖုံးလွှမ်းအပ်သော ရေကန်သည် ရှိရာ၏။" [၁]

* * * * *

## ၁၃၅၂-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ-၌ သမုဒ္ဒမဇ္ဈေ[၂] -ကို အစိတ်အပေါင်း ဝိဂ္ဂဟပြု၍၊ အန္တလိက္ခေ-၌ နောက်ပုဒ်နောင် သတ္တမီဝိဘတ်ဖြင့် ပြီးနိုင်သမျှ ရုပ်စုကို ဖော်ပြခဲ့ပါ။

၂။ န ဝိဇ္ဇတိ သော ဇဂတိပ္ပဒေသော[၂] -ဝယ် ဇဂတိပ္ပဒေသော-ကို ပုဒ်ဖြတ်၍၊ ရှေ့ပုဒ်၏ ဓာတ်နောင် အဇ္ဈတ္တနီ ဤဝိဘတ်ဖြင့် ကာရိယစုံလင်စွာ ပဒမာလာစဉ်ခဲ့ပါ။

၃။ အနဝဿုတစိတ္တဿ[၃] -၌ အဝဿုတ၏ ဓာတ်အရ တရားကို ကောက်၍၊ ယင်းနှင့် ယှဉ်သော စိတ် စေတသိက်၊ ယင်းတို့၏ အာရုံပြုနိုင်သည့် ဓမ္မာရုံသရုပ်ကို ထုတ်ပြပြီးလျှင်၊ ယင်းတို့ကြောင့် ပဋိသန္ဓေအခါ၌ ဖြစ်ပေါ်သော ရုပ်ကလာပ်တို့ကိုလည်း ရနိုင်သမျှ ထုတ်ပြခဲ့ပါ။

၄။ အပဟိပေတံ ဒိဿာ သိတံ ပါတွာကာသိ[၄] -၌ ဒိဿာ-အရ တရားကို ဖော်ပြပြီး ဖြစ်ပေါ်ပုံ ဝီထိကို ချ၍၊ ပါတွာကာသိ-၌ ဓာတ်အရ တရားကို ကောက်ပြီး ယင်းနောင် နှောင်းနိုင်သမျှ ဘဝင်တို့ကိုလည်း ဖော်ပြခဲ့ပါ။

၅။ ဝိသာခါ၏ အသက်ပမာဏနှင့် သား သမီး မြေး မြစ် အရေအတွက်ကို ဖော်ပြပြီးလျှင်၊[၅] ဝိသာခါ မိသားစုတွင် သောတာပန်ဖြစ်သူများကိုလည်း ဖော်ထုတ်ပြ၍၊[၆] ဝိသာခါသည် မိဂါရသူဌေး၏ ချွေးမဖြစ်ပါလျက် "မိဂါရမာတာ" အမည်ရခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။[၇]

---

၁၊ အံ၊ ၂ ၁၆၆။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂ ၂၈။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၉၆။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၂၀။
၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၅၈။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၄၃။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၅၆။

http://www.dhammadownload.com



၆။ မင်းမှုထမ်းနှင့် သူတစ်ပါးတို့၏ အစေအပါးတို့သည် မည်သူကပို၍ အောက်တန်းကျသည်ကို အကြောင်းပြရေး၍၊[၁] သူတို့သည် ချမ်းသာဆင်းရဲနှင့် တွေ့ကြုံကြရာ၀ယ် အဘယ်အခါ၌ ရဟန်းသံဃာများကို ပို၍သတိရတက်ကြသည်ကို အထောက်ပြ ဖြေဆိုခဲ့ပါ။[၂]

၇။ အညာ ဟိ လာဘူပနိသာ-၌ "ဓမ္မိကလာဘ်"ကို ဖော်ပြပြီးလျှင်၊ ဝိဝေကမနုဗြူဟယေ-၌ "ဝိဝေကသရုပ်"ကို ထုတ်ပြ၍၊ ယင်းတို့ကို အကြောင်းကျိုးဆက်ပြခဲ့ပါ။[၃]

၈။ "နံ ကာမကာမာ လပယန္တိ သန္တော"၌ မည်သည့်ပုဂ္ဂိုလ်မျိုးကို လပန္တိ၊ လပါပေန္တိ-ခေါ်သည်ဟု ဖြေဆိုပြီးလျှင်၊[၄] မည်သည့်အကုသိုလ်ကံကြောင့် ရှင်သီဝလိ အလောင်းလျာ မိခင်ဝမ်းတွင်းမှာ ခုနစ်နှစ် ခုနစ်လ ကိန်းရပြီး ခုနစ်ရက်တိတိ ယောနိဝ၌ ကန့်လန့်ဖြစ်နေရသည်ကို ဖော်ပြ၍၊[၅] ယင်းမထေရ်၏ လာဘ်လာဘပေါ်များရခြင်းအကြောင်းကိုလည်း ရေးပါ။[၅]

၉။ အောက်ပါ ဂါထာ၌ ကြိယာပုဒ်ထည့်စွက်၍ အနက်သမ္ဗန်ခဲ့ပါ။

တံ တံ ကာရဏမာဂမ္မ၊ ဓမ္မာဓမ္မေသု ကောဝိဒေါ၊

သမ္ပုန္နသဒ္ဒမ္ဗပဒေါ၊ သတ္ထာ ဓမ္မပဒံ သုဘံ။[၆]

၁၀။ "ရဟန်းတို့ သတ္တဝါတို့မည်သည် ဝင့်ဆင်းရဲ၌ ကျင်လည်ကြကုန်စဉ် အမြဲမပြတ် မမေ့မလျော့ကြကုန်သည်ဖြစ်၍ ကောင်းမှုကံကိုသာလျှင် ပြုကြကုန်သည်မဟုတ်။ မေ့လျော့ကြကုန်သည်ဖြစ်၍ မကောင်းမှုကံကိုလည်း ပြုလုပ်ကြကုန်၏။ ထို့ကြောင့် ဝင့်ဆင်းရဲ၌ ကျင်လည်ကြကုန်စဉ် ချမ်းသာကိုလည်းကောင်း၊ ဆင်းရဲကိုလည်းကောင်း ခံစားကြရကုန်၏။" [၇] ကို ပါဠိဘာသာပြန်ဆိုခဲ့ပါ။

* * * * *

## ၁၃၅၃-ခုနှစ်၊ စူဠဂါ ပရိဂါ ပါဠိတော်

၁။ န ဆမာယံ နိသိန္နေ အာသနေ နိသီဒိတဗ္ဗံ[၈] -ဝယ် ဆမာယံ-၌ ဖြစ်သင့်သမျှ ဓာတ်ကိုယူ၍ ဓာတွတ္ထကို ဖော်ပြပြီးလျှင်၊ ဝတ္တမာန်ဝိဘတ်ဖြင့် ကတ္တုရုပ်ပဒမာလာစဉ်၍ ဆမာ-ပုဒ်ကို ဝစနတ္ထပြခဲ့ပါ။

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၈၃။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၈၄။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၄၄-၅။
၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၇၇။ ၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၀၂။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁။
၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၄၂။ ၈၊ ဝိ၊ ၄၊ ၉၄။

http://www.dhammadownload.com



၂။ ခေဋ္ဌာသကသ္သ[၁] -ဝယ် ရှေ့ပုဒ်ကို ဖြစ်သင့်သမျှ ဝစနတ္ထပြု၍ ဓာတု၊ ဓာတွတ္ထ၊ ပစ္စယ၊ ပစ္စယတ္ထတို့ကို ဖော်ပြခဲ့ပါ။

၃။ ဣန္ဒြိယပဒိုဟာရိယ[၂] -၌ ဣန္ဒြိယ၏အရ ပရမတ္ထတရားကို တိကျစွာ ကောက်ပြ၍၊ ယင်း၏ အာရမ္မဏတရား၊ သမ္ပယုတ္တတရားများကို ဖော်ပြခဲ့ပါ။

၄။ အသေဘာသိ ခေါ ဘဂဝါ ဥစ္စာသဒ္ဒံ မဟာသဒ္ဒံ[၃] -၌ အသေဘာသိ-အရ ဘုရားရှင်၏ သန္တာန်၌ ဖြစ်ထိုက်သော အတိမဟန္တာရုံဝီထိတစ်ခုကို ချပြ၍၊ ၎င်းဝီထိ၌ပါသော စိတ်တို့၏ မှီရာ ဝတ္ထုရုပ်၊ အာရုံတို့ကို တိကျစွာ ကောက်ပြခဲ့ပါ။

၅။ တရားနှင့်လျော်သော အမှုဋ္ဌဝိနည်းပေးခြင်း သုံးပါးတို့ကို ဖော်ပြ၍၊[၄] တရားနှင့် လျော်သော "တဿပါပိယသိကကံ"ကို ပြုခြင်းငါးပါးတို့ကိုလည်း ရေးခဲ့ပါ။[၅]

၆။ မီးဖိုဆောင်ကို ခွင့်ပြုတော်မူရခြင်းအကြောင်းရင်းနှင့် မီးဖိုဆောင်၌ ခွင့်ပြုတော်မူ အပ်သော အရာဝတ္ထုတို့ကို ဖော်ပြပြီးလျှင်၊[၆] အဂ္ဂါသန-ရထိုက်သော ပုဂ္ဂိုလ်ကိုလည်း ညွှန်ပြခဲ့ပါ။[၇]

၇။ ဝိနည်းဓိုရ်ဆရာတော်က ဝိပတ္တိသုံးပါး မြင်ခြင်းဖြင့် စောဒနာသော စောဒက ပုဂ္ဂိုလ်အား မေးမြန်းရမည့် အချက်အလက်များကို ရေးခဲ့ပါ။[၈]

၈။ မေထုန်အားလျော်သောတရား၊ မေထုန်၏ ရှေ့အဘို့၌ ဖြစ်သော တရားတို့ကို ဖော်ပြ၍၊[၉] အဓိဋ္ဌာန်၊ မာတိကာတို့၏ နိဒါန၊ သမုဒယ၊ ဇာတိ၊ ပဘဝ၊ သမ္ဘာရ၊ သမုဋ္ဌာန တို့ကိုလည်း ရေးခဲ့ပါ။[၁၀]

၉။ အောက်ပါ ဂါထာကို အနက်ယောဇနာခဲ့ပါ -

တေ နာဂါ မဟာပညာ၊ ဝိနယညူ မဂ္ဂကောဝိဒါ။
ဝိနယံ ဒီပေ ပကာသေသုံ၊ ပိဋကံ တမ္ဗပဏ္ဏိယာ။[၁၀]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာပြန်ဆိုခဲ့ပါ -

"အဆုံးမရှိသော ဥေယျဓံတရားငါးပါးကို မြင်လေ့ရှိတော်မူသော၊ ဆိတ်ငြိမ်ခြင်းကို မြင်လေ့ရှိတော်မူသော၊ လူအပေါင်း၏အကျိုးစီးပွားကို ဆောင်တော်မူသော မြတ်စွာဘုရား ဟောတော်မူအပ်ကုန်သော ကာယသမုဋ္ဌာန်ကြောင့် အဘယ်မျှသော အာပတ်တို့သည် ဖြစ်ကုန်သနည်း၊ ဝိဘင်းနှစ်ပါး၌ လိမ္မာသင့်သူကို ငါမေးပါ၏။ ဖြေဆိုပါလော့။"[၁၁]

---

၁၊ ဝိ၊ ၄၊ ၃၄၇။ ၂၊ ဝိ၊ ၄၊ ၂၄၇။ ၃၊ ဝိ၊ ၄၊ ၂၀၂။ ၄၊ ဝိ၊ ၄၊ ၂၀၆။
၅၊ ဝိ၊ ၄၊ ၂၅၆-၈။ ၆၊ ဝိ၊ ၄၊ ၁၀၁။ ၇၊ ဝိ၊ ၅၊ ၂၈၁။ ၈၊ ဝိ၊ ၅၊ ၂၉၂။
၉၊ ဝိ၊ ၅၊ ၃၀၅-၆။ ၁၀၊ ဝိ၊ ၅၊ ၄။ ၁၁၊ ဝိ၊ ၅၊ ၁၇၅။

http://www.dhammadownload.com



## ၁၃၅၃–ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ ဒေဝပတ္တာ ဝိဟာရန္တိ-ဝယ် ဒေဝပ္ပတ္တာ-၌ ဒေဝကို သမာသဝိဂ္ဂဟ၊ ဒေဝပ္ပတ္တာကို တဒ္ဓိတဝိဂ္ဂဟပြု၍၊ သန္တိ ဟောတိ[၂]-၌ "သံ"ကို ရုပ်ကျဉ်းတွက်ပြပါ။

၂။ အဗ္ဗျူဠ္ဌေသိကော[၃]-ကို ပုဒ်ခွဲ၍၊ ရှေ့ပုဒ်၏ ဓာတ်ကို ဝတ္တမာန် ပဌမပုရိသ်ဖြင့် ကမ္မရုပ်စဉ်ပြီးလျှင်၊ ဘိက္ခုနော အဝိဇ္ဇာ ပဟီနာ ဟောတိ-၌ ဘိက္ခုနော-ကို လိုရင်းသုတ် ဖော်ထုတ်၍ ကာရကရုပ်ကျဉ်းတွက်ခဲ့ပါ။

၃။ အဗ္ဗျူဠ္ဌေသိကော-၌ ရှေ့ပုဒ်အရ ကောက်ပြ၍၊ ယင်း၏သမ္ပယုတ္တဓမ္မနှင့် အာလမ္ဗိတဗ္ဗ များကို ဖော်ပြပြီးလျှင်၊ နောက်ပုဒ်အရ တရား၏ အာရမ္မဏိကဖြစ်သော အသောဘန ဓမ္မတို့ကို ညွှန်ပြပါ။

၄။ သော စျာယီ အဿာသရတော်[၄]-ဝယ် အဿာသ-အရ ဥပမာန ဥပမေယျ နှစ်ပက္ခ ကွဲပြားအောင် ခွဲခြားကောက်ပြပြီးလျှင်၊ ဥပမာနပက္ခတရား၏ အကြောင်းသမုဋ္ဌာန် စိတ်တို့ကို ထုတ်ပြကာ၊ ဥပမေယျပက္ခတရားဆိုင်ရာ ဝီထိကို တိတိကျကျ ချပြခဲ့ပါ။

၅။ ယင်ဖကြီးငါးပါးသရုပ်ကို ထုတ်ပြ၍၊[၅] မည်သည့်ယင်ဖမျိုးကို သမ္မာပါသ၊ ဝါဇပေယျ ခေါ်သည်ဟု ဖြေဆိုပြီးလျှင်၊[၆] လ နေတို့၏ အသမ္ပတ္တ ဥပက္ကိလေသနှင့် သမ္ပတ္တဥပက္ကိလေသ တို့ကို ခွဲခြားဖော်ပြခဲ့ပါ။[၇]

၆။ စတုတ္ထ၊ ပဥ္စမ အဘိဏှပစ္စဝေက္ခိတဗ္ဗဋ္ဌာန တို့ကို အကျိုးနှင့်တကွ ဖော်ပြ၍၊[၈] "ဓမ္မ ဝိဟာရီပုဂ္ဂိုလ်"ဟူသည် အဘယ်သို့သော ပုဂ္ဂိုလ်မျိုးဖြစ်ပါသနည်း၊ တိကျစွာညွှန်ပြပါ။ [၉]

၇။ အသက်ရွယ်ကြီးမား၊ လာဘ်ပေါများ၍၊ ကျော်ကြားနာမည်၊ အလီလီသုတ၊ စုံပြည့် ဝသူ မထေရ်ကြီးဖြစ်ပါလျက် လူနတ်အများ ဆင်းရဲပွားအောင် လုပ်ဆောင်နေပါသည် ဆိုလျှင် ထိုမထေရ်ကြီးသန္တာန်၌ တည်ရှိနေသော တရားကို ထေရသုတ်အရ ဖော်ပြ၍၊[၁၀] မြတ်ဗုဒ္ဓ၏ တရားရတနာ ကောင်းမြတ်လှပုံကို ပိဋကယာနီပုဏ္ဏားကြီး ပြောပြသော ဥပမာ တို့ဖြင့်သာ တင်ပြဖြေဆိုပါ။[၁၁]

---

၁၊ အံ၊ ၁၊ ၅၀၃။ ၂၊ အံ၊ ၁၊ ၅၃၃။ ၃၊ အံ၊ ၂၊ ၇၄။ ၄၊ အံ၊ ၂၊ ၃၀၄။
၅၊ အံ၊ ၁၊ ၃၅၁။ ၆၊ အံ၊ ၄၊ ၂၊ ၃၀၂။ ၇၊ အံ၊ ၄၊ ၂၊ ၃၀၇။ ၈၊ အံ၊ ၂၊ ၆၄။
၉၊ အံ၊ ၂၊ ၇၇-၈။ ၁၀၊ အံ၊ ၂၊ ၁၀၁။ ၁၁၊ အံ၊ ၂၊ ၂၀၇-၈။

http://www.dhammadownload.com



၈။ သာသနာ၀န်ထမ်း ရှင်ရဟန်းတို့၏ (က) ဆင်းရဲခြင်း၊ (ခ) ကြွေးယူရခြင်း၊ (ဂ) အတိုးတက်ခြင်းတို့ကို ဖော်ပြ၍[၁] ရက္ခဓမ္မနှင့် သမဏဓမ္မတို့ကိုလည်း ထင်ရှားအောင် ဖော်ထုတ်ခဲ့ပါ။[၂]

၉။ "ရဟန်းတို့ အကြင်ရဟန်းသည် "ငါသည် တစ်နေ့ပတ်လုံး အသက်ရှင်မှုကား ကောင်းလေစွ၊ (ထိုတစ်နေ့အတွင်း၌) မြတ်စွာဘုရား၏ အဆုံးအမကို စိတ်နှလုံးသွင်းပိုက်ထားရမှုကား ငါသည် အမှန်တကယ်ပင် (မိမိကိစ္စကို) များစွာပြုကျင့် အားထုတ်အပ်သည် ဖြစ်ရာ၏" ဤသို့ မရဏဿတိကို ပွားများ၏။"[၃] ယင်းကို ပါဠိဘာသာပြန်ဆိုပါ။

၁၀။ အောက်ပါ ဂါထာကို အတ္ထောအရ ပေါ်လွင်စေလျက် ထည့်သင့်သည့် ပါဠိတို့ကို ထည့်ပြီးလျှင် ကျနစွာ အနက်သမ္ဗန်ပါ -

သစေ ပဇာနေယျ အလဗ္ဘနေယျော၊
မယာ၀ အညေန ဝါ သော အတ္ထော။
အသောစမာနော အဓိဝါသယေယျ၊
ကမ္မံ ဒဠှံ ကိန္တိ ကရောမိ ဒါနိ။[၄]

* * * * *

## ၁၃၅၃-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ အနုတ္တပဒသံဟိတာ[၅]-ကို ဖြစ်နိုင်သမျှ သမာသဝိဂ္ဂဟပြု အမည်ပေး၍၊ ပေါက္ခရဏီ-ပုဒ်ကို နာမ်ရုပ်ကျဉ်းတွက်လျှက်၊ ထိုပုဒ်နောင် ပဉ္စမာ ဗဟုဝုစ်ဝိဘတ်ဖြင့် ပြီးနိုင်သမျှ ရုပ်စုတို့ကိုလည်း ရေးခဲ့ပါ။

၂။ စက္ခုပ်ကုတ္တံ[၆]-ကို ရနိုင်သမျှသော တဒ္ဓိတဝိဂ္ဂဟပြု အမည်ပေးလျက်၊ ဇိတံ အပဇိတံ ကယိရာ[၇]-၌ ကယိရာ-ကို ဌာနအားလျော်စွာ အာချာတ်ရုပ်ကျဉ်းတွက်ပြီး၊ ထိုဓာတ်နောင် အဇ္ဇတ္တနီ ပရဿပုဒ် ပဉ္စမပုရိသ် ဗဟုဝုစ်ဖြင့် ပြီးနိုင်သမျှ ရုပ်စုကိုလည်း ရေးခဲ့ပါ။

---

၁၊ အံ၊ ၂၊ ၃၀၉၊ ၃၁၀။ ၂၊ အံ၊ ၂၊ ၃၂၅။ ၃၊ အံ၊ ၂၊ ၂၆၉။ ၄၊ အံ၊ ၂၊ ၅၀။
၅၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၄၀၈။ ၆၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၄၊ ၁၈၊ ၇၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၄၁၉။

http://www.dhammadownload.com



၃။ သာ မဂ္ဂဖလတော ဝုဋ္ဌာယ ဒိဗ္ဗစက္ခုနာ ဩလောကေတွာ[၁] -၌ ကတ္တားဖြစ်သင့်သော ဝိထိစိတ်တို့ကို တိတိကျကျ ကောက်ပြပြီးလျှင် ယင်းတို့၏ အရာဌာနအားလျော်စွာ ဖြစ်သင့်သည့်အာရုံကိုလည်း ဖော်ပြခဲ့ပါ။

၄။ ဣမံ ဒိသွာ သော ဝိပ္ပဋိသာရီ ဟုတွာ ဂတော[၂] -၌ ဝိပ္ပဋိသာရီ-ဝယ် ဝိပ္ပဋိသာရ အရကို ကောက်ပြ၍၊ ယင်းနောင်နှောင်းနိုင်သည့် တဒါရုံများကို ဖြစ်သင့်သည့်ပုဂ္ဂိုလ်များနှင့် တွဲစပ်ဖော်ပြခဲ့ပါ။

၅။ ဇိတာဋ္ဌ ရက္ခေ-၌ ဖြစ်စေအပ်ပြီးသော ဝိပဿနာစိတ်ကို အဘယ်ကဲ့သို့ စောင့်ရှောက်ရမည်ကို ဖော်ပြပြီးလျှင်၊[၃] "ဝိဋ္ဌေဇ္ဇ္ဇာ" အမည်ရခြင်းအကြောင်းနှင့် ယင်း၏ အမိဘက်မှ အဘိုးအဖွားတို့ကိုလည်း ဖော်ပြခဲ့ပါ။[၄]

၆။ အသန္တံ ဘာဝနမိစ္ဆေယျ-၌ အလိုရှိအပ်သည့် အသန္တဘာဝန သဘောတို့ကို ဖော်ပြပြီးလျှင်၊ ယင်းဒေသနာတော် ဖြစ်ပေါ်ရာဌာနနှင့် ပြီးဆုံးရာဌာနတို့ကိုလည်း ရေးခဲ့ပါ။[၅]

၇။ ပဏ္ဍိတသာမဏေ တရားအားထုတ်စဉ် စောင့်ကြပ်သည့်ပုဂ္ဂိုလ်များကို ယင်းတို့ ယူဆသည့်တာဝန်ဖြင့် ယှဉ်စပ်ဖော်ပြပြီးလျှင်၊ ဘုရားရှင်က ရှင်သာရိပုတ္တရာကို မေးတော်မူသည့် မေးခွန်းလေးခုတို့တွင် နောက်နှစ်ခုအဖြေကို အကျယ်ဖြေပြခဲ့ပါ။[၆]

၈။ ကဿပမြတ်စွာဘုရားလက်ထက် တောင်ထိပ်သို့ တက်၍ တရားကျင့်သော ရဟန်းတော်များအနက် ဂေါတမမြတ်စွာဘုရားလက်ထက်၌ တရားထူးရသော ရဟန်းတော်တို့၏ အမည်တို့ကို ထုတ်ပြပြီးလျှင်၊[၇] ယင်းတို့တွင် အဘယ်ကြောင့် အဘယ်သူတိုသည် နွားဇွေ့ ကွယ်လွန်သည်ကို ဖော်ပြခဲ့ပါ။[၈]

၉။ ဣတိဟိဿ တံ ဝိဘဝဇာတံ နေဝ ပုတ္တဒါရာဒီနံ၊ န သမဏဗြာဟ္မဏာနံ အတ္ထံ အနုဘောတိ။ ရက္ခသပရိဂ္ဂဟိတာ ဝိယ ပေါက္ခရဏီ အပရိဘောဂံ တိဋ္ဌတိ[၉]-ကို အသ အစွဲမလွဲစေမူ၍ ဥပမာအပြင်ထုတ်နည်းဖြင့် အနက်ယောဇနာခဲ့ပါ။

၁၀။ "အဘယ် သွားချေ၊ တစ်စုံတစ်ယောက်သော လူဖြစ်သူသည် သင်နှင့်တကွ ပြဿနာကို ဖြေစွမ်းနိုင်လျှင် ထိုသူ၏သာလျှင် ခြေရင်းအလုပ်အကျွေး ဖြစ်ပါစေ။ ရဟန်းသည် စွမ်းနိုင်လျှင် ထိုရဟန်းအထံ၌ ရဟန်းပြုပါ။"[၁၀] ကို ပါဠိဝါကျချိတ်ကုံးခဲ့ပါ။

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၈၅။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၉၅။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၀၁။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၊ ၁၉၊ ၂၂၀။
၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၂၇-၈။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၆၈-၉-၇၀။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၁၀။
၈၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၀၃။ ၉၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၃၂။ ၁၀၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၁၆။

http://www.dhammadownload.com



## ၁၃၅၄–ခုနှစ်၊ စူဠဝါ ပရိဝါပါဠိတော်

၁။ ဦးရှု၊ သေမ္မော တို့၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ဝိဘတ်ဖြင့် ကတ္တုရုပ် ပဒမာလာ၊ ရင်မဗ္ဗေပိ-ဝယ် ရင်၊ ဘိက္ခူ ဥဏ္ဍာဘိတတ္တာ ဒွါရံ အလဘမာနာ မုဋ္ဌိတာ ပပတန္တိ[၁]ဝယ် ဥဏ္ဍာဘိတတ္တ ပုဒ်တို့ကို နာမပဒမာလာစဉ်ခဲ့ပါ။

၂။ ပတ္တဟတ္ထာ၊ ရုက္ခတူလံ၊ နာဂဟတော၊ ကပ္ပဗ္ဗော၊ ဥဒကမာတိကာ-ပုဒ်တို့ကို သမာသ် အမည်ကိုလည်း ဖော်ပြခဲ့ပါ။

၃။ အဒ္ဒသာ ခေါ ဘဂဝါ အာယသ္မန္တံ သာရိပုတ္တံ[၂] ၌ ကြိယာပုဒ်၏ ဓာတ်အရ ပရမတ္ထ တရားကို ကောက်ပြ၍၊ ယင်းတရား၏ သမ္ပယုတ္တဓမ္မ၊ အာရုံ၊ မှီရာဝတ္ထု၊ ရှေးအနန္တရစိတ်၊ နောက်အနန္တရစိတ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

၄။ အထ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ "တေန ဟိ ဘိက္ခဝေ မေတ္တိယံ ဘိက္ခုနိံ နာသေထ၊ ဣမေ စ ဘိက္ခူ အနုယုဉ္ဇထာ" တိ ဣဒံ ဝတွာ ဘဂဝါ ဥဋ္ဌာယာသနာ ဝိဟာရံ ပါဝိသိ-[၃] ဝယ် ဝတွာ၌ ဓာတ်အရ တရားကို ကောက်ပြ၍၊ ယင်းတရား၏ အာရုံကိုလည်း ဖော်ပြခဲ့ပါ။

၅။ "ကြက်သွန်ဖြူကို မစားအပ်" ဟု ပညတ်တော်မူရခြင်း၏အကြောင်းကို ဖော်ပြ၍[၄]၊ ဘုရားရှင်ခွင့်ပြုတော်မူအပ်သော အကာအရံသုံးမျိုး[၅]၊ မြတ်စွာဘုရား သီတင်းသုံးတော် မူသင့်ရာ အရပ်တို့ကိုလည်း ညွှန်ပြခဲ့ပါ။[၆]

၆။ လူတို့ ဥစ္စာဖြစ်သော်လည်း ရဟန်းများ မထိုင်ကောင်း၊ မအိပ်ကောင်းသော အခင်း။ ထိုင်ကောင်း၍ မအိပ်ကောင်းသော အခင်းတို့ကို မြန်မာဘာသာဖြင့် ဖော်ပြခဲ့ပါ။[၇]

၇။ အာသဝေါတရား မတိုးပွားအောင် ကျင့်ဆောင်ရမည့်တရားတို့ကို ပဌမနည်းအရ ဖော်ပြ၍[၈]၊ မာနတ်ကျင့်သောရဟန်း၏ ညဉ့်ပြတ်ခြ ်းလေးပါးတို့ကိုလည်း ဖော်ပြခဲ့ပါ။[၉]

၈။ ပဥ္စပုဂ္ဂလာ န ဥပသမ္ပာဒေတဗ္ဗာ-၌ ပဥ္စသရုပ်ကို ထုတ်ပြ၍[၁၀]၊ သီတင်းကြီးရဟန်း၏ ခြေတို့ကို ရှိခိုးသော သီတင်းငယ်ရဟန်း၏ သန္တာန်၌ ဖြစ်စေရမည့် တရားတို့ကိုလည်း ဘုရားရှင်အလိုတော်ကျ ဖော်ပြခဲ့ပါ။[၁၁]

---

၁၊ ဝိ၊ ၄၊ ၃၈၉။ ၂၊ ဝိ၊ ၄၊ ၃၇၉။ ၃၊ ဝိ၊ ၄၊ ၁၉၇။ ၄၊ ဝိ၊ ၄၊ ၂၈၁။ ၅၊ ဝိ၊ ၄၊ ၃၀၀။
၆၊ ဝိ၊ ၄၊ ၃၀၆။ ၇၊ ဝိ၊ ၄၊ ၃၁၃။ ၈၊ ဝိ၊ ၅၊ ၂၁၆။ ၉၊ ဝိ၊ ၅၊ ၂၂၅။ ၁၀၊ ဝိ၊ ၅၊ ၂၃၀။
၁၁၊ ဝိ၊ ၅၊ ၃၅၈။

၉။ အောက်ပါ ဂါထာကို အနက်ယောဇနာခဲ့ပါ -

ဝိပရီတဒိဋ္ဌိ ဂဏှန္တိ၊ အသဒ္ဓမ္မေဟိ ပုရက္ခတာ။

အတ္တာစိက္ခန္တိ သမ္ဗုဒ္ဓံ၊ ဗုဒ္ဓညာ မောဟပါရုတာ။ [၁]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာပြန်ဆိုခဲ့ပါ -

"ရဟန်းတို့၊ တံခါးရွက်ကိုလည်းကောင်း၊ တံခါးပေါင်ကိုလည်းကောင်း၊ ဆုံငယ်ကိုလည်းကောင်း၊ အထက်ကွင်းကိုလည်းကောင်း၊ မင်းတုပ် လျှိုတိုင်ကိုလည်းကောင်း၊ သံကွင်းမျောက်လက်ကိုလည်းကောင်း၊ ဆွဲငင်စရာကြိုးကိုလည်းကောင်း ခွင့်ပြု၏"[၂]

* * * * *

## ၁၃၅၄-ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ မဟတ္တာ ရာဇာနုဘာဝေန-၌ မဟတ္တာ-ကို လိုရင်းသုတ် ဖော်ထုတ်၍ နာမ်ရုပ်ကျဉ်းတွက်ပြီးလျှင်၊ ယဒိ ဝါ ဂါမဂါဏိကဿ-[၁] ၌ ဂါမဂါမဏိကဿ-ကို အစိတ်အပေါင်း ဝိဂ္ဂဟပြုခဲ့ပါ။

၂။ တထာဂတော အဂ္ဂမက္ခာယတိ-[၄] ၌ အဂ္ဂမက္ခာယတိ-ကို သန္ဓိရုပ်၊ ဣဒမဿ ရဇဂ္ဂသ္မိံ-[၃] ၌ ရဇဂ္ဂသ္မိံ-ကို ကာရကရုပ် စီရင်ပြ၍၊ စျာယထ ဘိက္ခဝေ မာ ပမာဒတ္ထ-[၆] ဝယ် ပမာဒတ္ထ-၌ အဘယ်သုတ်ဖြင့် အဘယ်ကာလ၌ အဘယ်ဝိဘတ် သက်ထားသည်ကို ဖြေဆိုပါ။

၃။ ဝိဝေကဇံ ပီတိသုခံ-[၇] ၌ ဝိဝေကဇံ အရကို ပြည့်စုံစွာ ကောက်ပြပြီးလျှင်၊ ဝေဒနာ၊ ဟိတ်၊ အာရုံတို့ဖြင့် ဝေဖန်လျက်၊ ပီတိသုခံ အရဖြစ်သင့်သော ဝီထိစိတ်သရုပ်ကို ထုတ်နှုတ်ရေးသားပါ။

၄။ သဗ္ဗာဝဏ္ဍံ ကာယသင်္ခါရံ အဘိသန်ရောတိ-[၈] ၌ ကာယသင်္ခါရ-ပုဒ်ဝယ် ရှေ့ပုဒ်၊ နောက်ပုဒ်အရ တို့ကို တိကျစွာ ကောက်ပြပြီးလျှင်၊ ကာယပါဝင်သော ရုပ်ကလာပ်များနှင့် ကာယသင်္ခါရကြောင့်ဖြစ်သော အကျိုးတို့ကို ညွှန်ပြခဲ့ပါ။

---

၁၊ ဝိ။ ၄၊ ၂၅၇။ ၂။ အံ၊ ၂၊ ၅၂။ ၃၊ အံ။ ၂၊ ၆၇။ ၄၊ အံ။ ၁၊ ၃၂၄။ ၅၊ အံ၊ ၂၊ ၇၉။
၆၊ အံ။ ၂၊ ၇၇။ ၇၊ အံ၊ ၁၊ ၄၆၉။ ၈၊ အံ၊ ၁၊ ၅၅၃။

http://www.dhammadownload.com



၅။ မျက်မှောက်ဘဝ၌ ကိလေသာ မငြိမ်းရခြင်းအကြောင်းများကို အရှင်သာရိပုတ္တရာ ဟောကြားချက်အတိုင်း ရေးသားပြီးလျှင်[၁] ပရိယတ္တိစာပေကျမ်းဂန် သင်အံလေ့ကျက်ရခြင်း အကျိုးအာနိသင်တို့ကိုလည်း သောတာနုဂတသုတ်အရ တိုကျဉ်းလိုရင်း ဖော်ပြခဲ့ပါ။[၂]

၆။ အယံ သမာဓိ သန္တော ပဏီတော-၌ သန္တ၊ ပဏီတ ဖြစ်ရခြင်း၏အကြောင်းတို့ကို ရေးပြီးလျှင်[၃]၊ "က္ကစ ဘိက္ခဝေ ဘိက္ခု သဒ္ဓေါ ဟောတိ"[၄] ၌ သဒ္ဓါဘေဒနှင့် က္ကစာဓိပ္ပေတ သဒ္ဓါကို ညွှန်ပြခဲ့ပါ။

၇။ ကာမဂုဏ် ဥပမာ၁၀-မျိုးကို ပြည့်စုံစွာထုတ်ပြပြီး[၅]၊ လိစ္ဆဝီမင်းတို့အား ဟောကြားသည့် ဒုလ္လဘတရားတို့ကိုလည်း ရေးသားခဲ့ပါ။[၆]

၈။ ကာယဂတာသတိနှင့်အသုဘကမ္မဋ္ဌာန်း စီးဖြန်းရကျိုးများကို ဥဒါယိသုတ်အရ ဖော်ပြပြီးလျှင်[၇]၊ စာချ, ဓမ္မကထိက ရဟန်းများနှင့်ကမ္မဋ္ဌာနာစရိယ ရဟန်းများ အချင်းချင်းဆက်ဆံရာ၌ ရှောင်ကြဉ်ရမည့်အချက်များနှင့် လိုက်နာရမည့်ကျင့်ဝတ်များကို အကြောင်းနှင့်တကွ ဖော်ပြပါ။[၈]

၉။ ယော ဥဘောန္တေ ဝိဒိတွာန၊ မဇ္ဈေ မန္တာ န လိမ္ပတိ။
တံ ဗြူမိ မဟာပုရိသောတိ၊ သောဓ သိဗ္ဗိနိမစ္စဂါ။[၉]
ယင်းဂါထာကို တတိယမထေရ်အလိုကျ အနက်သမွန်ပါ။

၁၀။ "ငါ့ရှင်တို့၊ ဥပမာပြရလျှင် ပံသုကူသက်န်းကို ဝတ်ရုံသော ရဟန်းသည် လမ်းမ၌ အဝတ်နွမ်းအပိုင်းအစကို တွေ့မြင်လတ်သော် ဝဲဘက်ခြေဖြင့် ဖိနှင်း၍ ယာဘက်ခြေဖြင့် ဆွဲဖြန့်ကာ ထိုအဝတ်နွမ်း၌ ခိုင်ခံ့ကောင်းမွန်သော အနှစ်သားကို ဆွဲနှုတ်ဖြတ်ယူ၍ ဖဲခွာသွားရာ၏" [၁၀] -- ၎င်းကို ပါဠိဘာသာပြန်ဆိုပါ။

## ၁၃၅၄-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ တေန ပဌမသံယာဒိသေသကမ္မံ သမာဒိပိတော[၁၁] - ၌ သမာဒပိတော-ကို မှန်ကန်ပြည့်စုံအောင် ပဒစ္ဆေဒပြု၍၊ သံယာဒိသေသကို ဖြစ်သင့်သည့် အားလျော်စွာ သမာသ်တဒ္ဓိတ် ဝိဂ္ဂဟပြုပြီး၊ ဒေါသော အတ္ထိ[၁၂] -၌ အတ္ထိ-ဝယ် ဓာတ်ကို သတ္တမိဝိဘတ် ပရဿပုဒ် ပဌမပုရိသ်ဖြင့် အာချာတ်ဂိုဏ်း ပြေးခဲ့ပါ။

---

၁၊ အံ၊ ၁၊ ၄၈၆။ ၂၊ အံ၊ ၁၊ ၅၀၅-၇။ ၃၊ အံ၊ ၄၊ ၃၊ ၈။ ၄၊ အံ၊ ၄၊ ၃၊ ၂၆-၇။
၅၊ အံ၊ ၄၊ ၂၊ ၈၅။ ၆၊ အံ၊ ၂၊ ၁၄၉။ ၇၊ အံ၊ ၂၊ ၂၈၅-၆။ ၈၊ အံ၊ ၂၊ ၃၁၂-၃။
၉၊ အံ၊ ၂၊ ၃၄၉၊ ၃၅၀။ ၁၀၊ အံ၊ ၂၊ ၁၆၄။ ၁၁၊ ဓမ္မပဒ၊ ၄၊ ၂၊ ၄။ ၁၂၊ ဓမ္မပဒ၊ ၄၊ ၁၊ ၂၅၅။

၂။ အပ္ပသတ္တော မဟဒ္ဓနော[၁] -၌ အပ္ပသတ္တော-ကို အစိတ်အပေါင်း သမာသဝိဂ္ဂဟ အပြည့်အစုံပြ၍ အမည်ပေးပြီးလျှင်၊ မဟဒ္ဓနော-၌ ရှေ့ပုဒ်ကိုသာ နာမပဒမာလာစဉ်ခဲ့ပါ။

၃။ နာနပ္ပကာရေန သတ္ထာရံ အက္ကောသန္တော ပလာယိ[၂] -၌ ကတ္တားဝယ် ဖြစ်သင့်သော ဝိထိကို စိတ်အမည်များတပ်၍ ရနိုင်သမျှ တိကျပြည့်စုံအောင် ဖော်ပြခဲ့ပါ။

၄။ ယံ ဩယော နာဘိကီရတိ[၃] -၌ ကတ္တားပုဒ်အရ သင်္ဂဟကျမ်းလာ (၃) နံပါတ်တရားကို ယူခဲ့သော် ကြိယာပုဒ်၌ ဓာတ်အရ ယူသင့်သည့်တရားကို ဖော်ပြ၍ ယင်းတရားဖြစ်ရာဘုံ၊ ယင်းတရားကြောင့် ဖြစ်သော ရုပ်ကလာပ်တို့ကိုလည်း ထုတ်ပြခဲ့ပါ။

၅။ ဝါရိဇောဝ ထလေ ခိတ္တော၊ ဩကမောကတဥဗ္ဘတော၊ ပရိပ္ဖန္ဒတိဒံစိတ္တံ-၌ ဥပမာ ဥပမေယျကို အဖွင့်နှင့်အညီ နှိုင်းယှဉ်ဖော်ပြပြီး၊ မာရဓေယျအရကိုလည်း ဖော်ပြခဲ့ပါ။[၄]

၆။ ပင်လယ်ကသစ်ပင်ကြီး၏ တည်နေရာနှင့် အလျား, အနံ, အပွင့်ရောင် ပျံ့နှံ့ရာ, ရနံ့မွှေးကြိုင်ရာ, အတိုင်းအတာတို့ကို ဖော်ပြပြီးလျှင်[၅]၊ သမ္မဒညာဝိမုတ္တာနံ-၌ ဝိမုတ္တိသရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။[၆]

၇။ လူသားတို့ ရဟန်းတော်များကို သတိရ မရသော အချိန်ကို ဖော်ပြပြီးလျှင်[၇]၊ ယင်းအကြောင်းတရားသည် အဘယ်ဝဂ် အဘယ်ဝတ္ထု၌ လာသည်ကိုလည်း တိကျစွာ ဖော်ပြခဲ့ပါ။

၈။ အဘယ်ပုဂ္ဂိုလ်က အဘယ်ပုဂ္ဂိုလ်ကို အဘယ်သို့ လှည့်ပတ်ဟောပြောသဖြင့် အလှည့်ပတ်ခံရသူ အဘယ်အကျိုးရသည်ကို ဖော်ပြပြီးလျှင်၊ ယင်းပုဂ္ဂိုလ်ကွယ်လွန်သောအခါ အဘယ်ဘုံသို့ ရောက်သည်ကိုလည်း ဖော်ပြခဲ့ပါ။[၈]

၉။ သဒ္ဓါယ သီလေန စ ဝီရိယေန စ၊
သမာဓိနာ ဓမ္မဝိနိစ္ဆယေန စ။
သမ္ပန္နဝိဇ္ဇာစရဏာ ပတိဿတာ၊
ဇဟိဿထ ဒုက္ခမိဒံ အနပ္ပကံ။
ဤပါဠိကို အနက်မှန်စွာ ပေးခဲ့ပါ။[၉]

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၁၅။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၃၉။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၆၂။
၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၈၃။ ၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၆၇။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၇၄။
၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၈၄။ ၈၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၀၇။ ၉၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၅၄။

http://www.dhammadownload.com



၁၀။ "ထိုစကားသင့်စွာ၊ ကောင်းမှုကံကို ပြုသူသည် ဖြစ်ပေါ်လာသော ကုသိုလ်စိတ်ကို မယုတ်စေမူ၍ ထိုခဏ၌သာလျှင် ပြုအပ်၏။ ထိုစကားသင့်စွာ၊ နေ့နေ့ပြုအပ်သော် ကုသိုလ်သည် စည်းစိမ်ကို (အကျိုးကို) ပေးသော် နေ့နေ့သာလျှင် ပေးသည်။ ထိုကြောင့် စိတ်ဖြစ်သည်၏အခြားမဲ့၌သာလျှင် ကောင်းမှုကံကို ပြုအပ်၏။"[၁] ဤမြန်မာစကားကို ပါဠိဘာသာပြန်ဆိုခဲ့ပါ။

* * * * *

## ၁၃၅၅-ခုနှစ်၊ စူဠဂဏ္ဍိ ပရိယတ္တိ ပါဠိတော်

၁။ ဝိဗ္ဘောဟန်[၂] -ကို ဝိဂ္ဂဟပြု၍၊ ယင်း၏ ဓာတ်ကို ဝတ္တမာန် ပထမပုရိသ်ဝိဘတ်ဖြင့်သာ ကမ္မရုပ် ပဒမာလာပြုပြီးလျှင်၊ လောဟကုမ္ဘီ[၃]-ကို သမာသဝိဂ္ဂဟ ပြုလျက်၊ နောက်ပုဒ်၏ လိင်+ဂိုဏ်းတို့ကို ညွှန်ပြပါ။

၂။ နိဿဂ္ဂိယံ ပါစိတ္တိယံ[၄]-၌ နိဿဂ္ဂိယံ-ကို တဒ္ဓိတဝစနတ္ထပြု၍ အန္တတ္ထ၊ ဗာဟျတ္ထ ခွဲခြားကောက်ပြပြီးလျှင်၊ ပါစိတ္တိယံ-၏ ရုပ်ပြီးပုံကိုလည်း ကျနစွာ ဖော်ပြခဲ့ပါ။

၃။ ကေဿ ပဒဝီတိဟာရဿ[၅]-၌ ပဒဝီတိဟာရဿ အရ ပရမတ္ထတရားကို အတိအကျ ကောက်ပြ၍၊ ယင်းနှင့်ယှဉ်သောစေတသိက်၊ ယင်းကြောင့်ဖြစ်သော ရုပ်အပေါင်းတို့တွင် ပဓာနဖြစ်သောရုပ်, ထိုတရားဖြစ်ရာ ပုဂ္ဂိုလ်ဘုံတို့ကို အသီးသီး ခွဲခြားရေးခဲ့ပါ။

၄။ သန္တိ ပပ္ပုယျ စေတသာ[၆] -၌ စေတသာအရ ဖြစ်ထိုက်သော စိတ်ကို အတိအကျ ကောက်ပြပြီးလျှင်၊ ယင်း၏ ဝီထိစဉ်ကို ပေါ်လွင်စွာ ဖော်ပြ၍၊ ထိုဝီထိတွင်ပါဝင်သော ဝီထိစိတ်, ထိုဝီထိစိတ်တွင်ပါဝင်သော ဒွါရနှင့် အာရုံတို့ကိုလည်း ရေးခဲ့ပါ။

၅။ ပါရိဝါသိက စတုတ္ထသံယာ မပြုကောင်းသော အမှုတို့ကို ရေးသားပြီးလျှင်[၇]၊ များရာ ဆန္ဒဖြင့် အဓိကရုဏ်းကို ငြိမ်းစေတိုင်း ဘုရားရှင်အလိုကျ-မကျ ယေဘုယျသိကာဝိနည်း၏ ဓမ္မိက, အဓမ္မိက သလာကဂ္ဂါဟ သဘောသွားနှင့် နှိုင်းယှဉ်သုံးသပ်ဖြေဆို၍[၈]၊ ယေဘုယျသိကာဝိနည်းဖြင့် မငြိမ်းစေထိုက်သော အဓိကရုဏ်းသုံးမျိုးကိုလည်း ရေးခဲ့ပါ[၉]

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၃။ ၂၊ ဝိ၊ ၄၊ ၂၉၅။ ၃၊ ဝိ၊ ၄၊ ၃၂၂။ ၄၊ ဝိ၊ ၅၊ ၁၄။ ၅၊ ဝိ၊ ၄၊ ၁၀၃။ ၆၊ ဝိ၊ ၄၊ ၁၀၄။ ၇၊ ဝိ၊ ၄၊ ၈၇။ ၈၊ ဝိ၊ ၄၊ ၂၂၈။ ၉၊ ဝိ၊ ၄၊ ၂၂၉၊ ၂၃၃၊ ၂၃၈။

http://www.dhammadownload.com



၆။ ဗုဒ္ဓမြတ်စွာသာသနာတော်၌ ရထိုက်သော စတုတ္ထရတနာနှင့် ပဥ္စမမဟာဘူတ၊ သမဏဗြာဟ္မဏတို့၏ တတိယ ဥပက္ကိလေသတို့ကို ဖော်ပြပြီးလျှင် "ငါပုံ့လွန်တော်မူလျှင် ငါ့ပစ္စည်းမှန်သမျှ ငါ့တပည့်မောင်ဓမ္မရက္ခိတပိုင်စေ" ဟု ပေးထားခဲ့လျှင် ထုပေးခြင်းသည် အပေးမြောက်, မမြောက် အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။[၅]

၇။ ကေသမုဋ္ဌာန်ရထိုက်သော သမုဋ္ဌာနသီသတို့ကို ယင်းတို့၏ သမုဋ္ဌာန်နှင့်တကွ အသီးသီး တွဲစပ်ဖြေဆို၍[၆]၊ ရာဇဂြိုဟ်မြို့နှင့် သာဝတ္ထိမြို့တို့၌ ပညတ်အပ်သော သိက္ခာပုဒ် အရေအတွက်တို့ကို သချာမျှပြဆိုပါ။[၇]

၈။ ပါရာဇိကအာပတ်သည် အပြစ်အကြီးဆုံးဖြစ်၍ "ထူလ+အစ္စယ=ထုလ္လစ္စယ" ဟု ဆိုထိုက်ပါလျက် ထုလ္လစ္စည်းအာပတ်ကိုသာ "ထုလ္လစ္စယ" ဟု ဆိုရခြင်းအကြောင်းကို ရေး၍[၈]၊ ကထိန်ကို ပုဂ္ဂိုလ်က ခင်းသည်ဖြစ်ပါလျက် သံဃာက ခင်းသည်ဟု ဆိုနိုင်ခြင်းအကြောင်း များကိုလည်း ဖော်ပြပါ။[၉]

၉။ အောက်ပါ ဂါထာကို အကြောင်းအကျိုးပေါ်လွင်အောင် အနက်သမ္ဗန်ပါ -

ကတာ မေ ရက္ခာ ကတံ မေ ပရိတ္တံ၊
ပဋိက္ကမန္တု ဘူတာနိ။
သောဟံ နမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။[၁၀]

၁၀။ ဖော်ပြပါ မြန်မာစကားပြေကို ပါဠိဘာသာပြန်ဆိုခဲ့ပါ -

"အာနန္ဒာ အကြွင်နေ့ကို အစပြု၍ မဟာပဇာပတိဂေါတမီသည် ဂရုဓမ်ရှစ်ပါးတို့ကို ခံယူအပ်ကုန်ပြီ။ ထိုနေ့မှစ၍ ထိုပဇာပတိဂေါတမီသည် ရဟန်းမ ဖြစ်ခဲ့ပြီ။" ၉

* * * * *

## ၁၃၅၅-ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ သတိနေပက္ကေန[၁၀]-၌ နောက်ပုဒ်၏ အန္တပုဒ်ကို ပဒစ္ဆေဒပြု၍၊ ယင်းနောင်ပုဒ်ကို တဒ္ဓိတ်ဝိဂ္ဂဟပြုပြီးလျှင်၊ အနုတ္တရော-ကို သမာသ်ဝိဂ္ဂဟ ပြုခဲ့ပါ။

---

၁၊ ဝိ၊ ၄၊ ၄၂၃-၄။ ၂၊ ဝိ၊ ၄၊ ၄၉၃။ ၃၊ ဝိ၊ ၄၊ ၄၁၉။ ၄၊ ဝိ၊ ၅၊ ၁၅၈ မှ ၁၆၂။
၅၊ ဝိ၊ ၅၊ ၂၅၆။ ၆၊ ဝိ၊ ၅၊ ၂၆၀။ ၇၊ ဝိ၊ ၅၊ ၃၁၀။ ၈၊ ဝိ၊ ၄၊ ၂၄၅။
၉၊ ဝိ၊ ၄၊ ၄၄၈။ ၁၀၊ အံ၊ ၂၊ ၉။

http://www.dhammadownload.com



၂။ သဂါရဝေါ[၁] ၌ နောက်ပုဒ်၏ ပဒ, ပစ္စယ, ပစ္စယတ္ထနှင့် ရုပ်ပြီးပုံ အကျဉ်းကို ဖော်ပြပြီးလျှင်၊ သပ္ပတိဿော-ဝယ် နောက်ဆုံးပုဒ်၏ ဖြစ်သင့်သော ဓာတ်ကိုယူပြီး တိဝိဘတ်ဖြင့် ဖြစ်နိုင်သမျှ ကတ္တုရုပ်ကို ပြခဲ့ပါ။

၃။ မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ-ဟူသော စတုက္က, ပဋ္ဌမ မေတ္တာသုတ်လာ စေတသာ-အရ တရားနှင့် (က) ဌာနအလိုက်ဖြစ်သင့်သော ယှဉ်ဘက်တရား၊ (ခ) ယှဉ်ဘက်ကံ၏ အကျိုးပေးရာဘုံ အကျိုးနာမ်ရုပ်တရား၊ (ဂ) ၎င်းကံ၏ ပါကဒါနပရိယာယကို ဖော်ပြခဲ့ပါ။

၄။ စတုက္က ပဋ္ဌမ မေတ္တာသုတ်လာ မုဒိတာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ[၂] ၌ (က) ဖရိတွာ ဝိဟရတိ ဖြစ်ပုံ စိတ်အစဉ်ကို အတိအကျ စိတ်သရုပ်ဖော်ကာ ဖြေဆို၍၊ (ခ) ၎င်းတွင်ပါဝင်သော ဘာဝနာကံတို့၏ အကျိုးအသီးသီးကိုလည်း ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

၅။ (က) အမြဲပြင်းသူ၊ (ခ) အမြဲကြိုးစားသူတို့ဟူသည် အဘယ်သူတို့ပါနည်း၊ စတုက္က စရဝဂ် လာသည့်အတိုင်း အသီးသီး ပြည့်စုံစွာဖော်ပြ၍[၃]၊ (ဂ) စင်္ကြာမင်း၏ တတိယ အံ့ဖွယ်ကိုလည်းကောင်း[၄]၊ (ဃ) ဝါဒီသုတ်လာ အတ္ထတော[၅] ပရိယာဒါန် ဂစ္ဆတိ၊ နော ဗျဉ္ဇနတော-၏ အဓိပ္ပာယ်ကိုလည်းကောင်း မှန်ကန်စွာ ဖော်ပြပါ။

၆။ သူတော်ကောင်းတို့၏ လှူပုံလှူနည်း ငါးမျိုးကို ဖော်ပြပြီး၊ ယင်းတို့၏ တူညီသော အကျိုးနှင့် ထူးခြားသည့် အကျိုးငါးမျိုးကိုလည်း အကျဉ်းချုပ် ထုတ်ပြခဲ့ပါ။[၆]

၇။ မိန်းမတို့၏လျှာနှစ်ခွနှင့် ကြမ်းတမ်းသော အဆိပ်တို့ကို ဖော်ပြပြီးလျှင်[၇]၊ အချိန်လွန် အောင် လူတို့အိမ်၌ ရောနှောနေထိုင်သော ကုလူပကရဟန်း၏ အပြစ်တို့တွင် နောက်ဆုံး သုံးမျိုးကိုသာ ရေးခဲ့ပါ။[၈]

၈။ အဘယ်ဌာနကို အဘယ်ဌာနဖြင့် သိနိုင်ပါသနည်း ပြည့်စုံစွာ ဖြေဆို၍[၉]၊ ဝေဒနာ, သညာ, ဒုက္ခတို့၏ ဝိပါကအသီးသီးကိုလည်းကောင်း[၁၀]၊ ဗုဒ္ဓနာဂ၏ ရှေ့ခြေနှင့် မြီးဆံကို လည်းကောင်း[၁၁] တိကျစွာ ဖော်ပြခဲ့ပါ။

---

၁။ အံ၊ ၂၊ ၁၃။ ၂။ အံ၊ ၁၊ ၄၄၄။ ၃။ အံ၊ ၁၊ ၃၁၉၊ ၂၂။ ၄။ အံ၊ ၁၊ ၄၄၉။
၅။ အံ၊ ၁၊ ၄၅၅။ ၆။ အံ၊ ၂၊ ၁၅၂။ ၇။ အံ၊ ၂၊ ၂၂၈။ ၈။ အံ၊ ၂၊ ၂၂၆။
၉။ အံ၊ ၁၊ ၅၀၇။ ၁၀။ အံ၊ ၂၊ ၃၆၀၊ ၁၊ ၄။ ၁၁။ အံ၊ ၂၊ ၃၀၄။

http://www.dhammadownload.com



၉။ အောက်ပါ ပါဠိတော်ကို အစဉ်ကျအောင် အနက်ယောဇနာပြခဲ့ပါ -

ယော ခေါ နာဂိတ နယိမဿ နေက္ခမ္မသုခဿ ပဝိဝေသုခဿ ဥပသမသုခဿ သမ္ဗောဓသုခဿ နိကာမလာဘီ အဿ အကိစ္ဆလာဘီ အကသိရလာဘီ၊ ယဿာဟံ နေက္ခမ္မသုခဿ ပဝိဝေကသုခဿ ဥပသမသုခဿ သမ္ဗောဓသုခဿ / နိကာမလာဘီ အဿ အကိစ္ဆလာဘီ အကသိရလာဘီ၊ သော တံ မိဠ္ဟသုခံ လာဘသက္ကာရသိလောကသုခံ သာဒိယေယျ။[၁]

၁၀။ "ရဟန်းတို့၊ "ငါသည် ဤသီလဖြင့်လည်းကောင်း၊ ဤအကျင့်ဖြင့်လည်းကောင်း၊ ဤခြိုးခြံမှုဖြင့်လည်းကောင်း၊ ဤ မြတ်သောအကျင့်ဖြင့်လည်းကောင်း၊ တန်ခိုးကြီးသော နတ်သော်လည်းကောင်း၊ တစ်မျိုးမျိုးသော နတ်သော်လည်းကောင်း ဖြစ်လိမ့်မည်"ဟု နတ်အသင်းအပင်း တစ်မျိုးမျိုးကို တောင့်တ၍ မြတ်သောအကျင့်ကို ကျင့်သော ရဟန်း၏ စိတ်သည် အပူတပြင်း အားထုတ်ရန် အဖန်တလဲလဲ အားထုတ်ရန် အမြဲအပြတ် အားထုတ်ရန် ကမ္မဋ္ဌာန်းကို အားထုတ်ရန် မညွတ်။"[၂] ဤမြန်မာဘာသာကို ပါဠိဘာသာပြန်ဆိုပါ။

---

## ၁၃၅၅-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ ကိလေသာ နာမ ဘာရိယာ-၌ ဘာရိယာ[၃]၊ သုဒုဒ္ဒသံ[၄] ၌ ဒုဒ္ဒသတို့ကို ပုဒ်အားလျော်စွာ ဝစနတ္ထပြု၍ ပစ္စည်းကိုလည်း ညွှန်ပြခဲ့ပါ။

၂။ ဥဒ္ဓဂ္ဂါ တိဋ္ဌန္တိ-ဝယ် ဥဒ္ဓဂ္ဂါ-၌ နောက်ပုဒ်ကို နာမပဒမာလာ၊ ဒဗ္ဗိ သူပရသံ ယထာ[၅] ဝယ် ဒဗ္ဗိ-၌ ဓာတ်ကို ယူ၍ ဝတ္တမာန်ဝိဘတ် ပရဿပုဒ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာ စဉ်ပါ။

၃။ နတ္ထိ ဗာလေ သဟာယတာ[၆] ၌ သဟာယတာ အရ တရားတို့ကို ကုန်စင်အောင် ကောက်ပြ၍၊ သုံးခုမြောက်တရား၏ ယှဉ်ရာစိတ်ကို ဖော်ပြပြီး၊ ပကိဏ်းပိုင်းလာ သင်္ဂဟ ခြောက်ပါးဖြင့် ဝေဖန်ပါ။

၄။ အတ္တာနံ ဒမယန္တိ[၇] ၌ ဒမယန္တိ-အရ တရားကို ကောက်ပြ၍ ဖြစ်သင့်သော ဝိထိ တစ်ခုကိုလည်း ချပြပါ။

---

၁၊ အံ၊ ၂၊ ၂၅-၆။ ၂၊ အံ၊ ၂၊ ၂၁၈။ ၃၊ ဓမ္မပဒ၊ ၄၊ ၁၊ ၁၉၇။ ၄၊ ဓမ္မပဒ၊ ၄၊ ၁၊ ၁၉၁။ ၅၊ ဓမ္မပဒ၊ ၄၊ ၁၊ ၃၀၀။ ၆၊ ဓမ္မပဒ၊ ၄၊ ၁၊ ၂၉၆။ ၇၊ ဓမ္မပဒ၊ ၄၊ ၁၊ ၃၇၁။

http://www.dhammadownload.com



၅။ စိတ်ကို အဘယ်ကြောင့် "ယတ္ထကာမနိပါတိ"ကို ဆိုအပ်ပါသနည်း၊ စိတ္တဝဂ် အညတရဘိက္ခုဝတ္ထုနှင့်အညီ ဖြေပြီးလျှင်[1]၊ ရဟန်းသည် အဘယ်ကြောင့် "ဇာဂရ" မည်သည်ကိုလည်း ဥပမာနှင့်တကွ ဖြေပါ။[2]

၆။ ခန္ဓာကိုယ်၏ တံလျှပ်နှင့်တူပုံကို ဥပမာနှင့်တကွ အကြောင်းပြ ဖြေဆိုပြီးလျှင်[3]၊ ဝိသာခါအား ဖခင်ကပေးလိုက်သည့် ပစ္စည်းများကိုလည်း "ဝိသာခါဝတ္ထု"နှင့်အညီ စာရင်းပြုစုပြပါ။[4]

၇။ ယာဝဇီဝမ္ပိ စေ ဗာလော၊ ပဏ္ဍိတံ ပယိရုပါသတိ-စသော ဂါထာ၌ အဘယ်တရားများကို မသိသဖြင့် "ဗာလ" မည်သည်ကို ဖြေပြီးလျှင်[5]၊ ဇမ္ဗုက၏ အဝီစိငရဲ၌ ကျရခြင်း အကြောင်းနှင့် ကျရာကာလကိုလည်း ဖြေဆိုပါ။[6]

၈။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဒါယကာတို့၌ မကပ်ငြိ၊ မတွယ်တာပုံကို ဥပမာနှင့်တကွ အရဟန္တဝဂ်၊ မဟာကဿပတ္ထေရဝတ္ထုနှင့်အညီ ဖြေဆိုပြီးလျှင်[7]၊ တမ္ဗဒါဌိကမည်သော ခိုးသူသတ်ယောက်ျားက (က) အရှေ့၊ အနောက်၊ တောင်၊ မြောက်တို့မှ ဆောင်၍ သတ်အပ်သော ခိုးသူအရေအတွက်၊ (ခ) ခိုးသူသတ်မှုပြုလုပ်သည့် နှစ်ပေါင်း၊ (ဂ) ခိုးသူသတ်မှုကို ပြုလုပ်နေစဉ် မရသော အရာဝတ္ထုတို့ကိုလည်း ဖြေဆိုပါ။[8]

၉။ န နဂ္ဂစရိယာ န ဇဋာ န ပင်္ကာ၊ နာနာသကာ ထဏ္ဍိလသာယိကာ ဝါ။
ရဇောဇလ္လံ ဥက္ကုဋိကပ္ပဓာနံ၊ သောဓေန္တိ မစ္စံ အဝိတိဏ္ဏကင်္ခံ။[9]
ဟူသော ဂါထာကို အနက်မှန်မှန် သမ္ဗန်ပါ။

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိယပါဠိဝိကိုဇ်စီကုံးပါ - . . .

"ထိုနှစ်ပါးတို့တွင် ခရီးခဲကို သွားသောသူသည် အလိုရှိအပ်သော အရပ်သို့ မရောက်သေးသမျှ ခရီးသွားသာလျှင်ဖြစ်၏။ အလိုရှိအပ်သော အရပ်သို့ ရောက်သည်ရှိသော်ကား ခရီးသွားပြီးသူမည်၏။ ဝဋ်ကို မှီသော သတ္တဝါတို့သည်လည်း ဝဋ်၌ ကျင်လည်နေသမျှ သံသရာခရီး ရှိကုန်သည်သာလျှင်တည်း။ အဘယ်ကြောင့်ဆိုသော် ဝဋ်ကို မကုန်စေအပ်သေးသည်၏အဖြစ်ကြောင့်တည်း။"[10]

---

၁။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၈၇-၈။
၂။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၉၇။
၃။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၃၄။
၄။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၄၉၊ ၂၅၀။
၅။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၀၀-၁။
၆။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၁၃၊ ၃၁၈။
၇။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၈၅။
၈။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၄၀၅-၆။
၉။ ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၄၉။
၁၀။ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၈၃။

http://www.dhammadownload.com



## ၁၃၅၆—ခုနှစ်၊ စူဠဝါ+ပရိဝါပါဠိတော်

၁။ ဝစ္စံ ကရောန္တာ ပရိပတန္တိ [၁] ဝယ် ဝစ္စ-၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ဝိဘတ်ဖြင့် ကတ္တုရုပ် ပဒမာလာစဉ်ပြီးလျှင် န စ တပ္ပစ္စယာ-၌ တပ္ပစ္စယာ-၌ တပ္ပစ္စယာ၊ တိဏဘိသိ ပဏ္ဏာဘိသိ [၂] ဝယ် တိဏဘိသိ-ပုဒ်တို့ကို သမာသ်တွဲစပ်ပြခဲ့ပါ။

၂။ ဖရုံသေနာယသ္မာ စုဒိတော [၃] ဝယ် ဖရုသေန-၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ဝိဘတ်ဖြင့် ကမ္မရုပ်ပဒမာလာစဉ်ပြီးလျှင် "ယာ သံယဿ ကိစ္စယတာ ကရဏီယတာ"-ဝယ် ကိစ္စယတာကို အစိတ်အပေါင်း ဝိဂ္ဂဟပြခဲ့ပါ။

၃။ ဘိက္ခူ ကုက္ကုစ္စာယန္တိ ပဏ္ဍိ ဒါတုံ [၄] ဝယ် ဒါတုံ-၌ ဓာတ်အရတရားကို ကောက်၍ ဝေဒနာဒိတိကဖြင့် ဝေဖန်ပြီးလျှင် ဒုဿံ ဥပ္ပန္နံ ဟောတိ [၅] ဝယ် ဥပ္ပန္န-၌ ဓာတ်အရ တရားကိုသာ ကောက်ပြခဲ့ပါ။

၄။ ဝိဂရဟိ ဗုဒ္ဓေါ ဘဂဝါ [၆] ဝယ် ဝိဂရဟိ-၌ ယင်း၏သမ္ပယုတ်တရားကို ဖော်ပြပြီးလျှင် ဗုဒ္ဓေါ-၌ ဓာတ်အရတရား၏ အာရုံကို ဖြစ်သင့်သမျှ ကောက်ပြခဲ့ပါ။

၅။ ချေဆတ်ရာ၌ လူတို့က "ဇီဝထ ဘန္တေ"ဟု ဆိုလျှင် အဘယ်ရဟန်းက အဘယ်သို့ ဆိုရမည်ကိုလည်းကောင်း[၇]၊ ခွင့်ပြုတော်မူအပ်သော ညောင်စောင်းခြေတစ်ခု၏ အလွန်ဆုံး ပမာဏကိုလည်းကောင်း[၈]၊ ပကာသနီယကံသည် သံဃကံ ၄-မျိုးတို့တွင် အဘယ်ကံ ဖြစ်သည်ကိုလည်းကောင်း ဖြေခဲ့ပါ။[၉]

၆။ ဆွမ်းစားဇရပ်၌ အနုမောဒနာပြုသော မထေရ်ကို ဆိုင်းငံ့ရမည့် ရဟန်းအရေ အတွက်[၁၀]၊ ဆွမ်းခံရာ၌ ဆွမ်းလောင်းပြီး နောက်သပိတ်ကို ဆောင်ယူရမည့်အခြင်းအရာ[၁၁]၊ အပရိသုဒ္ဓါ အာနန္ဒာ ပရိသာ"ဟု ဘုရားရှင်မိန့်ရာ၌ ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်၏ ဂုဏ်ပုဒ်တို့ကို ရေးခဲ့ပါ။[၁၂]

၇။ မဟာသမုဒ္ဒရာ၏ အဋ္ဌမအံ့ဖွယ်သဘော[၁၃]၊ အဋ္ဌမဂရုဓံတရားတို့ကို ဖော်ပြ၍ [၁၄] "မိန်းမရှိုခိုး သွားမကျိုး" ဟူသော စကား သင့်/မသင့် ဘိက္ခုနီက္ခန္ဓက-၌ ဘုရားရှင် မိန့်အပ်သော စကားဖြင့် အဖြေပေးခဲ့ပါ။[၁၅]

---

၁၊ ဝိ၊ ၄၊ ၂၈၂။ ၂၊ ဝိ၊ ၄၊ ၂၉၅။ ၃၊ ဝိ၊ ၄၊ ၄၃၈။ ၄၊ ဝိ၊ ၄၊ ၂၇၉။ ၅၊ ဝိ၊ ၄၊ ၂၉၆။
၆၊ ဝိ၊ ၄၊ ၁၄။ ၇၊ ဝိ၊ ၄၊ ၂၈၁။ ၈၊ ဝိ၊ ၄၊ ၂၉၅။ ၉၊ ဝိ၊ ၄၊ ၃၄၇-၈။ ၁၀၊ ဝိ၊ ၄၊ ၃၇၉။
၁၁၊ ဝိ၊ ၄၊ ၃၈၄။ ၁၂၊ ဝိ၊ ၄၊ ၄၁၈။ ၁၃၊ ဝိ၊ ၄၊ ၄၂၃။ ၁၄၊ ဝိ၊ ၄၊ ၄၄၅။ ၁၅၊ ဝိ၊ ၄၊ ၄၄၈-၉။

http://www.dhammadownload.com



၈။ ရဟန်းမိန်းမ ဥပသမ္ပဒကံ [1] ၏ ကမ္မဝါစာရွတ်ကြိမ်ကို သချိုမျှဖော်ပြ၍ အမိမဟုတ်သော မိန်းမ၊ အဖမဟုတ်သော ယောကျ်ား၊ အရိယာမဟုတ်သော ယောကျ်ားမိန်းမတို့ကို သတ်ခြင်းကြောင့် အာနန္တရိယကံသို့ ရောက်၏ဆိုရာ ယူရမည့် မိန်းမနှင့်ယောကျ်ားတို့ကို ဖော်ပြပြီးလျှင် [၂] ဥ တ်ကြောင့် ကံပျက်ပုံကိုလည်း ထင်ရှားစွာ ဖြေပါ။ [၃]

၉။ အောက်ပါ ဂါထာကို နိဿယနည်း အနက်ယောဇနာခဲ့ပါ -

ကာယဝါစာဟိ စိတ္တေန၊ သမုဋ္ဌာနာ စတုဗ္ဗိဓာ။

ပညတ္တာ ဗုဒ္ဓဉာဏေန၊ အဒ္ဓါနေန သဟာ သမာ။ [၄]

၁၀။ အောက်ပါ မြန်မာဘာသာကို ပါဠိဘာသာ ပြန်ဆိုခဲ့ပါ -

"ကြီးမားသော ပညာရှိတော်မူကြကုန်သော ဝိနည်းပိဋကတ်၌ လိမ္မာတော်မူကြကုန်သော နတ်ရွာနိဗ္ဗာန်လမ်းခရီး ကျွမ်းကျင်တော်မူကြကုန်သော ထိုရဟန္တာအရှင်မြတ်တို့သည် သီဟိုဠ်ကျွန်း၌ ပိဋကတ်တော်ကို ပြသတော်မူကြကုန်၏။ [၅]

* * * * *

## ၁၃၅၆–ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ ဘယံ ဟောတိ အင်္ဂုဝိသက်ောပေါ [၆] တွင် အင်္ဂုဝိသကေ်ာပေါ-ဝယ် ရှေ့ပုဒ်၌ ပဒ၊ ပစ္စယ၊ ပစ္စယတ္ထတို့ကို ဖြေ၍ ဖြဟ္မစရိယံ ဝုဿတိ သံဝရတ္ထံ [၇] ၌ နောက်ဆုံးပုဒ်ကို သမာသဝစနတ္ထပြ၍ အတ္ထိ သုခံ [၈] ပုဒ်၏ ဝိသေသသမာသသညာကို ရေးခဲ့ပါ။

၂။ သာ ဘိက္ခုနီ အာယသ္မန္တံ (ပ) ဒိသွာ သသီသံ ပါရုပိတ္ဂာ-၌ သသီသံ [၉] ၏ လိင်ကို ဖြေပြီး၊ အာရက္ခသတိနော-ကို အစိတ်+အပေါင်း ဝစနတ္ထနှစ်ခုပြ၍ အစိတ်ကိုသာ ဖြစ်သင့်သော ရုပ်ကျဉ်းတွက်ခဲ့ပါ။

၃။ ကပ္ပေါ သံဝဋ္ဋတိ [၁၀] တွင် အာပေါသံဝဋ္ဋကပ်၌ ပါဝင်သော ထိပ်ဆုံးဘုံသား သကဒါဂါမိဖလဋ္ဌာန်ရသော (က) ဝီထိစိတ်၊ (ခ) ဝီထိမုတ်စိတ်၊ (ဂ) ၎င်းတို့ လားရောက်နိုင်သော ဘုံတို့ကို ရေး၍ သာ ဘိက္ခုနီ ။ပ။ ဒိသွာ-၌ ဓာတ်အရ ဤအရာ၌ ဖြစ်သင့်သော ဝီထိ၌သာ ပါဝင်နိုင်သော ဝီထိစိတ်တို့ကို ရေးပါ။

---

၁၊ ဝိ၊ ၄၊ ၄၆၅။ ၂၊ ဝိ၊ ၅၊ ၃၇၆။ ၃၊ ဝိ၊ ၅၊ ၃၈၂။ ၄၊ ဝိ၊ ၅၊ ၁၆၂။ ၅၊ ဝိ၊ ၅၊ ၄။
၆၊ အံ၊ ၂၊ ၅၈။ ၇၊ အံ၊ ၁၊ ၃၃၄။ ၈၊ အံ၊ ၁၊ ၃၈၀။ ၉၊ အံ၊ ၁၊ ၄၆၃။ ၁၀၊ အံ၊ ၁၊ ၄၆၀။

http://www.dhammadownload.com



၄။ (က) မရဏသညာ ခေါ ပနဿ အဇ္ဈတ္တံ သုပဋ္ဌိတာ ဟောတိ[၁]၊ (ခ) ယံ စိတ္တံ အဇ္ဈတ္တမေဝ သန္တိဋ္ဌတိ[၂] တို့၌ အဇ္ဈတ္တအရတို့ကို ရေး၍၊ ဒမာ၊ ပဋိပဒါ၊ သမာ၊ ပဋိပဒါ[၃]၌ သမာပုဒ်၏ သမ္မန်ဖြစ်သင့်သော ပုဒ်အရ ဖြစ်သော စေတသိက်၊ ဤ၌ ယင်း၏ သမ္ပ-ယုတ္တစိတ်၊ ဝိပ္ပယုတ်စေတသိက်တို့ကို ရေးပြီး ထိုစိတ်စေတနာ၏ အကျိုးစိတ်တို့ကို ဘုံအားလျော်စွာ ခွဲခြားဖြေခဲ့ပါ။

၅။ အဘယ်ရဟန်းမျိုး၌ မြတ်စွာဘုရား မငဲ့ကွက်သည်ကို ဖြေ၍[၄] ဣန္ဒြိဝိဓ အမျိုးမျိုးကို ရေးပါ။[၅]

၆။ နိပ္ပီတိကသုခ၏ ကရဇကာယ၌ ပျံ့နှံ့ပုံ ဥပမာကို ရေး၍[၆]၊ ယဿ ကဿစိ မဟာနာမ ကုလပုတ္တဿ ပဉ္စ ဓမ္မာ သံဝိဇ္ဇန္တိ-၌ ကုလပုတ္တ အမျိုးမျိုးတို့ကို ဖော်ပြပါ။[၇]

၇။ အပ္ပမတ္တဝိဟာရီ ရဟန်း မရဏဿတိပွားများပုံကို ရေး၍[၈]၊ အနရိယသိက္ခာများကို ဖော်ပြပါ။[၉]

၈။ အရှင်ဖဂ္ဂုန ဒုက္ခဝေဒနာ ခံစားရပုံများကို ရေး၍[၁၀]၊ သတ္တုဂါရဝတာ၏ အကျယ်ကို အရှင်သာရိပုတ္တရာ သိပုံကို ဖြေပါ။[၁၁]

၉။ အယံ သမာဓိ ပစ္စုပ္ပန္နသုခေါ စေဝ အာယတိံ စ သုခဝိပါကောတိ ပစ္စတ္တညေဝ ဉာဏံ ဥပ္ပဇ္ဇတိ၊ အယံ သမာဓိ အရိယော နိရာမိသော ကောဒိဘာဝါဓိဂတော န သသင်္ခါရ နိဂ္ဂယှ ဝါရိတဂတောတိ ပစ္စတ္တညေဝ ဉာဏံ ဥပ္ပဇ္ဇတိ-ကို အနက်မှန်မှန် သမ္ဗန်ပါ။[၁၂]

၁၀။ (က) အာနန္ဒာ ဥပမာကား အေးကုန် ငြိမ်းကုန်သော မီးကျီးတို့ကို ခြောက်သွေ့သော မြက်ပုံ၌ ဖြစ်စေ၊ ချထားအပ်ကုန်သော် ဤမီးကြီးတို့သည် ကြီးပွားစည်ပင်ပြန့်ပြောခြင်းသို့ ရောက်ကုန်လိမ့်မည် မဟုတ်ကုန်ဟု သင်သိနိုင်ရာသည် မဟုတ်လော။[၁၃]

(ခ) ဤပုဂ္ဂိုလ်အား သားမြီးဖျား တစ်တို့စာမျှသော်လည်း အကုသိုလ်တရား မရှိဟူသော မြန်မာစကားပြေကို ပါဠိပြန်ပါ။[၁၄]

* * * * *

၁၊ အံ၊ ၂၊ ၇၃။ ၂၊ အံ၊ ၁၊ ၄၇၅။ ၃၊ အံ၊ ၁၊ ၄၇၀။ ၄၊ အံ၊ ၂၊ ၂၄၈။ ၅၊ အံ၊ ၂၊ ၅၊ ၆။
၆၊ အံ၊ ၂၊ ၂၂။ ၇၊ အံ၊ ၂၊ ၆၇။ ၈၊ အံ၊ ၂၊ ၂၇၀။ ၉၊ အံ၊ ၂၊ ၂၈၈။ ၁၀၊ အံ၊ ၂၊ ၃၃၄။
၁၁၊ အံ၊ ၂၊ ၃၇၀။ ၁၂၊ အံ၊ ၂၊ ၂၀။ ၁၃၊ အံ၊ ၂၊ ၃၅၇။ ၁၄၊ အံ၊ ၂၊ ၃၅၃။

http://www.dhammadownload.com



## ၁၃၅၆—ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ ပြာဟ္မဏီ ဝါ တံ ပါရုပတိ [၁] ၌ (က) တံ-ကို ကာရကရုပ်တွက်၍ (ခ) ကြိယာပုဒ်ကို ဓာတု ပစ္စယ ဝေဖန်ပြီးလျှင်၊ တွံ မယာ န ဒိဋ္ဌပုဗ္ဗော [၂] ၌ (ဂ) ဒိဋ္ဌပုဗ္ဗော-ကို သမာသဝိဂ္ဂဟ ပြုခဲ့ပါ။

၂။ (က) ကလျာဏကမ္မံ [၃] ၌ ရှေ့ပုဒ်ကို သမာသဝိဂ္ဂဟ၊ (ခ) ဂန္ဓမာဒနပဗ္ဗတဂမနာ [၄] ၌ တတိယပဒကို တဒ္ဓိတဝိဂ္ဂဟပြု၍၊ (ဂ) မာဝ မညေထ [၅] ၌ မညေထ-ကို ရုပ်တွက်ခဲ့ပါ။

၃။ သေခေါ ပထဝိံ ဝိစေဿတိ [၆] ၌ ကတ္တားအရ ပုဂ္ဂိုလ်တို့တွင် ပဋိသန္ဓေလည်းနေနိုင် သေလည်းသေနိုင်သည့် ပုဂ္ဂိုလ်တို့ကို ထုတ်ပြပြီး ယင်းပုဂ္ဂိုလ်တို့တွင် အစဆုံးပုဂ္ဂိုလ်၏ ရှုပဘုံ၌ဖြစ်က ရနိုင်သော စိတ်တို့ကိုလည်း မပိုမလိုအောင် ထုတ်ပြခဲ့ပါ။

၄။ မောဒတိ တိဒိဝံ ဂတော [၇] ၌ တိဒိဝံ-အရ ဖြစ်သင့်သော နတ်ဘုံ၏ သက်တမ်းကို နတ်အရေအတွက် လူ့အရေအတွက်ဖြင့် အသီးသီး ဖော်ပြ၍ ထိုဘုံသို့ ရောက်ကြောင်းကံကို ဥက္ကဋ္ဌသြမကအားဖြင့် တိတိကျကျ ဖော်ပြပါ။

၅။ စရဉ္စေ နာဓိဂစ္ဆေယျ [၈] ၌ အလိုရှိအပ်သော လှည့်လည်ခြင်းကို ထုတ်ပြပြီး မိတ်ဆွေ အဖြစ် ရှာမှီးသင့်သော ပုဂ္ဂိုလ်များကို အကြောင်းပြ ဖြေခဲ့ပါ။

၆။ ယံ ပဿေ ဝဇ္ဇဒဿိနံ-၌ ဝဇ္ဇဒဿီပုဂ္ဂိုလ်နှစ်မျိုးကို သိသာရုံ ဖော်ပြပြီး[၉]၊ ဣဓာဓိပ္ပေတ ကို ရေး၍ ယင်းပုဂ္ဂိုလ်ဆုံးမလျှင် မည်သို့ပြန်ကြားရမည်ကို ဥပမာသွင်း၍ ပေးခဲ့ပါ။[၁၀]

၇။ အမိတာဘောဂသူဌေးကြီးများကို ထုတ်ပြပြီးလျှင်[၁၁] ဝိသာခါ၏ အဖိုးအဖွား အမိတို့ ဖွားမြင်ရာ တိုင်းပြည်နှင့်မြို့[၁၂]၊ ဇေတဝန်ကျောင်းအမကြီး၏ အငယ်ဆုံးသမီးအမည်တို့ကို ဖော်ပြခဲ့ပါ။[၁၃]

၈။ ကြိုးကြာသေပြီးနောက် မဏိကာရကုလူပကတိဿထေရ်နှင့် ရွှေထွင်းသမားတို့ ပြောကြသည့် စကားများကို ဂါထာကို ချန်၍ တိုကျဉ်းလိုရင်း ပြည့်စုံအောင် ရေးခဲ့ပါ။[၁၄]

---

၁၊ ဓမ္မပဒ၊ ဌ၊ ၂၊ ၁။ ၂၊ ဓမ္မပဒ၊ ဌ၊ ၂၊ ၄၀။ ၃၊ ဓမ္မပဒ၊ ဌ၊ ၂၊ ၃။
၄၊ ဓမ္မပဒ၊ ဌ၊ ၂၊ ၅၈။ ၅၊ ဓမ္မပဒ၊ ဌ၊ ၂၊ ၁၁၊ ၁၃။ ၆၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၁၂။
၇၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၄၀၇။ ၈၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၉၆။ ၉၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၃၄၇-၈။
၁၀၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၃၄၈။ ၁၁၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၄၃။ ၁၂၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၂၄၃။
၁၃၊ ဓမ္မပဒ၊ ဌ၊ ၁၊ ၉၈။ ၁၄၊ ဓမ္မပဒ၊ ဌ၊ ၂၊ ၂၃။

http://www.dhammadownload.com



၉။ "သင်၏ သူဌေးသည် ဘာကို ချစ်ဖက်သနည်းဟု မေးအပ်သော် ဂန္ဓကုဋိမှ အခြားသော ထိုသူဌေးသည် အထူးချစ်အပ်သောအရာသည် မရှိဟု ကြား၍ ဖြစ်ပါစေ၊ ဂန္ဓကုဋိကို မီးရှို့၍ အမျက်ကို ငြိမ်းစေအံ့ဟု မြတ်စွာဘုရား ဆွမ်းအကျိုးငှာ ဝင်သော် ဂန္ဓကုဋိ၌ မီးကို ပေးပြီ" ဤမြန်မာဘာသာကို ပါဠိဘာသာ ပြန်ဆိုပါ။[၁]

၁၀။ တဿာ ဒီယဘာဝံ အတ္တာနံ မင်္ဂဏသံယဿ ဘတ္တံ ကတွာ ယာဝ သူရိယုဂ္ဂမနာ သမ္ပရိဝတ္တကံ သေမာနော မဟာကုသီတောပိ၊ သုဘောဇနံ ဘုဥ္စိတွာ သိရိသယနေ သယမာနော် ကာမဘောဂီပိ န ဇာနာတိ" ဟူသော ဝါကျကို သဗ္ဗနာမ်ကို ကျနစွာ စွဲ၍ အနက်ပေးခဲ့ပါ။[၂]

* * * * *

## ၁၃၅၇–ခုနှစ်၊ စုဋ္ဌဝါ ပရိဝါ ပါဠိတော်

၁။ ကိံ ပန တွံ အာဝုသော ပရိဿာဝနံ ယာစိယမာနော န အဒါသိ[၃] ၌ ယာစိယမာနော-ပုဒ်၏ အပဓာနကံကို ဆဋ္ဌီဝိဘတ်ဖြင့် နှာ[illegible]လာစဉ်၍ ဇဝံ ဘောတိ ခေါ သဒ္ဓိကာပုတ္တော မာဏဝေါ တောဓိဿ ရာဇကုမာရဿ ပဋိဿုတွာ[၄] ဝါကျ၏ ရှေ့အခြားမဲ့ ဝါကျရှိ ကတ္တားပုဒ်ကို ဝစနတ္ထပြုပါ။

၂။ ပစ္ဆိမံ ဇနတံ တထာဂတော အနုကမ္ပတိ[၅] ၌ ကံပုဒ်၏ ဝိသေသနကို ဝစနတ္ထပြု၍ လိင်၊ ဂိုဏ်း၊ ကာရန်ကို ညွှန်ပြပြီး၊ ယာဝဇီဝံ အာပါဏကောဋိကံ[၆] ၌ နောက်ပုဒ်ကို ဝစနတ္ထပြု၍ အမည်ပေးပြီး လိင်ကိုမျှ ဖော်ထုတ်ခဲ့ပါ။

၃။ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ (ပ) ဥပပန္နာ[၇] ၌ ဖြစ်သင့်သော စကျုဒ္ဓါရိက ဝီထိစိတ်အစဉ်ကိုသာ တိကျပြည့်စုံစွာ ရေးသားပြီး ဘဝဟောင်း၌ နောက်ဆုံး စတုဇရုပ် အသီးသီး၏ဖြစ်ချိန်၊ ဘဝသစ်၌ စတုဇရုပ် အသီးသီး၏စဖြစ်ချိန်၊ ဘဝသစ်၌ ဦးစွာ ရလာသော နာမ်နှင့်ရုပ်တို့ကို တိကျစွာ ရေတွက်ဖြေဆိုပါ။

၄။ ဒေါသန္တရော စာဒေတိ[၈] ၌ အန္တရ အရ တိကျစွာ ကောက်ပြ၍ ယင်းနောက်ဖြစ်သော ဘဝင်စိတ်တို့ကို ပုဂ္ဂိုလ်အားလျော်စွာ ဝေဖန်ဖြေဆိုပြီး၊ န မောဟာဂတိ ဂန္တွာ[၉] ၌ ဂမုဓာတ်အရ ပဓာနစေတသိက်တို့ကိုသာ ရေးခဲ့ပါ။

---

၁၊ ဓမ္မပဒ၊ ၌၊ ၂၊ ၄၀။ ၂၊ ဓမ္မပဒ၊ ၌၊ ၁၊ ၂၈၈-၉။ ၃၊ ဝိ၊ ၄၊ ၂၅၅။ ၄၊ ဝိ၊ ၄၊ ၂၆၆။
၅၊ ဝိ၊ ၄၊ ၂၆၇။ ၆၊ ဝိ၊ ၅၊ ၂။ ၇၊ ဝိ၊ ၃၊ ၃၂၂။ ၈၊ ဝိ၊ ၅၊ ၂၈၀။
၉၊ ဝိ၊ ၅၊ ၂၉၀။

http://www.dhammadownload.com



၅။ ငါသည် ရဟန္တာ၊ တန်ခိုးကြီးသူ၊ ငါ့အား သပိတ်ပေးပါ ဟု ပြောသူများကို ရေး၍[၁]၊ တန်ခိုးဖြင့် သပိတ်ကိုယူသော ပိဏ္ဍောလဘာရဒွါဇအား ဥပမာပေး၍ ကဲ့ရဲ့ပုံကိုရေးပါ။[၂]

၆။ အနာထပိဏ်သူဌေး၏ ဓမ္မစက္ခုဖြစ်ပုံ ဥပမာ+ဖြစ်ပုံအခြင်းအရာတို့ကို ရေး၍[၃]၊ အနုဇာနာမိ ဘိက္ခဝေ ဘိက္ခုဟိ ဘိက္ခုနီနံ ဝိနယံ ဝါစေတုံ-ဟု ခွင့်ပြုရခြင်း၏အကြောင်း အတ္ထုပ္ပတ်ကို သိသာရုံမျှ ရေးပါ။[၄]

၇။ နေဝင်သောအခါ ရဟန်းမတို့ကို ဆုံးမသူအား ပါစိတ်အာပတ်ကို အဘယ်ရဟန်းတို့ အကြောင်းပြု၍ ပညတ်သနည်း[၅]၊ နို့ဓမ်းတောင်းစားသော ရဟန်းမ၏ အာပတ်သည် အဘယ်သမထတို့ဖြင့် ငြိမ်းသနည်း[၆]၊ သူပေါဒနဝိညတ္တိသိက္ခာပုဒ်သည် အဘယ်သမုဋ္ဌာန် ကြောင့်ဖြစ်သနည်း ဖြေဆိုခဲ့ပါ။[၇]

၈။ သမ္မုခါဝိနည်းသည် ကုသိုလ်လော၊ အကုသိုလ်လော၊ အဗျာကတလော ဖြေဆိုပြီး[၈] သမ္ဖပ္ပလာပ၏ ဆန့်ကျင်ဘက် ဝစီသုစရိုက်ကို ရေး၍[၉]၊ ဒဏ္ဍသိက္ခာသမ္မုတိ၏ အစ၊ အလယ် အဆုံးတို့ကို ရေးပါ။[၁၀]

၉။ ကုက္ကုကတံ နာမ အနာဒိယနံ ဝုစ္စတိ၊ သန္နိဓိ နာမ ဒွေ သန္နိဓိယော ကရဏာသန္နိဓိ ဝါ နိစယသန္နိဓိ ဝါ၊ နိဿဂ္ဂိယံ နာမ ကယိရမာနေ အရုဏံ ဥဋ္ဌဟတိ-ကို ကျနစွာ ယောဇနာခဲ့ပါ။[၁၁]

၁၀။ "ထိုအခါ၌ မထင်ရှားသော ရဟန်းမသည် သံဃာဒိသိသ်အာပတ်သို့ ရောက်သည် ဖြစ်၍ မာနတ်ကျင့်နေသူ ဖြစ်၏၊ ထိုအခါ ထိုရဟန်းမအား-ငါသည်ကားတစ်ယောက်တည်း နေခြင်းငှာ မရအပ်၊ အခြားသော ရဟန်းမနှင့်လည်းတကွ ငါသည် နေခြင်းငှာ မရအပ်၊ အဘယ်သို့လျှင် ငါသည် ကျင့်ရာအံ့နည်း" ဟု ဤအကြံဖြစ်၏- ကို ပါဠိစီကုံးပါ။[၁၂]

-* * * * *

## ၁၃၅၇-ခုနှစ်၊ အင်္ဂုတ္တိုရ်ပါဠိတော်

၁။ သဂ္ဂ ဥစ္စာကုလီနတံ [၁၃] ၌ သဂ္ဂ-ကို သမာသဝိဂ္ဂဟပြု၍ သမာသ်အမည်ပေးပြီးလျှင် ၎င်း၌ ဓာတ်ကိုယူ၍ ပဥ္စမီဝိဘတ် အတ္တနောပုဒ်ဖြင့် ကမ္မရုပ် အာချာတပဒမာလာ စဉ်ခဲ့ပါ။

---

၁၊ ဝိ၊ ၄၊ ၂၄၆။ ၂၊ ဝိ၊ ၄၊ ၂၄၇။ ၃၊ ဝိ၊ ၄၊ ၃၀၄။ ၄၊ ဝိ၊ ၄၊ ၄၅၂။ ၅၊ ဝိ၊ ၅၊ ၂၆။
၆၊ ဝိ၊ ၅၊ ၁၄၇။ ၇၊ ဝိ၊ ၅၊ ၁၆၂။ ၈၊ ဝိ၊ ၅၊ ၁၉၁။ ၉၊ ဝိ၊ ၅၊ ၂၂၂။ ၁၀၊ ဝိ၊ ၅၊ ၂၂၇။
၁၁၊ ဝိ၊ ၅၊ ၃၀၇။ ၁၂၊ ဝိ၊ ၄၊ ၄၇၄။ ၁၃၊ အံ၊ ၁၊ ၄၂။

http://www.dhammadownload.com



၂။ ဥစ္စာကုလီနတံ [၁] ၌ ဥစ္စာကုလီန-ကို အစိတ်+အပေါင်း ဝိဂ္ဂဟပြု၍ ဓာတ်၊ ပစ္စည်း၊ တဒ္ဓိတ်အမည်၊ သမာသ်အမည်များကို အသီးသီးခွဲပြပြီးလျှင် ရှေ့ပုဒ်၏ လိင်၊ ဂိုဏ်းကိုလည်း ညွှန်ပြခဲ့ပါ။

၃။ သော ဣမမေဝ ကာယံ ပရိသုဒ္ဓေန စေတသာ ပရိယောဒါတေန [၂] ၌ ကာယံ-အရ တရားများကို ကာမဘုံ၊ ရူပဘုံအားဖြင့် ခွဲခြားကောက်ပြ၍ ကာမဘုံ၌ ဖြစ်သော တရားများကိုလည်း ဖြစ်ကြောင်းအသီးသီးဖြင့် ဝေဖန်ပြခဲ့ပါ။

၄။ ပရိသုဒ္ဓေန စေတသာ [၃] အရ စိတ်ကို ယှဉ်ဘက်နှင့် တွဲစပ်ကောက်ပြ၍ ဉာဏ်ကြီးသူ၏ ယင်းစိတ်ဖြစ်ပုံ ဝီထိကို တိကျစွာ ချပြပြီးလျှင် ယင်းစိတ်ကြောင့် ရောက်နိုင်သော ဘုံများကိုလည်း ရေတွက်ပြခဲ့ပါ။

၅။ စတုက္ကနိပါတ် မဟာဝဂ် အတ္တန္တပသုတ်လာ တောနေရဟန်း ပြည့်စုံရမည့်အကြောင်း တရားလေးမျိုးကို ဖော်ပြ၍[၄]၊ ယင်းအကြောင်းတရားများ မပြည့်စုံဘဲ တောနေခဲ့သော် ဖြစ်ပေါ်လာနိုင်သော အကျိုးတရားများကိုလည်း ပြည့်စုံအောင် ဖော်ပြခဲ့ပါ။[၅]

၆။ သဒ္ဓါတရားနှင့်ပြည့်စုံသော ဥပါသကာ၊ ဥပါသိကာမတို့ ကောင်းစွာ တောင့်တမှု ဖြစ်အောင် တောင့်တလိုသော် မည်သူတို့ကဲ့သို့ ဖြစ်အောင် တောင့်တရမည်ကို အာယာစနသုတ်နှင့်အညီ ဖော်ပြ၍[၆]၊ စင်ကြယ်ကြောင်း အားထုတ်မှု ဝီရိယအစု လေးမျိုးတို့ကို ဟောထားသောသုတ်၏ အမည်ကို ဖော်ပြပါ။

၇။ တရားနှင့်နေလေ့ရှိသော ရဟန်းဟူသည် အဘယ်သို့သော ရဟန်းဖြစ်သည်ကို ယောဓာဇီဝဝဂ် ပဌမဝိဟာရိသုတ်နှင့်အညီ ဖော်ပြ၍[၇]၊ သူတစ်ပါးအား ပြဿနာမေးသူ ဟူသမျှတို့တွင် ပြဿနာမေးကြောင်း ငါးမျိုးအနက် အကြောင်းသုံးမျိုးကိုမျှ အစဉ်တကျ ဖော်ပြပါ။[၈]

၈။ ဘေးဟူသောအမည်သည် အဘယ့်ကြောင့် အဘယ်၏ အမည်ဖြစ်သည်ကို ဖော်ပြ၍[၉]၊ ပူရဏကဿပသည် အဘယ်ကို နီသောအမျိုးဇာတ်ဟု ပညတ်သည်ကို ဖော်ပြခဲ့ပါ။[၁၀]

---

၁၊ အံ၊ ၁၊ ၄၂။ ၂၊ အံ၊ ၂၊ ၂၂။ ၃၊ အံ၊ ၂၊ ၂၂။ ၄၊ အံ၊ ၁၊ ၅၃၁။ ၅၊ အံ၊ ၄၊ ၂၊ ၃၈၂။
၆၊ အံ၊ ၁၊ ၄၈၂။ ၇၊ အံ၊ ၂၊ ၇၇။ ၈၊ အံ၊ ၂၊ ၁၆၈။ ၉၊ အံ၊ ၂၊ ၂၇၄။ ၁၀၊ အံ၊ ၂၊ ၃၇၇။

http://www.dhammadownload.com



၉။ တေ် ခေါ ပရမံ ဉာဏံ၊ တေ် သုခမနုတ္တရံ။
အသောကံ ဝိရဇံ ခေမံ၊ တေ် အာနဏျမုတ္တမံ။ [၁]
ဟူသော ဂါထာကို အနက်မှန်မှန် ပေးပြပါ။

၁၀။ "ရဟန်းသည် ထိုအတိုင်းကျင့်သူအား ကောင်းစွာ ဝဠ်ဆင်းရဲကုန်ရန် ထုတ်ဆောင်တတ်သော နိယျာနိကအအရိယဒိဋ္ဌိဖြင့် သီတင်းသုံးဖော်တို့နှင့် မျက်မှောက်၌လည်းကောင်း၊ မျက်ကွယ်၌လည်းကောင်း အယူတူမျှခြင်းသို့ ရောက်သည်ဖြစ်၍ နေ၏ [၂] ဟူသော မြန်မာဘာသာကို ပါဠိဘာသာ သီကုံးပြပါ။

* * * * *

## ၁၃၅၇-ခုနှစ်၊ ဓမ္မပဒအဋ္ဌကထာ

၁။ တဋ္ဌ ခေါ ကဏာဇကံ ဗိလင်္ဂဒုတိယံ [၃] ဝယ် ဗိလင်္ဂ-၌ ဗိ-အရ ဓာတ်ကိုယူ၍ ဝတ္တမာန် ပရဿပုဒ်ဝိဘတ်ဖြင့် ဖြစ်သင့်သမျှသော ဂိုဏ်းစုံအောင် ကတ္တုရုပ် ပဒမာလာ စဉ်ခဲ့ပါ။

၂။ သဟတ္ထာ နှာပေတွာ [၄] ၌ သဟတ္ထ၊ အထဿ မာတာ လဒ္ဓဂဗ္ဘပရိဟာရာ [၅] ၌ လဒ္ဓဂဗ္ဘပရိဟာရာ-ပုဒ်တို့ကို အစိတ်+အပေါင်း ဝစနတ္ထပြု၍ သဟတ္ထာ၊ သမ္မ ဂန္ဓသေဋ္ဌိနော တေ ဘုဉ္ဇနလိင်္ဂံ ဒိဋ္ဌပုဗ္ဗံ [၆] ၌ တေ၊ ဘုဉ္ဇနလိင်္ဂ-ပုဒ်တို့၏ ကာရကအမည်ကိုလည်း ဖော်ပြခဲ့ပါ။

၃။ ဟိရိနိသေဓော [၇] ၌ ကံပုဒ်အရ ဖြစ်သင့်သော ပရမတ္ထတရားကို ကောက်ပြ၍ ယင်းတရားကို သမ္ပယုတ်၊ ဘုံ၊ အာရုံတို့ဖြင့် ဝေဖန်ခဲ့ပါ။

၄။ ထောကံ ထောကမ္ဘိ အာစိနံ [၈] ၌ ကံပုဒ်အရ ဖြစ်သင့်သမျှသော ပရမတ်တရားကို ကောက်ပြ၍ ယင်းတို့ကို ပြခြင်းကြောင့် ရောက်နိုင်သော ဘုံတို့ကိုလည်း အသီးသီးခွဲခြား ဖော်ပြခဲ့ပါ။

၅။ ကျော်စောထင်ရှား အခြံအရံများသည့် ပုဂ္ဂိုလ်ဖြစ်အောင် ငါ့ရှင်ကျင့်ကြံမည့် တရားများကို ဖော်ပြ၍[၉]၊ နိဂမဝါသီတိဿမထေရ်၏ ဂုဏ်အင်္ဂါများကိုလည်း ဖော်ပြခဲ့ပါ။[၁၀]

၆။ မာတိကာ ဒါယိကာမကြီး နေထိုင်သောတိုင်းနိုင်ငံ၊ ရဟန်းတို့ဟောကြားသောတရား၊ ရရှိသော လောကုတ္တရာတရားတို့ကို ဖော်ပြ၍[၁၁]၊ အသရီရံ ဂုဟာသယံ-၌ အသရီရံ-မည်ခြင်း၏ အကြောင်းကိုလည်း ရေးခဲ့ပါ။[၁၂]

---

၁၊ အံ၊ ၂ ၃၁၁။ ၂၊ အံ၊ ၂ ၂၅၆။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂ ၇။ ၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂ ၅၃။
၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂ ၆၀။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂ ၅၆။ ၇၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂ ၅၄။ ၈၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂ ၁၁၊ ၁၃။
၉၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၅၂ (၃၃၂)။ ၁၀၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၇၉။ ၁၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၈၄-၅။
၁၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၁၉၃။

http://www.dhammadownload.com


၇။ ဝိဋ္ဋဘ-သုက်လာ က္လတိ က္လမေ အဒ္ဓ ဇနေ-၌ ပါဝင်သော ဥပါသကာ ဥပါသိကာတို့၏ သရုပ်ကို ထုတ်ပြ၍[၁]၊ ဆတ္တပါဏိဥပါသကာနှင့် ယင္ဒိကာရတို့၏ ဂုဏ်အင်္ဂါများကို အသီးသီး ထုတ်ပြခဲ့ပါ။[၂]

၈။ စိတ္တသူကြွယ်၏ ကျောင်းဥယျာဉ်အမည်၊ ဆရာစဉ်ဆက်ဘွဲ့အမည်၊ မည်သည့်ဆရာထံမှ မည်သည့်တရားကို ရရှိသည်ဟု ဖော်ပြ၍[၃]၊ အရှင်အနုရုဒ္ဓါ၏ ပံသုကူသက်န်း ချုပ်ရာ၌ ဘုရားရှင်နှင့် တပည့်သာဝကတို့ တာဝန်အသီးသီး ဆောင်ရွက်ပုံကို ပြခဲ့ပါ။[၄]

၉။ "သံက်သက်မှုကား၊ ထိုမလိမ္မာသော၊ ရဟန်းအား၊ အလိုရမ္မက်၊ စသည်တို့သည် (လ၏ တက်ရာအခါ၌) သမုဒ္ဒရာ၏ ရေကဲ့သို့ ခြောက်ဒွါရတို့၌ ဖြစ်ကုန်လျက် တဏှာသည်လည်းကောင်း၊ ကိုးပါးအပြားရှိသော မာန်သည်လည်းကောင်း ပွား၏[၅] " ဤမြန်မာဘာသာကို ပါဠိဘာသာ ပြန်ဆိုပါ။

၁၀။ ဓမ္မပီတိ သုခံ သေတိ၊ ဝိပ္ပသန္နေန စေတသာ။
အရိယပ္ပဝေဒိတေ ဓမ္မေ၊ သဒါ ရမတိ ပဏ္ဍိတော။[၆]
ဟူသော ဂါထာကို အနက်ယောဇနာခဲ့ပါ။

* * * * *

## ၁၃၅၈-ခုနှစ်၊ စူဠဝါ ပရိဝါ ပါဠိတော်

၁။ ထုလ္လစ္စယ ပါရာဇိကော [၇] တို့ကို ပဒစ္ဆေဒပြု၍ နောက်ပုဒ်ကို သန္ဓိရုပ်တွက်ပြီးလျှင် ၎င်းပုဒ်၏ လိင်အားလျော်စွာ အရကောက်ပြပါ။[၈]

၂။ သံယာဒိသေသော[၉] ဥတ္တရိ ဆပ္ပဉ္စဝါစာဟိ [၁၀] တို့ကို အစိတ်အပေါင်း သမာသ်ဝိဂ္ဂဟပြု၍ အမည်ပေးပြီးလျှင် ကောသမ္ဗိယံ [၁၁] ပုဒ်ကိုလည်း တဒ္ဓိတ်ဝိဂ္ဂဟပြုပြပါ။

၃။ န ဟိ နာဂဟတဿ ကုဥ္စရ [၁၂] ၌ နာဂဟတ-အရ ပရမတ္ထတရားကို ကောက်ပြ၍ ယင်းတရား၏ သမ္ပယုတ္တဓမ္မတို့ကို ခွဲခြားဖြေပြီးလျှင် ထိုပရမတ္ထတရား ကိန်းသောသူ၏ သန္တာန်၌ရသော ဝီထိစိတ်နှင့် ကမ္မဇရုပ် ဖြစ်ချိန်၊ မဖြစ်ချိန်၊ ချုပ်ချိန်တို့ကိုလည်း ဖြေဆိုပါ။

---

၁၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၁၆။ ၂၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၄၀။ ၃၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၂၇။
၄၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၈၇-၈။ ၅၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၂၉။ ၆၊ ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၅၉။
၇၊ ဝိ၊ ၅၊ ၂၅၈။ ၈၊ ဝိ၊ ၅၊ ၃၇၅၊ ၄၈၀။ ၉၊ ဝိ၊ ၅၊ ၅၊ ၇။
၁၀၊ ဝိ၊ ၅၊ ၂၃၊ ၆၀။ ၁၁၊ ဝိ၊ ၅၊ ၉၊ ၁၄။ ၁၂၊ ဝိ၊ ၄၊ ၃၅၇။

http://www.dhammadownload.com



၄။ အာရတိ ဝိရတိ ပဋိဝိရတိ ဝေရမဏီ [၁] ၌ ဝေရအရ ပရမတ္ထတရားကို ကောက်ပြပြီးလျှင် ယင်းတရားတို့ကို ကံအားဖြင့်လည်းကောင်း၊ မူလအားဖြင့်လည်းကောင်း၊ ဘုံအားဖြင့်လည်းကောင်း ဝေဖန်ပြပါ။

၅။ အစိကရုဏ်းသရုပ်ကို အစိပ္ပာယ်နှင့်တကွ ဖြေပြီးလျှင်၊ အပလောကနကံ၊ ဉတ္တိကံ၊ ဉတ္တိဒုတိယကံ၊ ဉတ္တိစတုတ္ထကံတို့ဟူသည် အဘယ်ပါနည်း တိကျစွာ ဖြေဆိုပါ။[၂]

၆။ ဒေဝဒတ် အပါယ်ငရဲ၌ ဖြစ်ရခြင်း၊ အသဒ္ဓမ္မတရားတို့ကို ဖြေ၍ အပါယ်ငရဲ၌ မည်မျှကြာမြင့်အောင် ဖြစ်ရသည်ကို ဖြေပြီးလျှင်[၃]၊ သံဃာကွဲပြားခြင်းသည် အဘယ်မျှလောက် အခြင်းအရာဖြင့် ဖြစ်ပါသနည်း သုံးမျိုးထက်မနည်း ဖြေဆိုပါ။[၄]

၇။ စတ္တာရော ကထိနုဒ္ဓါရာ ပုဂ္ဂလာဓိဌာနာ-၌ စတ္တာရော-သရုပ်ကို ထုတ်ဆိုပြီးလျှင်[၅]၊ ကောဝတ္တ အဝန္ဒိယပုဂ္ဂိုလ်ဟူသည် မည်သို့သောပုဂ္ဂိုလ်ဖြစ်ကြောင်း ဖြေဆိုပါ။[၆]

